# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့။ Tuesday, 13 June 2017 (၈၉၅၄)


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## မြန်မာ-အစ္စရေး ဗီဇာကင်းလွတ်ခွင့်သဘောတူ

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အစ္စရေးနိုင်ငံအစိုးရတို့သည် နှစ်နိုင်ငံ၏ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရန် ဆန္ဒရှိသည်ဖြစ်၍ ၂၀၁၇ ခုနှစ် ဇွန် ၁၂ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ်ကို အင်္ဂလိပ်၊ မြန်မာ၊ ဟီဘရူး သုံးဘာသာဖြင့် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းသဘောတူစာချုပ်အရ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ရက် ၉၀ ထက် မကျော်လွန်သည့် နေထိုင်ခွင့် ရရှိမည်ဖြစ်ပြီး နှစ်နိုင်ငံသံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအကြား ခရီးသွားလာရေးကိုလည်း အဆင်ပြေလွယ်ကူချောမွေ့စေမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်



YBS (၅၆) တွင် ပြေးဆွဲလျက်ရှိသည့် Foton ဘတ်စ်ကား။

## YBS (၈၃) ယာဉ်လိုင်းသစ်တွင် Foton ကားသစ်များ ပြေးဆွဲမည်

**ရန်ကုန် ဇွန် ၁၂**

ပြည်ပမှ တင်သွင်းလာသည့် Foton ဘတ်စ်ကားသစ်များဖြင့် YBS (၈၃) ယာဉ်လိုင်းသစ်တစ်လိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

အဆိုပါ ယာဉ်လိုင်းသစ်တွင် Foton ကားသစ်များကိုသာ အသုံးပြုသွားမည်ဖြစ်ပြီး လှိုင်သာယာမြို့နယ် ဒဂုံဈေးအဝေးပြေးမှ ဘုရင့်နောင်လမ်းဆုံ၊ သမိုင်း၊ ရှစ်မိုင် ယင်းမှတစ်ဆင့် ဈေးဝဏ်လမ်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်သို့ ပြေးဆွဲပေးသွားမည်ဟု ၎င်းက ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



**စတော့ဟုမ်း ဇွန် ၁၂။** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ မာဂတ်စ် ဝဲလ်စတောင်းတို့သည် ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**


ယနေ့ မာတိကာ

တောင်သူလယ်သမားများ၏အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး အဆိုတင်သွင်း — ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

ကလေးသူငယ်များ၏ အသက်အရွယ်၊ ဉာဏ်ရည်တို့နှင့် လိုက်လျောညီထွေရှိသော သင်ခန်းစာများကိုသာမက အခြားဆက်စပ်သော ဖွံ့ဖြိုးရေးဘာသာရပ်များသင်ကြားရန် လျာထားဆောင်ရွက်လျက်ရှိ — အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

မြန်မာလူနေထိုင်မှုအခြေအနေစစ်တမ်း ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်သွားမည် — စာမျက်နှာ » ၃



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# နိုင်ငံအတွက် ရလဒ်ကောင်းများဆောင်ကြဉ်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံဝန်ကြီးချုပ်၊ ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်တို့၏ ဖိတ်ကြားချက်များအရ ကနေဒါနှင့်ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်လျက်ရှိသည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါနှင့် ဆွီဒင်နိုင်ငံတို့၏ ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ အဆင့်ဆင့်ပြောင်းလဲ ကျင့်သုံးခဲ့မှုများကို အဆိုပါနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးကာ အမြင်ချင်းဖလှယ်နိုင်ခဲ့သဖြင့် နိုင်ငံအတွက်အကျိုးများသောကောင်းမွန်သည့် ခရီးစဉ်တစ်ခုဟု ဆိုရမည်ဖြစ်သည်။

ခရီးစဉ်အတွင်း ဇွန် ၆ ရက်က ကနေဒါနိုင်ငံ အော်တာဝါမြို့တွင်ပြုလုပ်သော ကနေဒါနိုင်ငံ၌ ကျင့်သုံးလျက်ရှိသည့် ဖက်ဒရယ်စနစ်တွင် တရားရေးမဏ္ဍိုင်၏အခန်းကဏ္ဍနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေးမှတစ်ဆင့် ဖက်ဒရယ်စနစ်၊ လူမှုရေးဆိုင်ရာမူဝါဒများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ ကနေဒါနိုင်ငံမှ ဘာသာရပ်ကျွမ်းကျင်သူများနှင့် ဆွေးနွေးနိုင်ခဲ့သည်။ ထိုသို့ဆွေးနွေးနိုင်ခဲ့သဖြင့် ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်၏ အကျိုးသက်ရောက်မှုရှိသည့် အတွေ့အကြုံများကိုရရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးလုပ်ငန်းစဉ်များအတွက် များစွာအထောက်အကူပြုစေပါသည်။

ဇွန် ၇ ရက်က ကနေဒါနိုင်ငံ အော်တာဝါမြို့တွင် ကနေဒါနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်ရေး၊ အမျိုးသမီးနှင့်လူငယ်များအခန်းကဏ္ဍမြှင့်တင်ရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများပေးအပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ ကူညီပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်မှာ ထူးခြားမှုဟုဆိုနိုင်သည်။

ထို့အပြင် ကနေဒါနိုင်ငံက မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် ကူညီပံ့ပိုးသွားရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ပေးအပ်သွားမည်ဟု ကြားသိခဲ့ရာ မြန်မာနိုင်ငံအပေါ် စာနာထောက်ထားသောအားဖြင့် ကနေဒါနိုင်ငံက စေတနာသန့်သန့်ဖြင့် ကူညီထောက်ပံ့ပေးမှုအဖြစ် ရှုမြင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံအပေါ် ယခုမှကူညီထောက်ပံ့ပေးခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးကတည်းက နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းများရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီဆိတ်သုဉ်းသွားခဲ့သော်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ တစ်လျှောက်လုံးပေးခဲ့ပြီး ယနေ့လက်ရှိ ဒီမိုကရေစီအစိုးရ လက်ထက်တွင် ယခုကဲ့သို့ အကူအညီအထောက်အပံ့ကောင်းများ တိုးတက်ရရှိလာမည်မှာ မလွဲပေ။

သို့ဖြစ်ရာ ကနေဒါနိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခိုင်အမာတည်ထောင်ထားသောနိုင်ငံဖြစ်သလို ဖက်ဒရယ်မှုနှင့်ပတ်သက်သည့် အတွေ့အကြုံကောင်းများစွာရရှိထားသော နိုင်ငံဖြစ်သည်။ ယခုနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကနေဒါနိုင်ငံခရီးစဉ်မှနေ၍ ဖက်ဒရယ်နှင့်ပတ်သက်သော အတွေ့အကြုံများ၊ သင်ခန်းစာများ၊ လေ့လာသင်ယူစရာများ ရရှိလာလိမ့်မည်ဟု ယုံကြည်သည်။ ထိုအတွေ့အကြုံကောင်းများသည် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်လာပေလိမ့်မည်။ ဆက်လက်၍ မြန်မာနိုင်ငံအတွက် သင့်လျော်ကောင်းမွန်ပြီး အားလုံးက သဘောတူလက်ခံနိုင်မည့် ဖက်ဒရယ်စနစ်တစ်ရပ်ကို ရှာဖွေဖော်ထုတ်ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

# ကယားပြည်နယ် လွိုင်ကော်မြို့၌ မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**လွိုင်ကော် ဇွန် ၁၂**

၂၀၁၇ ခုနှစ် ကယားပြည်နယ် မိုးရာသီ သစ်ပင်စိုက်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက လွိုင်ကော်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သစ်ပင်စိုက်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် ကယားပြည်နယ်အတွင်း သစ်တောသစ်ပင်များ စိုက်ပျိုးတည်ထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် ပြည်သူများအား အသိပေးနှိုးဆော်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကယားပြည်နယ်အနေဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်ကို ပြသသည့်အခမ်းအနားဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မိုးရာသီ၌ ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပျိုးပင်ပေါင်း တစ်သိန်းခွဲကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စီမံချက်အရ ကဏ္ဍ(၅)ရပ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တစ်ရွာတစ်ဧက စိုက်ပျိုးခြင်း အပင် ၂၁၀၀၀၊ တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးခြင်း ၂၁၇၃၈ ပင်၊ တစ်အိမ်ထောင်သစ်မာ အပင် ၂၀ စိုက်ပျိုးခြင်းအတွက် အပင် ၂၄၉၂၀၊ လမ်းဘေးဝဲ၊ ယာ ကျွန်းစိုက်ပျိုးခြင်း အပင် ၁၁၃၀၀၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုသို့ ဖြန့်ဝေခြင်း ၇၁၀၄၂ ပင် စုစုပေါင်း ပျိုးပင်မျိုးစုံ တစ်သိန်းခွဲကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် သစ်ပင်စိုက်ပွဲ တက်ရောက်လာသူများက ကျွန်း ၇၈ ပင်၊ မဟော်ဂနီ ၁၇ ပင်၊ ဆီသပြေငါးပင်၊ ပိတောက် သုံးပင်၊ ရင်းမာ ၄၃ ပင်၊ ရေသင်းဝင် ၄၃ ပင်၊ ခါတော်မီ ၅၃ ပင်၊ စိန်ပန်းနီ ၄၂ ပင်၊ စိန်ပန်းပြာ အပင် ၄၀ စုစုပေါင်း ၃၂၄ ပင်ကို တပျော်တပါး စိုက်ပျိုးကြပြီး အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နယ်လှည့်လှုပ်ရှား အသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်



**ပွင့်ဖြူ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူအများ အသိပညာဗဟုသုတ တိုးပွားရရှိစေရန် ရည်ရွယ်၍ နယ်လှည့်လှုပ်ရှား အသိပညာပေး လုပ်ငန်းကွင်းဆင်းဆောင်ရွက်မှုကို ဇွန် ၁၁ ရက် နံနက်ပိုင်းက မဒဲကျေးရွာ ရွာလယ်ဓမ္မာရုံအနီး၌ ကျင်းပခဲ့သည်။

အဆိုပါ နယ်လှည့်လှုပ်ရှားကွင်းဆင်းဆောင်ရွက်မှုကို မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင် ဦးဆောင်သောဝန်ထမ်းများက မူးယစ်ဆေးဝါးအန္တရာယ် သိကောင်းစရာများ နံရံကပ်စာစောင်ပြသခြင်း၊ နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများဆောင်ရွက်မှု ဓာတ်ပုံပြပွဲပြသခြင်း၊ ကလေးစာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ရာ ကျေးရွာနေ ဒေသခံပြည်သူ ၁၅၀ ခန့်တက်ရောက်၍ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်(ရွှေဈေး) ၉၀၉၀၀၀ - ၉၀၉၀၀၀

မန္တလေး(ရွှေဈေး) ၉၀၉၀၀၀ - ၉၀၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၅၀ ကျပ်၊ | ၈၃၀/၈၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၁၀ ကျပ်၊ | ၇၂၀/၇၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၂၀ ကျပ်၊ | ၇၁၅/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၀၀/၆၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၂၀/၆၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၁၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၃၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၇၇၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၇၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၉၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၉. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၃၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၈. ၉၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တောင်၊ အရှေ့တောင်အာရှ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ဖွင့်

**ကူမင်း ဇွန် ၁၂**
၂၀၁၇ ခုနှစ် တောင်၊ အရှေ့တောင်အာရှ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ထန်ချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ ပြတိုက်ခန်းမ(၇)၌ ကျင်းပသည်။

အခမ်းအနားသို့ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ တောင်၊ အရှေ့တောင်အာရှနိုင်ငံများမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများ၊ အစိုးရကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယူနန်ပြည်နယ် အထွေထွေအတွင်းရေးမှူး မစ္စတာချိန်ဟောင်က အမှာစကားပြောကြားပြီး တရုတ်နိုင်ငံအခြေစိုက် ပါကစ္စတန်ကောင်စစ်ဝန်ချုပ်နှင့် လာအိုနိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ယခုနှစ် ကုန်စည်ပြပွဲသည် (၂၅)ကြိမ်မြောက်ကုန်စည်ပြပွဲဖြစ်ပြီး တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအားလုံး တစုတစည်းတည်း ကုန်စည်ပြပွဲကျင်းပခြင်းဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ်ကုန်စည်ပြပွဲတွင် စက်မှုကုန်ကြမ်းထုတ်ကုန်များ၊ဆေးဝါးထုတ်ကုန်များကို ပြသထားပြီး ပညာရေးဆိုင်ရာပြခန်းများကိုလည်း ထည့်သွင်းပြသထားသည်။ ယခုကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၃၄ ခန်း ပါဝင်ပြသပြီး စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁၂၀ ကျော်တက်ရောက်ကြသည်။

မြန်မာနိုင်ငံမှ ပြခန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးကြပ်ဦးဆောင်၍ မြန်မာ့ထွက်ကုန်များကို ပြသခဲ့ကြသည်။ မြန်မာနိုင်ငံပြခန်းများတွင် အဓိကအားဖြင့် လက်မှုလုပ်ငန်း အချောထည်များ၊ တွင်းထွက်ကျောက်မျက်ရတနာများဖြစ်ကြသည့် ကျောက်စိမ်း၊ ပတ္တမြားနှင့် အခြားအဖိုးတန်ကျောက်များ၊ မြန်မာ့ပုလဲနှင့် အခြားလူသုံးကုန်များ၊လယ်ယာထွက်ကုန်ပစ္စည်းများကို ပြသရောင်းချလျက်ရှိသည်။ ကုန်စည်ပြပွဲကို ဇွန် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ-သန်းဦး(လေးမျက်နှာ)**

# ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဇွန် ၁၂**
ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းစာပေ ပေ၊ ပုရပိုက်များစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖေဖော်ဝါရီ ၂၃ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ ပေ၊ ပုရပိုက်စုဆောင်းထိန်းသိမ်းရေးအဖွဲ့ကို မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများနှင့် မြန်မာနိုင်ငံတွင်း ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းထားသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အဖွဲ့ကြီး၏ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပေး ဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ထို့နောက် ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌ စည်သူဒေါက်တာ ဦးသော်ကောင်းက ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ပေ၊ ပုရပိုက်များ စုဆောင်း ထိန်းသိမ်းရေးအဖွဲ့မှ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးဒေါက်တာ ကေသီထွေးက ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက နိုင်ငံတွင်းရှိ ပေ၊ ပုရပိုက်နှင့် ကျောက်စာများကို စုဆောင်းရရှိနိုင်မည့် နည်းလမ်းများ၊ လက်ဆင့်ကမ်းထိန်းသိမ်းမည့်သူများအား ဖြည့်ဆည်းခန့်ထားပေးရန် ကိစ္စရပ်များ၊ ရှေးဟောင်းစာပေများ၊ လက်ရေးစာများမှ အကြောင်းအချက်များ ထုတ်ယူနိုင်ရေး၊ စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေနိုင်ရန်နှင့် ဌာနအသီးသီးရှိ ပေ၊ ပုရပိုက်စာရင်းများပြုစု၍ အဖွဲ့သို့ ပေးပို့နိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## မြန်မာလူနေထိုင်မှုအခြေအနေစစ်တမ်း ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်သွားမည်

**ရန်ကုန် ဇွန် ၁၂**
၂၀၁၆-၂၀၁၇ ခုနှစ် မြန်မာလူနေထိုင်မှုအခြေအနေစစ်တမ်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ကောက်ယူခဲ့ရာ ဒီဇင်ဘာလတွင် ပြီးဆုံးမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်-မြန်မာနိုင်ငံ (UNDP)ရုံး၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည့် အစည်းအဝေးမှ သိရသည်။

အဆိုပါ လူနေမှုစစ်တမ်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစ၍ ကမ္ဘာ့ဘဏ်နှင့် UNDPတို့၏ ငွေကြေး၊ နည်းပညာပံ့ပိုးမှုများနှင့်အတူ ဗဟိုစာရင်းအင်းအဖွဲ့မှတာဝန်ရှိသူများနှင့်အတူ အိမ်ထောင်စုများ၏ ဝင်ငွေ၊ ထွက်ငွေ၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် လျှပ်စစ်မီးရရှိမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျား/မ ဦးရေ၊ ဆင်းရဲ၊ ချမ်းသာမှုသာမက လူနေမှုအဆင့်အတန်း၊ ကလေးများ ကျောင်းနေမှုစသည့် ဖွံ့ဖြိုးမှုချဉ်းကပ်သည့် ဘက်ပေါင်းစုံအမြင်များဖြင့် လေးလတစ်ကြိမ်ကောက်ယူကာ ပြည်သူများ၏ အသံများမှတစ်ဆင့် အနာဂတ်ဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များ၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး UNSDG ပြည့်မီရေး ပိုမိုကောင်းမွန်သော မူဝါဒများ ချမှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုကိုလွှမ်းခြုံသော မြို့နယ်နှင့် မြို့နယ်ခွဲ ၃၅၅ မြို့နယ်မှ မြို့ပြနှင့် ကျေးလက်ဒေသရှိ အိမ်ထောင်စုပေါင်း ၁၄၀၀၀ ခန့်၏ လူနေထိုင်မှုအခြေအနေစစ်တမ်းများ ကောက်ယူကာ ၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး အနာဂတ်ဖွံ့ဖြိုးမှုအတွက် အစီအစဉ်များကို မီဒီယာများမှတစ်ဆင့် ပြည်သူများသို့ အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်သည် နိုင်ငံတကာမိတ်ဖက်များနှင့်အတူ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များရရှိမှု အနည်းဆုံး ၇၈ နိုင်ငံ၌ ကြီးမားသည့် လစ်ဟာမှုများနည်းပါးစေရန် သုံးနှစ်တစ်ကြိမ် အိမ်ထောင်စုအဆင့် စစ်တမ်းများ ကောက်ယူလျက်ရှိရာ ပထမအကျော့အနေဖြင့် ၂၀၂၀ ပြည့်နှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၀၅ ခုနှစ်မှစ၍ ငါးနှစ်တစ်ကြိမ် ကောက်ယူခဲ့သည့် IHLC စစ်တမ်းနှင့် HIES ဟုခေါ်သည့် ဝင်ငွေ/ထွက်ငွေစစ်တမ်းများကို ပေါင်းစည်း၍ ၂၀၁၄ ခုနှစ် သန်းခေါင်းစာရင်းအားအခြေခံကာ ကောက်ယူခဲ့ကြောင်း၊ ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ (UNSDG-2030) ပြည့်မီစေရန်နှင့် ငွေဖောင်းပွမှုနှုန်း၊ စားသုံးသူညွှန်းကိန်းများအတွက် မှန်ကန်သည့် အချက်အလက်များရရှိစေရေး၊ ပုဂ္ဂလိကစားသုံးမှုအခြေအနေများကို ကောက်ခံပြီး သယံဇာတခွဲဝေမှုများကိုပါ တွက်ချက်နိုင်ရန်နှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန်လည်း ရည်ရွယ်ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်မှစ၍ အိမ်ထောင်စုပေါင်း ၁၃၈၂၄ စု၏ လူနေမှုစစ်တမ်းကို ကောက်ယူခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ CSO ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝါဝါမောင်က ပြောသည်။

"မြန်မာလူနေထိုင်မှုအခြေအနေစစ်တမ်းမှာ ကျား/မ ဦးရေ၊ အသက်အရွယ်၊ ဘယ်လိုစားသောက်ကြလဲ၊ ဝင်ငွေဘယ်ကရလဲအထိ စသဖြင့် မေးခွန်းတွေကို ရှုထောင့်ပေါင်းစုံကနေ မေးတာမို့ ၃၆၀ ဘက်ပေါင်းစုံအမြင် ကွင်းဆင်းစာရင်းကောက်ခံမှုလို့ ဆိုပါတယ်။ အဲဒီမှတစ်ဆင့် ပြည်ထောင်စုရဲ့ အဆင်းရဲဆုံးဒေသမှာရှိနေတဲ့ ပြည်သူတွေကို ဖွံ့ဖြိုးဖို့အတွက် ဘယ်လိုမြှင့်တင်ဖြည့်ဆည်းပေးနိုင်ဖို့ အစိုးရအနေနဲ့ ဘယ်လိုမူဝါဒတွေ ချမှတ်ဆောင်ရွက်သွားမှာလဲဆိုတာမျိုးတွေလုပ်ဖို့ ဒီရိပို့ကို အကြိမ်ကြိမ်ဖြတ်ပြီး သုံးနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်မက ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှာ ပညာရှင်တွေ၊ သုတေသနလုပ်သူတွေက ဒီရိပို့က အချက်အလက်တွေကို အကြိမ်ကြိမ်ဖြတ်ယူအသုံးပြုနိုင်မှာဖြစ်ပါတယ်"ဟု ကမ္ဘာ့ဘဏ်(မြန်မာ)၏ အကြီးတန်းစီးပွားရေးပညာရှင် Mrs. Reena Badiani-Magnusson ကပြောသည်။

ဇွန် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး သဲဖြူချောင်းကျေးရွာ နေထိုင်မှုအခြေအနေစစ်တမ်းကို ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ❖ ရွှေ့ဖုံးမှ

"အခုဆိုရင် ယာဉ်လိုင်းပေါင်း ၈၆ လိုင်းလောက် ရှိပါတယ်။ ၈၃ ယာဉ်လိုင်းကိုတော့ Foton ကားသစ်တွေနဲ့ပဲ ပြေးဆွဲမှာဖြစ်ပါတယ်။ ကျန်တဲ့ကားသစ်တွေကိုလည်း လိုအပ်ချက်ရှိတဲ့ လိုင်းတွေနဲ့ လိုအပ်သလို ထပ်တိုးချဲ့မယ့်လိုင်းတွေမှာ ပြေးဆွဲပေးပါမယ်။ အခု ၈၃ ယာဉ်လိုင်းကတော့ လှိုင်သာယာအခြေပြုပြီး ဒဂုံဆိပ်ကမ်းကို ပြေးဆွဲမှာပါ။ ယာဉ်အစီးရေကတော့ ၇၀ နဲ့ ၁၀၀ ကြား ထည့်သွင်းပြေးဆွဲမယ်လို့ သိရပါတယ်"ဟု ဒေါက်တာမောင်အောင် က ပြောသည်။

အဆိုပါယာဉ်လိုင်းသစ်၏ ယာဉ်စီးခနှုန်းထားကို ၂၀၀ ကျပ် သတ်မှတ်ထားပြီး ယာဉ်အစီးရေ ၇၀ ကျော်ဖြင့် ယခုတစ်ပတ်အတွင်း ပြေးဆွဲသွားမည်ဟု သိရသည်။ ယင်းသို့ ယာဉ်သစ်များဖြင့် ၈၃ ယာဉ်လိုင်းကို ပြေးဆွဲသွားမည်ဖြစ်သည့်အပြင် ယခင်ရှိရင်းစွဲ ယာဉ်ဟောင်းများဖြင့်လည်း ၈၅ ယာဉ်လိုင်းကို လှိုင်သာယာမြို့နယ်အခြေပြုကာ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ Foton ခရီးသည်တင်ဘတ်စ်ကားများကို ဘက်စုံမြင်ကွင်းကုမ္ပဏီမှ တင်သွင်းလာခြင်းဖြစ်ပြီး အဆိုပါကုမ္ပဏီအနေဖြင့် ယခင်က မေတ္တာလှိုင်းယာဉ်လိုင်းများကို ပြေးဆွဲခဲ့သည်။ ယခု Foton ယာဉ်များကို အစီး ၁၀၀၀ တင်သွင်းလာခဲ့ပြီး အစီးရေ ၄၀၀ ခန့် ရောက်ရှိနေပြီဖြစ်ကာ လက်ရှိတွင် YBS ၂၀ နှင့် ၅၈ ယာဉ်လိုင်းတို့တွင် ယာဉ်သစ်များ ထည့်သွင်းပြေးဆွဲလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**သတင်း - ဝဝ၁၊ ဓာတ်ပုံ - ဆုနှင်းလှဲ့**

■

## လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ M.Y Associates အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂**
ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် M.Y Associates အဖွဲ့နှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် MPE ယူရီးယားဓာတ်မြေသြဇာစက်ရုံငါးခု၏ လည်ပတ်နေမှုအခြေအနေများ၊ အမှတ်(၄)နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံများအပေါ် သုံးသပ်ချက်များကို ရှင်းလင်းတင်ပြပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဖိလစ်ပိုင်နိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မာရာဝီမြို့၌ ဗုံးပေါက်ကွဲသံများ ပေါ်ထွက်ခဲ့

မနီလာ ဇွန် ၁၂

**ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ စစ်သွေးကြွတို့ ထိန်းချုပ်ထားသော မာရာဝီမြို့၌ ဇွန် ၁၂ ရက်က ဗုံးပေါက်ကွဲသံများ ပေါ်ထွက်ခဲ့ကြောင်း၊ နိုင်ငံတစ်ဝန်းတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနေချိန်အတွင်း ဗုံးပေါက်ကွဲသံများ ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။**




လွန်ခဲ့သည့် ရက်သတ္တပတ်သုံးပတ်က စစ်သွေးကြွများ၏ တိုက်ခိုက်မှုကို ခံခဲ့ရသော မာရာဝီမြို့၌ ခိုအောင်းနေသော စစ်သွေးကြွ တိုက်ခိုက်ရေးသမား ရာပေါင်းများစွာကို ရှင်းလင်းနိုင်ရန် ဖိလစ်ပိုင်တပ်မတော်က စစ်ဆင်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်နေစဉ်မှာပင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပနေချိန်အတွင်း စစ်သွေးကြွများ ပုန်းခိုရာနေရာများကို ဖိလစ်ပိုင်လေတပ်မှ အိုဗီ-၁၀ တိုက်ခိုက်ရေးလေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ထိုစဉ်အတွင်း မာရာဝီမြို့အား စစ်သွေးကြွများက သိမ်းပိုက်ထားမှု အဆုံးသတ်စေရေးအတွက်အမေရိကန်အစိုးရအဖွဲ့ထံမှ မိမိအကူအညီတောင်းခံခဲ့ခြင်း မရှိဟု သမ္မတ ရိုဒရစ်တို ဒူတာတေးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင် အစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ မိမိတို့ အကူအညီပေးခဲ့ကြောင်း အမေရိကန်က ပြောကြားခဲ့ပြီး နောက်တစ်ရက်အကြာတွင် သမ္မတဒူတာတေးက ကာဂါယန် ဒီအော်ဒိုစီးတီး၌ ဇွန် ၁၁ရက်က ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် တုံ့ပြန်ပြောကြားခဲ့သည်။ အဆိုပါမြို့သည် စစ်သွေးကြွတို့ ထိန်းချုပ်ထားသော မာရာဝီမြို့မှ ကီလိုမီတာ ၁၀၀ ခန့် (၆၂မိုင်) အကွာတွင် တည်ရှိသည်။

မိမိသည် အမေရိကန်ထံမှ အကူအညီတောင်းခံခဲ့ခြင်း မရှိဟု သမ္မတဒူတာတေးက ပြောကြားသည်။

### သိခဲ့ရ

မင်ဒါနာအိုကျွန်းရှိ မာရာဝီမြို့အား ထိန်းချုပ်ထားသည့် အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်) လိုလားသော စစ်သွေးကြွများကို တိုက်ခိုက်နိုင်ရေးအတွက် အမေရိကန်ထောက်လှမ်းရေး လေယာဉ်များက အကူအညီပေးခဲ့သည်ဟု မိမိ သိရှိခဲ့ရကြောင်း သမ္မတ ဒူတာတေးက ပြောကြားသည်။

မာရာဝီမြို့၌ပြုလုပ်သည့် စစ်ဆင်ရေးလုပ်ငန်းအတွက် အမေရိကန်တပ်ဖွဲ့များက နည်းစနစ်ပိုင်းဆိုင်ရာ အကူအညီပေးလျက်ရှိကြောင်း၊ သို့ရာတွင် မည်သည့် အမေရိကန်တပ်ဖွဲ့ဝင်မျှ ရှေ့တန်းစစ်မျက်နှာပြင်တွင် ရှိမနေကြောင်း ဖိလစ်ပိုင် တပ်မတော်က ဇွန် ၁၀ရက်တွင် ပြောကြားခဲ့သည်။ ထိုစဉ်အတွင်း ဖိလစ်ပိုင် အစိုးရ၏ မေတ္တာရပ်ခံချက်အရ မိမိတို့ အကူအညီပေးနေသည်ဟု မြို့တော်မနီလာရှိ အမေရိကန်သံရုံးက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အမေရိကန်လိုလားသော ဖိလစ်ပိုင် တပ်မတော်က အမေရိကန်ထံမှ စစ်ရေးအကူအညီကို တိုက်ရိုက်တောင်းခံခဲ့ခြင်း ရှိ၊ မရှိ အတိအကျ မသိရပေ။

### ကိုင်စွဲ

သမ္မတ ဒူတာတေးသည် ဖိလစ်ပိုင် နိုင်ငံအတွင်းရှိ အမေရိကန်စစ်သင်တန်းမှူးများနှင့် စစ်ရေးအကြံပေးများကို လက်ခံခြင်း မပြုလိုတော့ဟု လွန်ခဲ့သည့် တစ်နှစ်က အာဏာရရှိခဲ့စဉ် ပြောကြားခဲ့ဖူးသည်။ ဒူတာတေးသည် သမ္မတအဖြစ် တာဝန်ယူခဲ့စဉ်က အမေရိကန်အစိုးရအား ရန်လိုသည့် သဘောထား ရပ်တည်ချက်ကို ကိုင်စွဲခဲ့သူဖြစ်သည်။ **ရိုက်တာ။**

## ဝန်ကြီးချုပ် ဇနီးမောင်နှံအား နစ်နာကြေးပေးရန် သတင်းထောက်တစ်ဦးကို အစ္စရေးတရားရုံးဆုံးဖြတ်

**ဂျေရုဆလင် ဇွန် ၁၂**

ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့်၎င်း၏ဇနီးဆာရာတို့အား အသရေဖျက်မှုဖြင့် အစ္စရေးတရားရုံးတော်က သတင်းထောက်တစ်ဦးကို ငွေကြေး ရှက်ကယ်လ် ၁၁၅၀၀၀ (အမေရိကန်ဒေါ်လာ ၃၂၅၀၀ ခန့်) နစ်နာကြေး ပေးဆောင်ရန် အမိန့်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် ဇနီး မောင်နှံအား အသရေဖျက်မှုဖြင့် ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံရသူမှာ အစ္စရေးနိုင်ငံ၏ ထိပ်တန်း သတင်းစာကြီး တစ်စောင်ဖြစ်သော "ယေဒိုအာရိုနော့"သတင်းစာတိုက်မှ အကြီးတန်း သတင်းထောက်ဆာနားဆိုသူဖြစ်သည်။ အဆိုပါ သတင်းစာတိုက်သည် ဝန်ကြီးချုပ်နေတန်ယာဟုအား ဝေဖန်ရေးသားလေ့ရှိသော သတင်းစာ ဖြစ်သည်။

ဝန်ကြီးချုပ် ဇနီးမောင်နှံသည် တဲလ်အဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ မော်တော်ကားတစ်စီးဖြင့် ညဘက်ခရီးသွားလာခဲ့ရာတွင် ဆာရာက နေတန်ယာဟုအား ခြေထောက်ဖြင့်ကန်ကျောက်ခဲ့သည်ဟု သတင်းထောက် ဆာနားက ဖေ့စ်ဘွတ်တွင် ရေးသားလွှင့်တင်ခဲ့သည်။

ဝန်ကြီးချုပ်နှင့် ဇနီးမောင်နှံတို့က သတင်းထောက်ဆာနား၏ ရေးသားလွှင့်တင်မှုကို မကျေနပ်သဖြင့် တရားစွဲဆိုကာ နစ်နာကြေး ရှက်ကယ်လ် ၂၈၀၀၀၀ (အမေရိကန် ဒေါ်လာ ၇၉၂၀၀ ခန့်) တောင်းဆိုခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိမိတွင် သတင်းရင်းမြစ်တစ်ခုရှိသည်ဟု ဆာနားက တရားရုံးတော်တွင် ထုချေခဲ့သော်လည်း ဖေ့စ်ဘွတ်တွင်ရေးသားလွှင့်တင်ချက်သည် ဝန်ကြီးချုပ် ဇနီးမောင်နှံအား သိက္ခာကျစေရန် ရည်ရွယ်သဖြင့် အပြစ်ရှိသည်ဟု တရားရုံးတော်က ဆုံးဖြတ်ခဲ့သည်။ **ဆင်ဟွာ။**



## ကွန်ဂိုတွင် အကျဉ်းထောင်တစ်လုံးကို သေနတ်သမားများတိုက်ခိုက် ၁၁ ဦးသေဆုံး၊ အကျဉ်းသား ၉၀၀ ကျော် လွတ်မြောက်

ဘီနီ ဇွန် ၁၂

**ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အနောက်မြောက်ပိုင်း ဘီနီမြို့ရှိ အကျဉ်းထောင်တစ်လုံးကို ဇွန် ၁၁ ရက်က တိုက်ခိုက်ရေးသမားများက စီးနင်းတိုက်ခိုက်ရာ လူ ၁၁ ဦးသေဆုံးပြီး အကျဉ်းသား ၉၃၀ ထွက်ပြေးလွတ်မြောက်သွားကြောင်း ယင်းပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။**

လွန်ခဲ့သည့်လမှ ယခုအချိန်အထိ ကွန်ဂိုနိုင်ငံတွင် အကျဉ်းထောင်ဖောက်မှု လေးကြိမ်ထက်မနည်းဖြစ်ပွားခဲ့သည်။ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလက သမ္မတ ဂျိုးဇက်ကာဘီလာသည် ရာထူးသက်တမ်းကုန်ဆုံးချိန်တွင် ရာထူးမှ နုတ်ထွက်ပေးရန် ငြင်းဆန်ခဲ့ပြီးနောက် ကွန်ဂိုနိုင်ငံတွင် လုံခြုံမှုမရှိသည့် အခြေအနေကို မီးမောင်းထိုးပြနေသည်။

အကျဉ်းထောင်အား တိုက်ခိုက်ခဲ့သူများသည် လက်နက်အပြည့်အစုံ တပ်ဆင်ထားပြီး တိုက်ခိုက်မှုအတွင်း အကျဉ်းထောင် လုံခြုံရေး ရှစ်ဦး သေဆုံးခဲ့ရကြောင်း မြောက်ပိုင်း ကီဗူးပြည်နယ် အုပ်ချုပ်ရေးမှူး ဂျူလီယံပါလူကူကပြောကြားသည်။ကွန်ဂိုစစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ ဝင်များက လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အကျဉ်းသားများသည် ဇွန် ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် စတင်ထွက်ပြေးကြကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ပါလူကူက ပြောကြားသည်။

### ကျန်ရှိ

အကျဉ်းထောင် အဆောက်အအုံအတွင်း အကျဉ်းသား ၃၀ ခန့်ကျန်ရှိနေပြီး အကျဉ်းထောင် အဆောက်အအုံနှင့် ဘီနီမြို့ဝန်းကျင်တွင် သတ်မှတ်ချိန်အတွင်း နေအိမ်အပြင်မထွက်ရအမိန့်ထုတ်ပြန်ထားကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ ဘီနီမြို့ဝန်းကျင်တွင် ခိုင်မိုင်အုပ်စုများဟု လူသိများသည့် ပြည်သူ့စစ်အုပ်စုများစွာရှိသည့်အတွက် အကျဉ်းထောင်အား တိုက်ခိုက်ခဲ့သူများမှာ မည်သည့် အဖွဲ့အစည်းမှဖြစ်ကြောင်း ရှင်းလင်းစွာ မသိရှိရသေးကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့်လအတွင်းက မြို့တော်ကင်ရှာဆာရှိ လုံခြုံရေးတင်းကျပ်သည့် အကျဉ်းထောင်တစ်လုံးမှ အကျဉ်းသား ၄၀၀၀ ခန့်လွတ်မြောက်ခဲ့သည့် တိုက်ခိုက်မှုအပြီးတွင် ကွန်ဂိုအစိုးရက ခွဲထွက်ရေးဝါဒီများကို ပြစ်တင်စွပ်စွဲခဲ့သည်။ **ရိုက်တာ။**

## ပင်လယ်ကွေ့နိုင်ငံများမှ အလုပ်သမားများ ကာတာတွင် ဆက်လက်နေထိုင်နိုင်ဟုဆို

**ဒိုဟာ ဇွန် ၁၂**

အိမ်နီးချင်း ပင်လယ်ကွေ့နိုင်ငံများနှင့် တင်းမာမှုများ ရှိနေသော်လည်း ကာတာနိုင်ငံသည် အဆိုပါနိုင်ငံများမှ နိုင်ငံခြားသား အလုပ်သမားများ လွတ်လပ်စွာ နေထိုင်နိုင်ကြောင်း ဇွန် ၁၁ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။ ပင်လယ်ကွေ့ဒေသနိုင်ငံများနှင့် နောက်ထပ်တင်းမာမှုများ မမြင့်မားစေရန် ရှောင်လွှဲလိုသည့် လုပ်ဆောင်မှုအဖြစ် ယင်းနိုင်ငံများမှ အလုပ်သမားများကို ပြည်နှင်ခြင်း မရှိကြောင်း၊ ပင်လယ်ကွေ့ဒေသနိုင်ငံများက ကာတာနှင့် သံတမန်ဆက်ဆံမှုများကို မကြာသေးမီက ရပ်ဆိုင်းပစ်ခဲ့သော်လည်း ကာတာနိုင်ငံရှိ နိုင်ငံခြား အလုပ်သမားများကို တည်ရှိဆဲ ဥပဒေစည်းမျဉ်းများနှင့်အညီ ဆက်ဆံသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

### ဆန့်ကျင်

ညီရင်းအစ်ကိုနှင့် မိတ်ဆွေရင်းချာ နိုင်ငံများက ကာတာနိုင်ငံနှင့် သံတမန်ဆက်ဆံမှု ဖြတ်တောက်ခြင်း သို့မဟုတ် အဆင့်လျှော့ချခြင်းများ ပြုလုပ်ပြီး မလိုမုန်းထားမှုနှင့် အပြင်းအထန် ဆန့်ကျင်မှုများ ပြုလုပ်ခြင်းအား ကာတာနိုင်ငံက ဆန့်ကျင်ကြောင်း၊ ယင်းနိုင်ငံများမှ နိုင်ငံသားများအပေါ် မူဝါဒပြောင်းလဲမည်မဟုတ်ကြောင်း ကာတာအစိုးရ သတင်းဌာနက ထုတ်ပြန်သည်။

**ရိုက်တာ။**



## ထိုင်းတောင်ပိုင်း၌ သေနတ်ပစ်ခတ် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ဗန်ကောက် ဇွန် ၁၂**

ထိုင်းနိုင်ငံတောင်ပိုင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပတ္တာနီပြည်နယ်တွင် ဇွန် ၁၁ ရက် ညက ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အသက်(၃၀)အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် ၎င်း၏ သူငယ်ချင်းတို့ မော်တော်ဆိုင်ကယ်ဖြင့် သွားလာနေစဉ် ဆိုင်ကယ်များဖြင့် လိုက်ပါလာသူနှစ်ဦးက သေနတ်ဖြင့် အနီးကပ် ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လူသတ်သမားများ၏ ပစ်ခတ်မှုကြောင့် ယင်းအမျိုးသား၏ ခန္ဓာကိုယ်နှင့် ခြေထောက်တို့တွင် ဒဏ်ရာရရှိကာ အခင်းဖြစ်ပွားရာ၌ပင် သေဆုံးသွားခဲ့သည်။ ၎င်း၏ သူငယ်ချင်းဖြစ်သူမှာ သေနတ်သုံးချက်အပစ်ခံရပြီး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း၊ မန်နေဂျာအွန်လိုင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဝေးပြေးလမ်းတစ်ခုအနီးရှိ ဗလီရှေ့တွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း၊ စီးပွားရေးပဋိပက္ခတစ်ခုကြောင့် သို့မဟုတ် နိုင်ငံတောင်ပိုင်းရှိ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဖြစ်ပွားနိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ။**

# တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ပေးရေး အဆိုတင်သွင်း

**နေပြည်တော် ဇွန် ၁၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းရှစ်ခုမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ တစ်ခု အတည်ပြုခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း တစ်ခု လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ဒက္ခိဏသီရိမြို့နယ် ကိုင်းပလွေးသစ်တောကြိုးဝိုင်းနှင့် စိန်တစ်လုံးသရက်ဖုန် စီမံကိန်းအတွက် သိမ်းဆည်းခံမြေများနှင့်ပတ်သက်၍ သိမ်းယူခဲ့သည့် ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်၊ အဆိုပါ စီမံကိန်းသည် ဒေသအတွက် အကျိုးပြု၊ မပြုနှင့် ဆောင်ရွက်ရန် ကျန်ရှိသောမြေများနှင့် သိမ်းဆည်းမခံခဲ့ရသောမြေများအား တောင်သူများကို တရားဝင်လုပ်ပိုင်ခွင့် သို့မဟုတ် သစ်တောဦးစီးဌာနနှင့် အကျိုးတူလုပ်ပိုင်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နေပြည်တော် စိန်တစ်လုံးသရက်ဖုန် ဧရိယာသည် လက်ငုတ်စိုက်ပျိုးမှုမရှိသော၊ သစ်တော ဧရိယာအတွင်း ကျူး၍စိုက်ပျိုးထားမှုများနှင့် လွတ်ကင်းမှုရှိသော မြေဧရိယာဖြစ်ပါကြောင်း၊ ယင်းဧရိယာများနှင့် ဆက်စပ်တည်ရှိနေသော သစ်တောဧရိယာများအတွင်းရှိ စိုက်ပျိုးမြေများတွင် သစ်တောဦးစီးဌာနနှင့် အကျိုးတူ စိုက်ပျိုးလုပ်ကိုင်လိုပါက သက်ဆိုင်ရာဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးသည်အထိ စိုက်ပျိုးလုပ်ကိုင်မှုမရှိသည့် ဧရိယာများကို ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့်ပြန်လည်ရုပ်သိမ်းရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် မြေပြင်တွင် အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ထားသော မြေများအတွက် စနစ်တကျတိုင်းတာ၍ လုပ်ပိုင်ခွင့်ပြုမိန့်လက်မှတ်များ ပြင်ဆင်ထုတ်ပေးရေးအတွက် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များသို့ အကြောင်းကြားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်



ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း



လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ်တွင် ကြီးအုံကြီးဝ တမံပိတ်မှုကြောင့် လယ်ယာမြေများ နှစ်စဉ်မိုးကာလတိုင်း နစ်မြုပ်၍ ဒေသခံ တောင်သူများစားဝတ်နေရေး ဒုက္ခရောက်နေမှုအား ဥပဒေနှင့်အညီ နစ်နာကြေးနှင့်အစားထိုး မြေယာဖော်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ကြီးအုံကြီးဝရေလှောင်တမံ၏ ရေဝပ်ဧရိယာနှင့်ဆက်စပ်နေသော စေတုတ္တရာမြို့အနီးဝန်းကျင်ဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း လျော့ပါးသက်သာစေမည့် လုပ်ငန်းအစီအမံများကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ လာမည့် မိုးရာသီကာလများတွင်လည်း အနီးကပ်စောင့်ကြည့်စီမံကာ လိုအပ်သလို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များပေါ်ပေါက်လာပါက အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၏ **လယ်ယာမြေသစ်များ ဖော်ဆောင်နိုင်ရန် အသေးစား၊ အလတ်စား တာတမံများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်းအင်ဂျင်နီယာများနှင့် လိုအပ်မည့်ဘဏ္ဍာငွေကြေးများ ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဆောမြို့နယ်အတွင်းရှိ တမံများတည်ဆောက်ပြုပြင်ခြင်း၊ ရေပေးမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသမှထိန်းသိမ်းထားသည့် ပိန္နဲတမံနှင့် ပလွေးတမံအား လိုအပ်သလို ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်အသစ်တည်ဆောက်ရမည့် တမံငါးခုမှာ စူးစမ်းလေ့လာမှုများအရ တည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်းမရှိခြင်း၊ စီမံကိန်းကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှုမရှိခြင်းကြောင့် ဆောင်ရွက်ရန်သင့်လျော်မှုမရှိပါကြောင်း၊ အသစ်တူးဖော်ပေးရမည့် တေးကျေးရွာနှင့် စံကျေးရွာများရှိ ရေပေးမြောင်းနှင့် အနိမ့်ကျေးရွာရှိ ယောချောင်းမှ ပင်ထောင်ချောင်းသို့ ရေသွင်းမြောင်းများမှာ စူးစမ်းလေ့လာ တိုင်းတာမှုများအရ ဆောင်ရွက်ရန်ဖြစ်မြောက်နိုင်စွမ်းရှိသဖြင့် ဒီဇိုင်းပြုစုရေးဆွဲလျက်ရှိပြီး ခန့်မှန်းကုန်ကျငွေတွက်ချက်ကာ လိုအပ်ရန်ပုံငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၏ **မန္တလေးမြို့ အပြင်ဘက်သို့ အိမ်ရာများ တိုးချဲ့ဆောက်လုပ်နေထိုင်မှုကြောင့် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လယ်ယာမြေများ ပျက်စီးဆုံးရှုံးလာခြင်းအပေါ် သက်ဆိုင်ရာမှ အမြန်ဆုံး ထိရောက်စွာ အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် လယ်ယာမြေများအား ခွင့်ပြုချက်မရရှိဘဲ အခြားနည်းအသုံးပြုနေခြင်းများအပေါ် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့နယ်များသို့ ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်း လယ်ယာမြေများအပေါ် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုဆောင်ရွက်နေသည့်ကိစ္စရပ်များကို လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်သွားရန် ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ **စာမျက်နှာ ၈ သို့ »»**

# ကလေးသူငယ်များ၏ အသက်အရွယ်၊ ဉာဏ်ရည်တို့နှင့် လိုက်လျောညီထွေရှိသော သင်ခန်းစာများကိုသာမက အခြားဆက်စပ်သော ဖွံ့ဖြိုးရေးဘာသာရပ်များသင်ကြားရန် လျာထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

ကလေးသူငယ်များ၏ အသက်အရွယ်၊ ဉာဏ်ရည်တို့နှင့် လိုက်လျောညီထွေရှိသော မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိနှင့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေမည့် သင်ခန်းစာများကိုသာမက အခြားဆက်စပ်သော ဖွံ့ဖြိုးရေးဘာသာရပ်များလည်း ထည့်သွင်းသင်ကြားရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းပြောကြားသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၏ **ထောင်စုနှစ်ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော Quality Education အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွား ကျန်းမာရေး"၊ "ပြည်သူ့နီတိ"၊ "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယင်းအဆိုနှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များလည်းရှိပါကြောင်း၊ လက်ရှိတွင်လည်း ဘာသာရပ်များကို သင်ကြားလျက်ရှိပါကြောင်း၊ အမျိုးသားမဟာဗျူဟာစီမံကိန်းအရ အသစ်ရေးဆွဲပြဌာန်းမည့် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်များတွင်လည်း ထည့်သွင်းသတ်မှတ်ဆောင်ရွက်နေသော ကိစ္စဖြစ်သည့်အတွက် အဆိုအား အမျိုးသားလွှတ်တော်မှ မှတ်တမ်းအဖြစ်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း

အဆိုနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက အဆိုရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနတွင်လည်း ပညာရေးအရည်အသွေး မြင့်မားရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆု အစီအစဉ်၊ ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ် ထည့်သွင်းသင်ကြားခြင်း အစီအစဉ်၊ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ ထည့်သွင်းသင်ကြားခြင်း အစီအစဉ်စသည့် အစီအစဉ်များကို ဆောင်ရွက်နေသည့် အချိန်လည်းဖြစ်သည်ဟု ဆိုသည့်အတွက် အဆိုရှင်၏ တင်ပြချက်များအား အစိုးရမှဆောင်ရွက်နေကြောင်းကို နားလည်လက်ခံသည်ဟု ယူဆရသည့်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းရန် လို၊ မလို စဉ်းစားရမည့် အချက်ဖြစ်ပါကြောင်း။

အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပြည်ထောင်စုစိတ်ဓာတ်၊ လူ့အခွင့်အလမ်းပညာရေးသင်ခန်းစာများကို သင်ကြားပေးလျက်ရှိသည်ဟု သိရှိရပါကြောင်း၊ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်တင်သွင်းရာတွင် အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည်များကို မဆောင်ရွက်ဟု မှတ်ယူသည့်အခါသော်လည်းကောင်း၊ ဆောင်ရွက်ရန် အစီအစဉ်မရှိဟု မှတ်ယူသည့်အခါသော်လည်းကောင်း ဆောင်ရွက်ရန် တိုက်တွန်းရသည့် သဘောရှိပါကြောင်း။

အဆိုရှင်အနေဖြင့် ၎င်းတင်ပြခဲ့သော အချက်သုံးချက်တွင် ဆောင်ရွက်နေသည့်အချိန်ဟု အဆိုရှင်ကိုယ်တိုင်မှတ်ယူထားခြင်း၊ အဆိုရှင်၏တိုက်တွန်းချက်တွင် ရှေ့နောက်ညီညွတ်မှုအားနည်းခြင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း မိတ်ဆက်သင်ကြားပေးရုံသာမက လိုက်နာကျင့်သုံးတတ်ရန်ပါ သင်ကြားပေးလျက်ရှိနေသည်ကို တွေ့ရှိရသည့်အတွက် အဆိုအား လွှတ်တော်၌မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝှေ့တင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်တို့က ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆိုရှင်၏ သဘောထားအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်းတစ်ခုမေးမြန်းဖြေကြားခြင်း၊ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးခြင်းနှင့် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# (၂၁) ရာစုမှာ လိုအပ်နေတဲ့ ကျွမ်းကျင်မှုတွေ

ခင်မောင်ညို (ဘောဂဗေဒ)

အခုတစ်လော ပညာရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအကြောင်း အတော်လေးဟောပြောဖြစ်ပါတယ်။ စတာကတော့ လူငယ်စာနယ်ဇင်း အဖွဲ့အစည်းလေးတစ်ခုရဲ့ ဖိတ်ကြားမှုနဲ့ စတင်ဟောပြောဖြစ်ပေမယ့် တခြားနေရာတွေမှာလည်း အကြောင်းအားလျော်စွာပြောဖြစ်ပါတယ်။ ဟိုတုန်းက ပညာရေးနဲ့လူငယ်တွေအကြောင်း အဓိကဟောပြောလေ့ရှိတဲ့ ဆရာကြီးတစ်ယောက်မရှိတော့တဲ့နောက်ပိုင်းမှာ သူ့နေရာကို နည်းနည်းများတာဝန်ယူနိုင်မလားဆိုတဲ့ စိတ်နဲ့ပြောတာပါ။

ကျွန်တော်တို့တစ်တွေ တက္ကသိုလ်ရွေးကြတယ်ဆိုတာက မိဘရဲ့ဆုံးဖြတ်ချက်ရယ် ကိုယ်ရတဲ့ရမှတ်ရယ်အပေါ် အခြေခံကြတာမဟုတ်လား။ အမှတ်ကောင်းရထားရင် မိဘတွေ ရွေးပေးတဲ့တက္ကသိုလ်ကို ရွေးချယ်ကြတယ်။ ဝါသနာပါ၊ မပါဆိုတာ မစဉ်းစား။ ဒီတော့ နှစ်ရှည်လများ အပင်ပန်းခံတက္ကသိုလ်တက်ပြီး ရလာတဲ့ ဘွဲ့ကို အသုံးမချ။ ဝါသနာပါတဲ့သူတစ်ယောက်က တက်ခွင့်ဆုံးရှုံး၊ တတ်ခွင့်အသုံးချခွင့်တွေဆုံးရှုံး။

ရန်ကုန်က မိဘတွေက အခုနောက်ပိုင်းမှာ မြို့ပြင်မထွက်၊ မြို့ထဲမှာ တက်ခွင့်ရတဲ့တက္ကသိုလ်တွေကို ရွေးချယ်ဆုံးဖြတ်ပေးကြပြန်တယ်။ မိဘတွေကို အပြစ်တင်ဖို့တော့ အခက်သား။ မြို့ပြင်က ကျောင်းတွေ၊ အချိန်ကုန်ခံ၊ လူပန်း၊ စွန့်စားပြီး မသွားစေချင်ကြဘဲကိုး။ တက္ကသိုလ်တက်ဖို့ မြို့ကို လွှတ်လိုက်ပါတယ်ဆိုမှ မြို့ကနေ တောသွားတက်နေကြရတာမျိုးလည်းရှိတယ်။ ဒါတောင် တက္ကသိုလ်သွားတက်ဖို့ ဘတ်စ်ကားမရှိလို့ဆိုတာမျိုးကလည်း ကြားရသေး။ အစစအရာရာ မပြည့်စုံတဲ့ နိုင်ငံဆိုတော့ ပြည့်စုံတယ်ဆိုတာဟာ အထူးအဆန်းဖြစ်နေတာကိုး။

ပြောစရာက တက်တဲ့ သင်ရတဲ့ကျောင်းကို တန်ဖိုးထားတဲ့ အလေ့အထမရှိကြဘူး။ မလွှဲသာလို့ ကျောင်းတက်နေရပေမယ့် စိတ်မဝင်စားတဲ့ ဘာသာရပ်တွေဆိုတော့ ခေါင်းထဲနားထဲဝင်တာက နည်းနည်း အပြင်လျှံထွက်တာက ခပ်များများ။ ဒီတော့လည်း ဘွဲ့ရပညာမတတ်တွေဖြစ်ပြီး၊ အဲဒီသင်ကြားလာတဲ့ ဘာသာရပ်ကို အသုံးချနိုင်တဲ့နယ်ပယ်ထဲလည်း အလုပ်မဖြစ်၊ တခြားစိမ်းတဲ့ နယ်ပယ်မှာလည်း ကိုယ့်ဘာသာရပ်၊ ကိုယ့်ပညာရပ်မဟုတ် ကိုယ်နဲ့မဆိုင်သလို ထင်ကြပြန်ရော။

ဒါကြောင့်လည်း ပညာရေးဟာ စားသုံးမှုလား ရင်းနှီးမြှုပ်နှံမှုလားဆိုတဲ့ မေးခွန်းကို မကြာခဏမေးမိပါတယ်။ ပညာရေးရဲ့ ရည်မှန်းချက်ကို ပညာရေးစနစ်နဲ့ ပညာရေးအဖွဲ့အစည်းတွေက ဖြည့်ဆည်းနိုင်ကြရဲ့လားလို့လည်း မေးမိပါတယ်။

ကျောင်းပြီးသွားတဲ့အခါ အချိန်တွေကုန်၊ ငွေတွေသာကုန်ပြီး နှလုံးလှ၊ အသုံးကျတဲ့သူတွေ ဖြစ်မလာခဲ့ရင် ပညာရေးဟာ စားသုံးမှုသက်သက်သာဖြစ်ပါတယ်။ လူအပင်ပန်းခံ၊ ငွေကုန်ကြေးကျခံပြီး ဘွဲ့တစ်ခုရတဲ့အခါ၊ လူ့ဘောင်အတွက် ပိုပြီးအသုံးဝင်တဲ့ ထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်မားလာတဲ့ နိုင်ငံသားတွေ၊ လုပ်သားကောင်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်လာရင်တော့ အကျိုးအမြတ်တစ်စုံတစ်ရာပြန်ရလာပြီဆိုရင်တော့ ပညာရေးဟာ ရင်းနှီးမြှုပ်နှံမှုပေါ့။

ပညာရေး၊ အထူးသဖြင့် တက္ကသိုလ်ပညာရေးရဲ့ ရည်မှန်းချက်နှစ်ခုကတော့ ထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်မားလာတဲ့နိုင်ငံသားတွေ၊ လုပ်သားကောင်းဝန်ထမ်းကောင်းတွေ ဖြစ်လာဖို့နဲ့ နိုင်ငံ့သားကောင်းတွေဖြစ်လာစေဖို့အတွက် ဖြစ်ပါတယ်။

လွယ်လွယ်ပြောရရင် သိပ္ပံပညာရပ်တွေဟာ ထုတ်လုပ်မှု စွမ်းအားမြင့်မားစေဖို့ အထောက်အကူဖြစ်ပြီး၊ ဝိဇ္ဇာပညာရပ်တွေက နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်ဖို့ အရေးကို အထောက်အကူပြုတယ်လို့ ယေဘုယျဆိုနိုင်ပါတယ်။ သိပ္ပံပညာရပ်တွေ အားနည်းတော့ ထုတ်လုပ်မှုစွမ်းအားတွေ မမြင့်မား၊ ဝိဇ္ဇာပညာရပ်တွေ လေ့လာဆည်းပူးမှု အားနည်းတော့ နိုင်ငံသားကောင်းတွေ အားနည်းလို့ဆိုပြီး ကောက်ချက်ဆွဲမယ်ဆိုရင် လွန်မယ်မထင်ပါ။

တကယ်တော့ အရွယ်ကောင်းလူငယ်ဘဝမှာ ငွေကြေးသာမက အချိန်တွေဆုံးရှုံးတာ၊ အလေ့အကျင့်ကောင်းတွေ ထိတွေ့ခွင့်၊ လေ့ကျင့်ခွင့်မရတာတွေဟာ ဧရာမဆုံးရှုံးမှုကြီး မဟုတ်ပါလား။

ကျွန်တော်တို့တစ်တွေက ပညာလို့ပြောလိုက်ရင် အတတ်ပညာ၊ နည်းပညာတွေကို အာရုံရောက်သွားတတ်ကြတယ်။ နည်းပညာတွေ၊ အတတ်ပညာတွေဟာ အရေးပါတာမှန်ပေမယ့် တာဝန်တွေကြီးမားလာတဲ့အခါ လူလူချင်း ဆက်သွယ်ဆက်ဆံပြောဆိုတဲ့ပညာ လိုအပ်လာပါတယ်။ အဖွဲ့အစည်းတစ်ခုရဲ့ ခေါင်းဆောင်ပိုင်း၊ နိုင်ငံတစ်ခုရဲ့ ခေါင်းဆောင်ပိုင်းရောက်လာတဲ့အခါ ကိုယ့်နိုင်ငံ ကိုယ့်အဖွဲ့အစည်းရဲ့ရှေ့ရေးကို ကြောင်းကျိုးဆင်ခြင်သိမြင်နိုင်တဲ့ပညာ၊ အတွေးအခေါ် အသိအမြင်ကောင်းတွေရှိဖို့ လိုအပ်လာပါတယ်။ ဒီအဆင့်ကိုရောက်ဖို့က လေ့လာဆည်းပူးမှုတွေ၊ အတွေ့အကြုံအလေ့အကျင့်တွေ၊ စဉ်းစားချင့်ချိန်မြော်မြင်မှုတွေ ပေါင်းစပ်မှ ဖြစ်လာတာပါ။

ဒါကြောင့် အတတ်ပညာ၊ နည်းပညာတွေသာမက လူလူချင်းဆက်သွယ်မှုဆက်ဆံမှုပညာ၊ ရှေ့ရေးနောက်ရေးတွေးခေါ်မြော်မြင်မှုပညာတွေဟာလည်း အရေးပါပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံရဲ့ ထိုက်သင့်တဲ့အလေးပေးမှုမရဘဲ ဖြစ်သွားတဲ့ အသက်မွေးဝမ်းကျောင်းပညာ (Vocational Education)ကို မဆွေးနွေးသေးဘဲ နောင်မှာ သီးခြားဆွေးနွေးပါမယ်။ ကျွန်တော့်မျက်စိထဲမှာ ၁၉၇၀ ပြည့်လွန်နှစ်များကရှိခဲ့တဲ့ ကူးသန်းရောင်းဝယ်ရေးပညာသင်ကျောင်းတွေနဲ့ စက်မှုလက်မှုသိပ္ပံတွေက ထွက်လာတဲ့ ကျောင်းသားတွေ လုပ်ငန်းခွင်ထဲတန်းရောက်သွားကြပြီး နှလုံးလှ၊ အသုံးကျကြတာကို သတိရမိပါတယ်။

**တကယ်တော့ အရွယ်ကောင်းလူငယ်ဘဝမှာ ငွေကြေးသာမက အချိန်တွေဆုံးရှုံးတာ၊ အလေ့အကျင့်ကောင်းတွေ ထိတွေ့ခွင့်၊ လေ့ကျင့်ခွင့်မရတာတွေဟာ ဧရာမဆုံးရှုံးမှုကြီး မဟုတ်ပါလား။**

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ တစ်ဖက်မှာ ကျွမ်းကျင်တဲ့လုပ်သားလိုအပ်ချက်တွေ မြင့်မားလာပြီး တခြားတစ်ဖက်မှာတော့ အလုပ်ခွင်ထဲ အံမဝင်ခွင်မကျတဲ့ အလုပ်လက်မဲ့ထုရဲ့ကြားမှာ ဧရာမ ကွာဟချက်ကြီး ချောက်ကမ်းပါးကြီးရှိနေတာဟာ ကောင်းတဲ့ လက္ခဏာမဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည် တစ်ခါက အမိန့်ရှိသလို အချိန်ကိုက်ပေါက်ကွဲမယ့် ဗုံးကြီးတစ်လုံးနဲ့ တူနေတယ်။

ဒါဖြင့်ရင် ကျွန်တော်တို့လူငယ်တွေ အခုလို မြန်မာနိုင်ငံတံခါးဖွင့်တဲ့အချိန် ကမ္ဘာနဲ့ရင်ပေါင်တန်းရမယ့် အချိန်မှာ ဘယ်လိုအရည်အချင်းတွေ၊ ဘယ်လိုဓလေ့စရိုက်တွေ၊ ဘယ်လိုစာတတ်မြောက်မှုတွေ လိုအပ်နေကြပါလိမ့်။

ကျွန်တော်ဖတ်လိုက်ရတဲ့ စာတစ်ပုဒ်မှာတော့ (၂၁) ရာစုမှာ ရင်ပေါင်တန်းနိုင်ဖို့ အခြေခံစာတတ်မြောက်မှုတွေရယ် လိုအပ်နေကြတယ်။

ဦးနှောက်ရဲ့စွမ်းရည် (IQ)၊ နှလုံးရည် (EQ)၊ ကျောင်းပြင်ပစာပေနဲ့ ဗဟုသုတတွေ လေ့လာဆည်းပူးမှု၊ အခြားယဉ်ကျေးမှုတွေနဲ့ ပေါင်းသင်းဆက်ဆံတတ်မှု၊ စွန့်စားတီထွင်တတ်တဲ့ လုပ်ငန်းရှင်တစ်ယောက်ရဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံဖို့၊ ကိုယ့်လိုအင်နဲ့ကိုက်ညီ ကိုယ့်အစွမ်းအစရှိ၊ စွဲစွဲလမ်းလမ်း၊ ကိုယ်ကျင့်တရားနဲ့ ကိုက်ညီတဲ့ အလုပ်တွေကို ရွေးချယ်တတ်ဖို့စသည်ဖြင့် စာရင်းချလို့ ဆုံးနိုင်မယ်မထင်ဘူး။

စာတတ်မြောက်မှုလို့ပြောရင်ကိုပဲ ဟိုတုန်းကလို အရေးအဖတ်အတွက်ဆိုတာ 'အ'သုံးလုံးသာမက သိပ္ပံပညာ၊ သတင်းနဲ့ဆက်သွယ်ရေး၊ ငွေရေးကြေးရေးနဲ့ ယဉ်ကျေးမှုတွေ၊ ပြည်သူ့နီတိတွေပါလာပြီ။

ဘာဘွဲ့ရသလဲဆိုတာထက် ဘာစွမ်းရည်တွေရှိသလဲလို့ စူးစမ်းတဲ့အခါ ပြဿနာဖြေရှင်းတတ်တာ၊ ဝေဖန်ချင့်ချိန်တတ်တာ၊ ဆက်သွယ်ဆက်ဆံတတ်တာ၊ ပူးပေါင်းဆောင်ရွက်တတ်တာတွေရှိတယ်လို့ ဖြေနိုင်ဖို့ လိုမယ်။

အခြေခံစရိုက်လက္ခဏာကိုက စပ်စုတတ်၊ စူးစမ်းတတ်တာ၊ မခိုင်းရဘဲလုပ်တတ်တာ၊ ဇွဲရှိတာ၊ လိုက်လျောညီထွေရှိတာ၊ လိုအပ်ရင်လိုအပ်သလို ခေါင်းဆောင်နိုင်စွမ်းရှိတာ၊ လူမှုရေးနဲ့ ယဉ်ကျေးမှုတွေ သတိပြုမိတာတွေရှိဖို့လည်း လိုအပ်လာပြီ။

တစ်နေ့က တပ်မတော်ခန်းမမှာလုပ်တဲ့ ပညာရေးပြပွဲတစ်နေရာမှာတော့ ကလေးသူငယ်တွေကို အဲဒီလို အရည်အချင်းတွေရရှိဖို့ လေ့ကျင့်သင်ကြားပေးနေပြီလို့ တွေ့ရတယ်။ (၂၁) ရာစုအတွက် လိုအပ်တဲ့ကျွမ်းကျင်မှုတွေကို ကလေးယဉ်ကျေးမှုသင်တန်းတွေပေးသလို လူကြီးတွေကိုလည်း လေ့ကျင့်ပျိုးထောင်ပေးနိုင်ကြရင်ဖြင့် ၂၁ ရာစု ကမ္ဘာ့အလယ်မှာ မြန်မာတွေ ထည်ထည်ဝါဝါ ရပ်တည်နိုင်ကြဦးမှာ မဟုတ်ပါလား။ ။

## တောခြောက်တဲ့ လက်ခုပ်သံများ

ကျွန်တော်ဟာ ဘုန်းတော်ကြီးကျောင်းသားတစ်ယောက်ပါ။ ငယ်စဉ်ကလေးဘဝကတည်းကစပြီး ဘုန်းတော်ကြီးကျောင်းမှာနေပြီး ပညာသင်ကြားခဲ့တာ ဘွဲ့ရသည်အထိ ဖြစ်ပါတယ်။ ကျောင်းထိုင်ဘုန်းတော်ကြီးကလည်း စည်းကမ်းကြီးသူပါ။ သစ်ပင်တွေကိုစိုက်တာဝါသနာပါသလို အိမ်မွေးတိရစ္ဆာန်လေးတွေကိုလည်း ချစ်တတ်ပါတယ်။ ပညာရှင်ဘုန်းတော်ကြီးမို့ လားမပြောတတ်ပါ၊ ဆရာတော်စကားပြောရာမှာတော့ ရှည်ရှည်ဝေးဝေးသိပ်မပြောတတ်။ လိုရင်းကို ထိထိမိမိပြောတတ်ပါတယ်။ စကားပြောရှည်တဲ့သူတွေ၊ လေကြောရှည်သူတွေကို ငြီးငွေ့တတ်ပါတယ်။

တောသဘာဝအတိုင်း တောအရပ်က ဘုန်းတော်ကြီးကျောင်းဝိုင်းက သုံးလေးငါးဧကရှိတဲ့ ဝိုင်းကြီးထဲမှာ ကျယ်ကျယ်ဝန်းဝန်း။ ဘုန်းကြီးကျောင်းဆောင်ကြီးကလည်း ရှေးဟောင်းပြာသာဒ်တွေနဲ့ တကယ်ကို ကြီးကျယ်တဲ့ ကျောင်းဆောင်ကြီးဖြစ်ပါတယ်။ ဒီကျောင်းဆောင်ကြီးပေါ်မှာ အသိုက်ဖွဲ့ပြီးနေတတ်တဲ့ စာကလေးငှက်တွေရှိသလို တခြားငှက်ကလေးတွေလည်း လာရောက်နားနေကြပါတယ်။ ဒီအထဲမှာ ခိုတွေလည်းပါတာပေ့ါ။ ခိုတွေကတော့ အသိုက်ဖွဲ့ပြီး မနေတတ်ပါဘူး။ အသိုက်လည်း လုပ်တတ်ဟန်မတူပါဘူး။ အရိပ်ရရာနေရာ၊ မိုးလွတ်ရာနေရာလေးမှာ ခိုကပ်နားပြီး ပြင်းကြောထတဲ့ အသံနဲ့ ညည်းနေတတ်တာကို ကြားရပါတယ်။ ခိုညည်းသံကို ကြားမိသူတိုင်းသိမှာပါ။ သာယာနာပျော်ဖွယ် မကောင်းပါဘူး။ ကျွန်တော်တို့ရဲ့ ဘုန်းတော်ကြီးက ဒီခိုညည်းသံကို လုံးဝမနှစ်သက်ပါဘူး။ ဘုန်းကြီးကတော့ ခြောက်လှန့်မောင်းထုတ်ဖို့မပြောပေမယ့် ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားတွေက လက်ခုပ်တွေ ဝိုင်းတီးပြီး ခြောက်လှန့်မောင်းထုတ်ကြပါတယ်။ နောက်ပိုင်း ဒီခိုတွေဟာ လက်ခုပ်သံကြားရင် လာမနားရဲတော့ပါဘူး။ လက်ခုပ်သံကြောက်သွားတဲ့သဘောပါ။

ဘုန်းကြီးကျောင်းသားဘဝ အရွယ်လေးရလာတဲ့အခါမှာ တစ်နေ့မှာတော့ ဘုန်းတော်ကြီးမသိအောင် တောထဲကို ဟင်းရှာထွက်ကြပါတယ်။ အဲဒီအချိန်တုန်းက တောတွေ တောင်တွေဆိုတာက ဒီလိုမဟုတ်ဘူးဗျ။ အဝေးကကြည့်လိုက်ရင်ကို စိမ်းညို့နေတာ၊ တောကလည်းနက်၊ သစ်ကြီးဝါးကြီးကလည်း ပေါတော့ တောကောင်ကြီးတွေ၊ မျောက်တွေကလည်းပေါတာပေ့ါ။ ဒီလိုနဲ့သွားနေကြရင်း မျောက်အုပ်တစ်အုပ်နဲ့ တွေ့ပါတယ်။ မျောက်အုပ်ကလည်း သူတို့အချင်းချင်း ဆက်သွယ်နေကြတာနဲ့ တူပါတယ်။ မျောက်သံတွေ တဖြည်းဖြည်းများလာပါတယ်။ မျောက်သံတွေကျယ်လာမှ မျောက်တွေအကောင်ရေများလာတာကို သွားသိပါတယ်။ သူတို့က တဖြည်းဖြည်းချင်း ကျွန်တော်တို့နားကို ရန်လိုတဲ့ အမူအရာတွေနဲ့ ကပ်လာပါတယ်။ ဒီအချိန်မှာ မဖြစ်တော့ဘူးဆိုပြီး သူတို့ထက်ကျယ်လောင်တဲ့ အသံတွေနဲ့ ညာသံပြန်ပေးပြီး လက်ခုပ်တီးပြန်လည် ခြောက်လှန့်တော့မှ မျောက်တွေအုပ်စုကွဲ ပြန်ပြေးသွားကြပါတယ်။

လက်ခုပ်တီးတာက မြန်မာ့ရွှေဘုတ်အဘိဓာန်မှာတော့ "ဩဘာပေးသည်။ အားပေးချီးမြှောက်သည်။ ဩဘာလက်ခုပ်တီးသည်။ ရင်းနှီးစွာလက်ဖြင့် ပုတ်သည်။ ချုပ်သည်။ သွင်းသည်။ ခတ်သည်" လို့ ဖော်ပြထားပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ လူတစ်ဖက်သားကို အားနာတတ်တယ်။ ဦးစားပေးတတ်တယ်။ သည်းခံတတ်ပါတယ်။ ဒါတွေဟာ တစ်ခါတလေကျတော့ လူမှုဝန်းကျင်မှာ အံဝင်ခွင်ကျမဖြစ်တာကို တွေ့ရပါတယ်။ အားနည်းနေသူကို လက်ခုပ်တီးအားပေးတာ၊ သူများထက်သာလွန်လို့ လက်ခုပ်တီးဩဘာပေးတာ ကောင်းပါတယ်။

ကျွန်တော်တို့ ကျောင်းပြီးခါစ အချိန် ၂၀၀၃၊ ၂၀၀၄ ခုနှစ်လောက်က အဖြစ်အပျက်တစ်ခုပါ။ ကျွန်တော်တို့နယ်ကိုလာပြီး သူတို့အလုပ်နဲ့ စည်းရုံးရေးဆင်းတာနဲ့တူပါတယ်။ ဘာအဖွဲ့အစည်းဆိုတာကိုတော့ မပြောတော့ပါဘူး။ အဲဒီအဖွဲ့က သူတို့ရဲ့ လုပ်နေတဲ့ လုပ်ငန်းတွေရှင်းလင်းတယ်၊ ပြောတယ်။ သူတို့ရဲ့ တာဝန်တွေက ဘယ်လောက်ထိလုပ်ပိုင်ခွင့်ရှိတယ်ဆိုတာတွေကိုပေ့ါ။ အောက်ကနားထောင်တဲ့သူတွေရဲ့ အပြုအမူတွေ သူမသိဘူး။ နားထောင်သူတွေက သူပြောတဲ့အချက်တွေ စိတ်မဝင်စားတော့ အားတိုင်းလက်ခုပ်တီးနေတာပါ။ ဒီလိုလက်ခုပ်တီးနေတာကို သူ့ကိုအားပေးနေတယ်များမှတ်နေလားမသိရာဘူး။ တကယ်တော့ တောခြောက်ပြီး မောင်းထုတ်နေတာပါ။

ကျွန်တော်တို့တွေဟာ ပြန်စဉ်းစားတတ်ဖို့လိုပါတယ်။ ကိုယ်လုပ်တဲ့အလုပ်ကို ကြိုက်လို့လက်ခုပ်တီးနေတာလား။ ကိုယ်ပြောလိုက်တဲ့စကားကို ကြိုက်လို့ နှစ်သက်လို့ လက်ခုပ်တီးအားပေးနေတာလားဆိုတာကို ပြန်စဉ်းစား၊ ပြန်လေ့လာဖို့လိုပါတယ်။ တကယ်တော့ လက်ခုပ်တီးတိုင်း အားပေးတာ ထောက်ခံတာ မဟုတ်ပါ။ လက်ခုပ်သံတွေဟာ တစ်ခါတလေမှာ တောခြောက်သံဖြစ်နေတတ်လို့ပါ။

ကျွန်တော် ချစ်တဲ့သူတွေကို အားပေးချီးမြှောက်တဲ့ လက်ခုပ်သံတွေပဲ ကြားချင် တီးချင်ပါတယ်။ ။

သျှင်နေမင်း

# ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်ဆိုင်ရာသင်တန်း ကျင်းပ



**နေပြည်တော် ဇွန် ၁၂**

ကျောင်းဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအစီအစဉ်ဆိုင်ရာသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု အစီအစဉ်အတွက် သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲနိုင်ရန် ယခုသင်တန်းဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုအရည်အသွေး တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းအုပ်များ၏ လိုအပ်ချက်များကိုလည်း ခွင့်ပြုဘဏ္ဍာငွေအရ ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုကို ပြည်သူနှင့်အတူ စနစ်တကျ ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်ပညာရေးမှူးများက မေးမြန်းဆွေးနွေးအကြံပြုတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၉)သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁၂**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၉) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ အဖွဲ့ဝင် ဦးဝင်းမော်နှင့် ဒေါက်တာဦးပွား၊ မလေးရှားနိုင်ငံ EDS Business School မှ ပညာရှင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးအဆင့် သင်တန်းသား သင်တန်းသူ ၅၈ ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်မိန့်ခွန်းပြောကြားရာတွင် ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေကြပြီး အနာဂတ်တွင် နိုင်ငံတော်၏ ပိုမိုကြီးမားသည့် တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မားထက်မြက်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလရက်သတ္တ ရှစ်ပတ်အတွင်းတွင် အရာရှိကြီးများကို ပြည်ပဘာသာပို့ချမှုအနေဖြင့် EDS Business School (Malaysia)က “Developing a Good to Great Culture for Civil Service၊ Effective Supervision and Team Leadership Methods for Civil Service၊ Strategic and Corporate Planning for a Public sector Organization” တို့ကိုလည်းကောင်း၊ UNDP က “Public Administration Responsiveness Trainings၊ Code of Ethics Anti-Corruption၊ Competency Frameworks”ကိုလည်းကောင်း၊ EU (GOPA)က “Irish Competency Frameworks and Health Management” ဘာသာရပ်များကိုလည်းကောင်း ပို့ချသွားမည်ဖြစ်ကြောင်း။

ပြည်တွင်းဘာသာရပ်ပို့ချမှုအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ကျွမ်းကျင်ပညာရှင်ပုဂ္ဂိုလ်များက ခေတ်စနစ်နှင့်လျော်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းရှိရှိဖြင့် ပြုစုထားရှိသည့် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနနှင့် နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ရန်အတွက် ကြိုးကြိုးစားစား စိတ်ဝင်တစားပါဝင်ဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း။

သင်တန်းတွင် ပို့ချမည့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများကို ပြီးခဲ့သည့် သင်တန်းများက ရရှိလာသည့် အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး တက္ကသိုလ်အကြံပေးအဖွဲ့ (Advisory Group)၊ တက္ကသိုလ်ပညာရပ်အဖွဲ့(Board of Studies) ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖွဲ့စည်းထားသည့် ပညာရပ်ဆိုင်ရာဗဟိုအဖွဲ့ (Core Group)တို့၏ ဆွေးနွေးအကြံပြုချက်များနှင့်အညီ ပိုမိုသင့်တော်ကောင်းမွန်အောင် ဆောင်ရွက်ထားရှိပါကြောင်း၊ သင်တန်းတက်ရောက်ပြီးသည့်အခါ သင်တန်းဆင်းအရည်အချင်းအဆင့်များကို နိုင်ငံတော်သမ္မတရုံးကို တင်ပြ၍ သင်တန်းသားများ၏ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို ပေးပို့ဖြန့်ဝေနေခြင်းကြောင့် သင်တန်းသား သင်တန်းသူများအနေဖြင့် ကြိုးကြိုးစားစား သင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်အား ကူညီလှူဒါန်းကြသော စေတနာရှင်များအား ယူနက်စကိုမှ ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန (MLRC)နှင့် UNESCO (Bangkok)တို့ ပူးပေါင်းကျင်းပသည့် "Partnership Meeting to Support the Non  Formal Primary Education Programme for Out-of-School Children Myanmar" အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီတွင် တော်ဝင်ဂါးဒင်းဟိုတယ် ဇလပ်ဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန (MLRC)ဥက္ကဋ္ဌ ဒေါက်တာဦးသန်းဦးက ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစတင်ကာ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာနသည် ပညာရေးဝန်ကြီးဌာန၊ UNICEF, UNESCO, World Education စသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း ၁၀၄ မြို့နယ်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်က ပြည်ပစေတနာရှင်များ၏အကူအညီဖြင့် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ပြည်တွင်း နိုင်ငံသား စေတနာရှင်၊ အလှူရှင်များ စိတ်အားထက်သန်စွာ ပါဝင်ပူးပေါင်းကူညီလာသဖြင့် ကလေးပေါင်း ရှစ်သောင်းကျော် မူလတန်းပညာ ပြီးမြောက်ရုံမက အလယ်တန်းအဆင့်သို့ ကလေးပေါင်း ခြောက်ထောင်ကျော် ဆက်လက်သင်ယူခွင့်ရရှိခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် NFPEလုပ်ငန်းစဉ် မှ ကလေးတစ်ဦးသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုပင် နှစ်ချင်းပေါက် အောင်မြင်ခဲ့ရုံမက ယခုနှစ်တွင် ကလေးပေါင်း ၂၈ ဦး တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုထားကြောင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းစဉ်ကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက မြို့နယ်ပေါင်း ၈၁ မြို့နယ်၊ ယူနက်စကိုမှ လေးမြို့နယ် စုစုပေါင်း ၈၅ မြို့နယ် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန အငြိမ်းစားပညာရှင်များက ယခင်နှစ်များနည်းတူ သင်တန်းများ ပို့ချခြင်း၊ ကြီးကြပ်စစ်ဆေးခြင်း၊ နည်းပညာပံ့ပိုးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNESCO (Bangkok) မှ Life Long Literacy Section ၏ Programme  Specialist  Mr. Ichiro  Miyazawa က



ကျောင်းပြင်ပရောက်ကလေးများ ပညာတတ်မြောက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသော ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာနမှ အငြိမ်းစားပညာရှင်များကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ယနေ့အခမ်းအနားမှာ ကလေးများ ပညာတတ်မြောက်ရန်အတွက် အစဉ်အဆက် လှူဒါန်းခဲ့ကြသော မြန်မာနိုင်ငံသား စေတနာရှင်၊ အလှူရှင် ၁၀ ဦးအား UNESCO (Bangkok)က ဂုဏ်ပြုချီးမြှင့်ခွင့်ရ၍ အထူးပင်ဝမ်းမြောက်ပါကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညိုက မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း အစီအစဉ်ကို ဗီဒီယိုမှတ်တမ်းများဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကာ UNESCO (Bangkok) မှ Life Long Literacy Section၏ Programme Specialist Mr.Ichiro Miyazawaနှင့် ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာဦးသန်းဦးတို့က မြန်မာနိုင်ငံသား အလှူရှင် ၁၀ ဦးအား ဂုဏ်ပြုလွှာများ တစ်ဦးချင်းပေးအပ်ကာ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

# “အ”သုံးလုံးအဖွဲ့ဝင်ဟောင်းများ မျက်နှာစုံညီအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇွန် ၁၂**

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံ “အ” သုံးလုံးအဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၏အသင်းဝင်များ မျက်နှာစုံညီအစည်းအဝေးနှင့် ရှေ့လုပ်ငန်းစဉ်များရှင်းလင်းပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီတွင်  ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်မြေညီထပ် မြန်မာစာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါမျက်နှာစုံညီအခမ်းအနားသို့ ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဝင်များ၊ မည်သည့်ပညာသင်နှစ်၊ မည်သည့်ကျောင်းမှဖြစ်စေ “အ” သုံးလုံးလုပ်အားပေးခဲ့သူများ၊ စိတ်ပါဝင်စားသူများအားလုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာပြေးခုန်ပစ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ထိုင်းချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဇွန် ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးတင်ထွန်း၊ အုပ်ချုပ်သူ ဦးကိုကိုနိုင်၊ နည်းပြများအဖြစ် ဦးမင်းမင်းထွန်းနှင့် မစ္စတာ ကန်ဂျူ ကစားသမားများအဖြစ် အမျိုးသား ရဲထက်အောင်၊ ကျော်ညီညီထွေး၊ ကျော်ထက်အောင်၊ ကျော်မင်းထက်၊ အမျိုးသမီး အမ်စိုးဇာ၊ မာမာစန်း၊ သိမ့်သိမ့်စံတို့ ပါဝင်ကြသည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ကြိုးတပ်သံလုံးပစ်၊ အလျားခုန်၊ သုံးဆင့်ခုန်၊ လှံတံပစ်၊ သံပြားဝိုင်းပစ်၊ မီတာ ၁၀၀၊ ၂၀၀ အပြေးပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်ကာ လက်ရွေးစင်ကစားသမားအချို့နှင့် လူငယ်ကစားသမားအချို့ပေါင်းစပ်ကာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

# သူရဦးရွှေမန်း ကာတာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီး H.E. Mr. Hassan bin Mohamed Rafei Al Emadi ကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ်(I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကာတာသံအမတ်ကြီးက ကာတာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိနေကြောင်း၊ ကာတာနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည်လည်း ဘေးကင်းလုံခြုံမှုရှိကြကြောင်း၊ စားရေရိက္ခာများလည်း ဖူလုံမှုရှိကြောင်း၊ ကာတာနိုင်ငံသည် ဖြစ်ပေါ်နေသည့် အခြေအနေများကို မှန်ကန်စွာဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားသော ကမ္ဘာ့မိတ်ဆွေနိုင်ငံများကလည်း နားလည်မှုရှိစွာဖြင့် အားပေးကူညီလျက်ရှိကြကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ကာတာနိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

»» စာမျက်နှာ ၅ မှ

အကြောင်းကြားထားပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်နှင့် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်တို့၏ ခရိုင်ချင်းဆက်လမ်း အဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် မတည်ရင်းနှီးငွေများ ထုတ်ပေးရေးနှင့် လျှပ်စစ်ဓာတ်အားလိုင်း... 

ထို့ပြင် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်နှင့် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်တို့၏ ခရိုင်ချင်းဆက်လမ်း အဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် မတည်ရင်းနှီးငွေများ ထုတ်ပေးရေးနှင့် လျှပ်စစ်ဆည် တည်ဆောက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးက **နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြရန် အသိပေးကြေညာသည်။

အဆိုတင်သွင်းရာတွင် ဦးမျိုးဇော်ဦးက တောင်သူလယ်သမားများ နှစ်စဉ်လိုလိုကြုံတွေ့နေရသည့် ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးခေါင်ခြင်း၊ အင်းဆက်ပိုးမွှားများ ဖျက်ဆီးခြင်းတို့ကြောင့် လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနေပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ ဆုံးရှုံးနစ်နာမှုများကို ကာကွယ်ပေးသည့်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကတို့ အကျိုးတူပူးပေါင်းကာ သီးနှံအာမခံထားခြင်းလုပ်ငန်းကို ဖော်ဆောင်သင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာအား အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော “တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း” လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်



**နေပြည်တော် ဇွန် ၁၂**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၂၂၀၀၀၀ ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံသည်။

အလားတူ ပျောက်ဆုံးလေယာဉ်တွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၇၀ ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦးက လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်တိုက်မှုဖြစ်စဉ်တွင် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ၏မိသားစုဝင်များအား နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိဈေးအနီး၌ ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က မန္တလာမင်းခရီးသည်တင်ယာဉ်နှင့် အလုပ်သမားများ တင်ဆောင်လာသည့် ယာဉ်တစ်စီးတို့ တိုက်မှုဖြစ်ပွားခဲ့သည်။

ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက် မိုးသောက်ပန်းလမ်းအတိုင်း ရွှေအင်ကြင်းရပ်ကွက်ဘက်မှ ဒက္ခိဏသီရိရပ်ကွက်ဘက်သို့ ယာဉ်မောင်းဆန်းထွန်းအောင် မောင်းနှင်လာသည့် 6M/------ မန္တလာမင်း ခရီးသည်တင်ယာဉ်နှင့် အာသာဝတီလမ်းအတိုင်း အနောက်မှအရှေ့သို့ ရှမ်းလေး(ခ)လွင်မျိုးဟိန်း (၂၆)နှစ် သီရိမင်္ဂလာကျေးရွာ ရွှေခဲအင်းအုပ်စု ဒက္ခိဏသီရိမြို့နယ်နေသူမောင်းနှင်လာသည့် 7H/------- ဖောကားအပြာရောင်ယာဉ်တို့သည် အာသာဝတီလမ်းနှင့် မိုးသောက်ပန်းလမ်းဆုံတွင် တိုက်မိရာ ဖောကားပေါ်တွင်ပါရှိသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံတွင် ၃၂ ဦး၊ ဒက္ခိဏသီရိမြို့နယ်ခုတင် (၅၀)ဆံ့ဆေးရုံတွင် ကိုးဦးနှင့် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆေးရုံတွင် ခြောက်ဦး စုစုပေါင်း ၄၇ ဦးဆေးကုသမှုခံယူလျက်ရှိရာ ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများသည် သေဆုံးသူများ၏မိသားစုဝင်များနှင့် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်း (၂၉)ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်း ဖမ်းဆီးထိန်းသိမ်းခံရဆဲ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏မိသားစုများ၊ အခြားအကူအညီများလိုအပ်နေသော ဘဝတူ စာနယ်ဇင်းသမားများနှင့် မိသားစုများအား တတ်နိုင်သမျှကူညီထောက်ပံ့ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်း၏ (၂၉)ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အလှူရှင်များဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီ(ငြိမ်းချမ်းရေးခန်းမ)၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လက်ရှိနိုင်ငံရေးအကျဉ်းသားလေးဦး၊ နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ဘဝတူ စာနယ်ဇင်းသမား ၁၁ ဦးတို့ကို ထောက်ပံ့ငွေကျပ်နှစ်သိန်းစီပေးအပ်ခဲ့ပြီး NLD လူငယ်ဘုံရိပ်သာအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းပေးအပ်သည်။

“ဒီနေ့မြန်မာနိုင်ငံတစ်နံတစ်လျားမှာ နိုင်ငံရေးအကျဉ်းသားတွေနဲ့ စာပေနယ်ကို စဉ်ဆက်မပြတ် (၂၉)ကြိမ်အထိ ထောက်ပံ့လာတဲ့အဖွဲ့အစည်းဆိုလို့ ဒီအဖွဲ့အစည်းတစ်ခုပဲရှိပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ရှေ့ဆက်ပြီးတော့ (၂၉)ကြိမ်ကနေ အကြိမ်ပေါင်းများစွာထောက်ပံ့ငွေပေးရမယ့် ပုဂ္ဂိုလ်တွေ အများကြီးကျန်ရှိနေပါသေးတယ်။ ဖမ်းဆီးခံ၊ သတ်ဖြတ်ခံနေရတဲ့ ပုဂ္ဂိုလ်တွေ ရှိနေသမျှကာလပတ်လုံး ဦးဝင်းတင်ဖောင်ဒေးရှင်း တည်ရှိနေမှာဖြစ်ပါတယ်” ဟု နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဝင်းကျော်က ပြောသည်။

ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၂ ခုနှစ် မတ် ၁၂ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲမှစ၍ (၂၉)ကြိမ်မြောက်အထိ လက်ရှိနိုင်ငံရေးအကျဉ်းသား ၁၆၁ ဦး၊ နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ဘဝတူစာနယ်ဇင်းသမား ၆၃၂ ဦး စုစုပေါင်း ၇၉၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၉၁၉ သိန်း ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းမိသားစုများအတွက် ပညာရေးထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်အကိုင်ရှာဖွေပေးရေးလုပ်ငန်းစဉ်များကို ပြည်တွင်းမှ အလှူရှင်တစ်ဦးနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ပညာရေးထောက်ပံ့မှုအစီအစဉ်အဖြစ် နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် သားသမီးစုစုပေါင်း ၇၇၃ ဦးတို့အတွက် ထောက်ပံ့ငွေ ၈၂၉ သိန်း ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်း စေတနာဆေးကုခန်းကို ဖွင့်လှစ်ပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**(ဇာနည်မောင်)**




## ပြည်တွင်းရေးရာ

❐ မောင်းမကန်-မရင်းကြီးမှ

ရုပ်အလောင်းများအား ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ကျန်ရစ်သူ မိသားစုများက ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာ ယခုအချိန်အထိ တပ်မတော်သားအရာရှိ ရုပ်အလောင်း လေးလောင်းနှင့် စစ်သည်ရုပ်အလောင်း ကိုးလောင်း အပါအဝင် အမျိုးသားရုပ်အလောင်း ၁၅ လောင်း၊ အမျိုးသမီး ရုပ်အလောင်း ၁၆ လောင်းနှင့်ကလေးရုပ်အလောင်း လေးလောင်း၊ စုစုပေါင်း ရုပ်အလောင်း ၃၅ လောင်းအား ရုပ်အမည်ခွဲခြားမှု ပြုလုပ်နိုင်ခဲ့သည်။ ယနေ့တွင် အမျိုးအမည်ခွဲခြားနိုင်ပြီး ကျန်ရစ်သူ မိသားစုများက အတည်ပြုနိုင်သည့် ရုပ်အလောင်း ၁၂ လောင်းကို ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများ၊ တပ်မတော်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့ရာ စုစုပေါင်း ရုပ်အလောင်း ၃၅ လောင်းအား သဂြိုဟ်ပြီးစီးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၂.၆.၂၀၁၇ ရက်နေ့တွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပင်လယ်ပြင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်မြေပုံ။






စစ်ရေယာဉ်များဖြင့် ပင်လယ်ပြင်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ခြောက်မှုအား ရွေးကောက်ပွဲခုံအဖွဲ့ (၁) နှင့် (၂) ဖြင့် စတင်ကြားနာစစ်ဆေး

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက်တွင် အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈၊ နည်းဥပဒေ ၈၇ အရ တင်သွင်းလာသည့် ကန့်ကွက်လွှာအမှု ခြောက်မှုရှိခဲ့၍ ယင်းအမှုများကို ကြားနာစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က) (၂) အရ မေ ၂၅ ရက်စွဲပါ အမိန့်အမှတ်(၄/၂၀၁၇)နှင့် (၅/၂၀၁၇)တို့ဖြင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဥပဒေကျွမ်းကျင်သည့် သင့်လျော်သောနိုင်ငံသား နှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့ (၂)တို့ကို ဖွဲ့စည်းပေးခဲ့သည်။

ဇွန် ၁၂ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၁)က ကန့်ကွက်လွှာအမှုအမှတ် (၄/၂၀၁၇)၊ လျှောက်ထားသူ ဒေါက်တာဝဏ္ဏစိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) နှင့်လျှောက်ထားခံရသူ ဦးရှာမွေလရှန် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) အမှုနှင့် ကန့်ကွက်လွှာအမှုအမှတ် (၅/၂၀၁၇)၊ လျှောက်ထားသူ ဦးစံရွှေ(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးခင်မောင်ဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှုတို့ကိုလည်းကောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၇) လျှောက်ထားသူ ဦးတင်ယု (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) နှင့်လျှောက်ထားခံရသူ ဦးဝင်းမင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အမှု၊ ကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၁၇) လျှောက်ထားသူ ဦးနေလင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့်လျှောက်ထားခံရသူ ဦးနေကျော် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှု၊ ကန့်ကွက်လွှာအမှုအမှတ် (၃/၂၀၁၇) လျှောက်ထားသူ ဦးကျော်ဇင်ဟိန်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အမှုနှင့် ကန့်ကွက်လွှာအမှုအမှတ် (၆/၂၀၁၇) လျှောက်ထားသူ ဒေါက်တာဝင်းမြင့်အောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးညွန့်အောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှုတို့ကိုလည်းကောင်း စတင်ကြားနာစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပညာသင်စရိတ်နှင့် စာအုပ်၊စာရေးကိရိယာများ ပေးအပ်

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် စာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက စခန်းဗိမာန်ရုံ၌ ပြုလုပ်သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ကိုလတ်၊ စခန်းမှူး ဒုရဲမှူးစိုးအောင် နှင့် ဒုစခန်းမှူး ရဲအုပ်မျိုးမြင့်ဦးတို့က တပ်ဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ၊ စာအုပ်နှင့်စာရေးကိရိယာများကို အသီးသီးတစ်ဦးချင်း ပေးအပ်ကြသည်။

ပညာသင်စရိတ်နှင့် စာအုပ်၊ စာရေးကိရိယာများကို အဖွဲ့ဝင်များ၏ သားသမီးများ ဖြစ်ကြသော တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စုစုပေါင်း ၂၉ ဦးတို့အားပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(ခင်မောင်သော်)**



❂ မကာအိုနှင့်မြန်မာမှ

မြန်မာအသင်းအတွက်အရေးပါလာခဲ့ပြီး နိုင်ပွဲရယူနိုင်မှသာခြေစစ်ပွဲအောင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းနှင့် မကာအိုအသင်းသည် ၂၀၁၀ ခုနှစ် AFC Challenge Cup ခြေစစ်ပွဲတွင် တွေ့ဆုံဖူးပြီး မြန်မာအသင်းက လေးဂိုးပြတ်အနိုင်ရထားသည်။ မြန်မာအသင်းသည် မကာအိုနှင့်ပွဲအတွက်ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စင်ကာပူနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ စင်ကာပူလက်ရွေးစင်အသင်းနှင့် တစ်ဂိုးစီသရေကျပြီး စင်ကာပူကလပ် နီဂါတာအသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဝါရင့်ကစားသမားများပြန်လည်ပါဝင်လာပြီး လူငယ်ကစားသမားများလည်း ရွေးချယ်ထားသည်။

ယခုခြေစစ်ပွဲတွင် အာရှဘောလုံးအဖွဲ့ချုပ်၏စီစဉ်မှုဖြင့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျခဲ့ရာတွင် အသက်ဆုံးရှုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပွဲမစမီတစ်မိနစ်ငြိမ်သက်မည်ဖြစ်သည်။ ယခုပွဲကို MRTV မှ တိုက်ရိုက်ပြသမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "နှစ်သင်းစလုံးက ဖွင့်ပွဲမှာ ရလဒ်မကောင်းခဲ့ကြလို့ ဒီပွဲကအရေးကြီးပါတယ်။ အနိုင်ရဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ။ အဖွင့်ပွဲမှာ အိန္ဒိယကို နောက်ဆုံးမိနစ်သွင်းဂိုးနဲ့ အရှုံးပေးခဲ့ရတာကိုအခဲမကျေနိုင်သေးပါဘူး။ မကာအိုနဲ့ပွဲမှာ ဒီလိုမဖြစ်အောင် ကစားသမားတွေကိုတစ်ပွဲလုံးအာရုံစူးစိုက်မှုအပြည့်နဲ့ ကစားဖို့ မှာကြားထားပါတယ်" ဟု ပြောကြားသည်။

မြန်မာအသင်းခေါင်းဆောင် ရန်အောင်ကျော်က "ကျွန်တော်တို့ ဒီပွဲကိုမဖြစ်မနေ အနိုင်ကစားမှာပါ။ အနိုင်သုံးမှတ်ရဖို့ မိနစ် ၉၀ စလုံးကြိုးစားသွားမှာပါ။ စင်ကာပူခရီးစဉ်က အားသာချက်၊ အားနည်းချက်တွေကို သုံးသပ်ပြီး အကောင်းဆုံးကြိုးစားသွားမှာပါ" ဟု ပြောကြားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

## ဥတုရာသီ တောကိုမှီ၏

## SME လုပ်ငန်းများအတွက် ထောက်ပံ့မည့်ချေးငွေအမျိုးအစားတစ်ရပ်မိတ်ဆက်

**ရန်ကုန် ဇွန် ၁၂**

သမဝါယမဘဏ် (CB Bank)၏ ဒုတိယဥက္ကဋ္ဌ-၃ ဦးလှကြူ၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဇော်ထွန်း၊ ဂျာမနီနိုင်ငံသံရုံးမှ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတိုင်ပင်ခံအရာရှိ Dr. Katharina Spiess နှင့် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံမှ KfW ဖွံ့ဖြိုးရေးဘဏ် အရှေ့အာရှပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Christine Heimburger တို့ ဦးဆောင်၍ မြန်မာနိုင်ငံ၏ SME လုပ်ငန်းများအား ချေးငွေထောက်ပံ့မည့် အစီအစဉ်အတွက် Sule Shangri-La ဟိုတယ်၌ ယနေ့နံနက် ၁၁ နာရီတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအတွက် ကူညီထောက်ပံ့ပေးမည့်ချေးငွေအမျိုးအစားသစ်တစ်ရပ် မိတ်ဆက်ပွဲအခမ်းအနား ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြားဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။




အဆိုပါ ချေးငွေအမျိုးအစားအသစ်မှာ CB-KfW ချေးငွေဖြစ်ပြီး အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များအတွက် လုပ်ငန်းများပိုမိုတိုးတက်လာစေရန် ရည်ရွယ်သည်။ ချေးငွေမှာ ချေးငွေသက်တမ်းတစ်နှစ်မှ ငါးနှစ်အထိ ကာလလတ်နှင့်ကာလရှည်ချေးငွေနှစ်မျိုးရှိပြီး မြန်မာကျပ်သိန်း ၁၀၀၀ ထိ လျှောက်ထားနိုင်သည်။ အဆိုပါချေးငွေဖြင့် SME ကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်သည်။ KfWဖွံ့ဖြိုးရေးဘဏ်သည် ဂျာမနီနိုင်ငံတွင် SME လုပ်ငန်းများအား အကြီးမားဆုံး ဘဏ္ဍာရေးထောက်ပံ့သည့် ဘဏ်ဖြစ်သည့်နည်းတူ သမဝါယမဘဏ် (CB Bank) သည်လည်း မြန်မာနိုင်ငံတွင် SME လုပ်ငန်းများကို ဘဏ္ဍာရေးပံ့ပိုးမှုအနေဖြင့် CB-SME-CGI-CB-SME-JICA TSL အပြင် ယခုအခါ CB-KfW အစရှိသော SME ချေးငွေများဖြင့် SME လုပ်ငန်းရှင်များကို ဘဏ္ဍာရေး ဝန်ဆောင်မှုအများဆုံးပေးနေသော ဘဏ်ဖြစ်သည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

❐

# မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်ဆက်သွယ်သော အောင်တံခွန်တံတားဖွင့်

**မော်လမြိုင်ကျွန်း ဇွန် ၁၂**

မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါးကျေးရွာအုပ်စု ဓမ္မာရုံကျေးရွာနှင့် ကျိုက်လတ်မြို့နယ် မောင်ရိုးချောင်းကျေးရွာသို့ ဆက်သွယ်သော အောင်တံခွန်တံတားသစ်ဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက် ၁၁ နာရီက အောင်တံခွန်တံတားထိပ်၌ကျင်းပသည်။ တံတားဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ ဆရာတော်ဘဒ္ဒန္တကုမာရ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် တံတားအလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အောင်တံခွန်တံတားသစ် အလှူရှင် ဦးသိန်းလွင်မိသားစုက တံတားတည်ဆောက်မှု စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ယင်းအောင်တံခွန်တံတားသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ ကျော်တို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

အဆိုပါတံတားသစ်သည် အရှည် ပေ ၃၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၈ ပေရှိသော ကားများပါသွားလာနိုင်သည့် တံတားဖြစ်သည်။

**(မော်ကျွန်းမြင့်အောင်)**




## ဗိုလ်ချုပ်ကြေးရုပ်တု မင်းဘူးမြို့အတွင်းလှည့်လည်ပြသ

**မင်းဘူး ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ပြည်သူ့ပန်းခြံတွင် ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်တုကို ယနေ့ နံနက် ၁၀ နာရီတွင် မင်းဘူးမြို့အတွင်း ပြည်သူလူထုကို လှည့်လည်ပြသခဲ့သည်။ ဇွန် ၁၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ထိုသို့ လှည့်လည်ပြသရာတွင် မင်းဘူးမြို့ ဆားဗွက်ချောင်းတံတားမှစတင်၍ ကျောင်းသား ကျောင်းသူများက ဘင်ခရာအဖွဲ့ဖြင့် ကြိုဆိုခဲ့ပြီး မင်းဘူး-စကုကားလမ်းအတိုင်း မြောက်လည်းကောက် အဝိုင်းပတ်မှ အေးမြသာယာ၊ မန်းအိမ်ရာအထကကျောင်းလမ်း၊ မင်းဘူး-စကုကားလမ်းအဝိုင်းပတ်မှ ဘောလုံးကွင်းမြောက်ဘက်လမ်း၊ ဦးသြဘာသလမ်း၊ ဆွမ်းလောင်းရုံလမ်းမှ ပြည်သူ့ပန်းခြံသို့ လှည့်လည်ပြသခဲ့ရာ ပြည်သူလူထုက လမ်းတစ်လျှောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**(ဖိုးပြည့်)**

## ဝေးလောင်းကျေးရွာ၌ အခြေခံပညာ အလယ်တန်းကျောင်း ဖွင့်ပွဲကျင်းပ

**မင်းတပ် ဇွန် ၁၂**

ချင်းပြည်နယ် မင်းတပ်မြို့နယ် ဝေးလောင်းကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲကို ဇွန် ၇ ရက်က ကျောင်းဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ခရိုင်ဦးစီးမှူး ဦးလိန်းကီး(ပြန်/ဆက်)၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဇော်ဝင်း၊ ဦးရှိန်းလောဟာ(အမကအုပ်/ အလကပြ-ငြိမ်း) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူတို့နှင့်တွေ့ဆုံ၍ ကျောင်း၏ရေရှည်တည်တံ့ရေး၊ တိုးတက်ရေးနှင့် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခြင်း၊ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းကလေးများကို ပွင့်စေသူ ကဗျာချိုချို ဖန်တီးသူ

- ပန်းကလေးတွေ
  အပွင့်ဝေဝေလှတော့မည်။
- ရနံ့မြမြ
  လောကအနှံ့ဖြန့်တော့မည်။
- အလှလွင်လွင်
  ဘဝအဆင် ယဉ်တော့မည်။
- ကြည့်လိုက်စမ်းပါကွယ်
  ရှုလိုက်စမ်းပါကွယ်။
  သည်လမ်းကို ရွှေရည်လောင်းလေရော့
  ကျောင်းကလေးကို နေခြည်ဖျန်းပုံ
  ပန်းကလေးနဲ့ လိုက်ဖက်သည်။
- စိတ်ကူးနဲ့အတွေး
  အရေးနဲ့အဖွဲ့
  အိုဘယ့်...ဘယ်ကဗျာတစ်ပုဒ်ဟာ
  ကျွန်ုပ် နလုံးသားဆီ
  ခပ်ကြွားကြွားရောက်လာသည်။
- "ပန်းကလေးများ ပွင့်တော့မည်။
  ဖူးတံ ဝင့်လို့ချီ။
  နေခြည်မှာ ရွှေရည်လောင်း
  ငါတို့စာသင်ကျောင်း"တဲ့
  ခေါင်းလောင်းသံကို ကြားပြန်သည်
  (သို့သော်)
  ကဗျာဖွဲ့သူလွန်ခဲ့ပြီ
  ကဗျာမလွန်နိုင်ပါပြီ။

**(ကွယ်လွန်သူ ကဗျာဆရာ ပျဉ်းမနား မောင်နီသင်းသို့ လွမ်းဂါရဝဖြင့်)**

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသည့် မေ ၃၀ ရက်မှ ဇွန် ၅ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာအုပ် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၃၁ | နှစ်လောကတိုက်ပွဲ | ခင်မျိုးချစ် | ကံ့ကော်ဝတ်ရည် | ၂၇၀၀ |
| ၃၂ | ကောက်သစ်ပေါ်ဦး | ဒဂုန်တာရာ | ဇွန်ပွင့် | ၂၀၀၀ |
| ၃၃ | စိတ်ဖိစီးမှုဖြေဖျောက်နည်းနှင့် စိတ်ပညာစာပဒေသာ | မောင်ခေတ်ထွန်း လှတိုး (စိတ်ပညာ) | စိတ်ကူးချိုချို | ၂၀၀၀ |
| ၃၄ | မုန်တိုင်းအောက်က ငိုသံများ | သားကျော်လှိုင် | မျိုးဆက်သစ် | ၂၀၀၀ |
| ၃၅ | အစ္စလာမ်မစ်ဂျီဟတ်ဒစ်ကို့ရဲ့ အကြမ်းဖက်အန္တရာယ် | မောင်သွေးချွန် | မန်းချောင်း | ၅၀၀၀ |
| ၃၆ | လှပမှုနှင့် ရိုးရှင်းမှုကို ချစ်တတ်အောင် သင်ယူပါ | ဒေါက်တာဇော်မြင့်နီ | မျိုးဆက်သစ် | ၁၅၀၀ |
| ၃၇ | ဘဝတစ်မျက်နှာဟာသအတိုလေးများ | စစ်နွေ | ဟန်သာဆု | ၁၅၀၀ |
| ၃၈ | တိမ်ပူးတဲ့ရောဂါနဲ့ အရှူးရင့်တယ် | ယောဟန်အောင်၊ငြိမ်းဝေ | ကျော်မွေး | ၂၀၀၀ |
| ၃၉ | မြစ်သုံးစင်းရဲ့အိပ်မက်ပင်လယ် | ကလောင်စုံ | ယဉ်မျိုး | ၁၅၀၀ |
| ၄၀ | ပေါက်ပေါက်မြောက်မြောက် | မောင်ကိုကို (အမရပူရ) | The Key | ၅၀၀၀ |
| ၄၁ | အချစ်ရူးလေးရဲ့အချစ်ဦး | သိန်းသန်းထွန်း | တိုးမြစ် | ၄၅၀၀ |
| ၄၂ | ကလေးစိတ်နှင့် လူငယ်ဆောင်းပါးများ | မောင်ထင် | ဇွန်ပွင့် | ၁၅၀၀ |
| ၄၃ | သက်သတ်လွတ်ဆရာတော်ကြီးများ၏ အကျင့်မြတ်နှင့် တွေ့ကြုံရသည့် ဖြစ်ရပ်ဆန်းများ | ကျော်စံလင်း | မဇ္ဈိမ | ၄၀၀၀ |
| ၄၄ | အလိုက်တသိ ဗိုင်းရပ်စ်များ | ကျော်ဇင်ကိုကို | Global Piece Group | ၂၀၀၀ |
| ၄၅ | ယုန်မွေးမလား ကျားမွေးမလား | မောင်သာချို | လင်းလွန်းခင် | ၂၅၀၀ |
| ၄၆ | သမိုင်းဆိုင်ရာရုပ်ဝါဒ | အောင်ချိမ့် | နှင်းဆီဖြူ | ၂၀၀၀ |
| ၄၇ | လွတ်လပ်ခြင်းကို စီးနင်းလိုက်ပါခဲ့ကြသူများ | အောင်မိုးဝင်း | နှင်းဆီဖြူ | ၃၀၀၀ |
| ၄၈ | သူမ | မင်းအာဒမ် | စာပေနန်းတော် | ၃၀၀၀ |
| ၄၉ | လကမ္ဘာသို့ အပြိုင်အဆိုင် | သိပ္ပံမင်းကြည် | ရွှေစာပေ | ၆၀၀၀ |
| ၅၀ | ကံ၊ ဉာဏ်၊ ဝီရိယပြည့်စုံမှ | အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ | ပါရမီစာပေ | ၈၀၀၀ |
| ၅၁ | အိန္ဒိယပြည်ကုသိန္နာရုံဆရာတော်ဘုရားကြီး | Quality အယ်ဒီတာအဖွဲ့ | ဆုပြည့်စုံထွန်း | ၂၀၀၀ |
| ၅၂ | ပခုက္ကူဆရာတော်ဘုရားကြီး အရှင်ပညာမဟာထေရ် | Quality အယ်ဒီတာအဖွဲ့ | ဆုပြည့်စုံထွန်း | ၂၀၀၀ |
| ၅၃ | တတိယကုသိန္နာရုံဆရာတော်ဘုရားကြီး | Quality အယ်ဒီတာအဖွဲ့ | ဆုပြည့်စုံထွန်း | ၂၀၀၀ |
| ၅၄ | အဘယာရာမဆရာတော်ဘုရားကြီး | Quality အယ်ဒီတာအဖွဲ့ | ဆုပြည့်စုံထွန်း | ၂၀၀၀ |
| ၅၅ | ဗိုလ်တထောင်စေတီတော်သမိုင်း | Quality အယ်ဒီတာအဖွဲ့ | ဆုပြည့်စုံထွန်း | ၂၅၀၀ |
| ၅၆ | ဆူးလေစေတီတော်သမိုင်း | Quality အယ်ဒီတာအဖွဲ့ | ဆုပြည့်စုံထွန်း | ၂၅၀၀ |
| ၅၇ | မယ်လမုစေတီတော်သမိုင်း | Quality အယ်ဒီတာအဖွဲ့ | ဆုပြည့်စုံထွန်း | ၂၅၀၀ |
| ၅၈ | ဂျော့ဂ်ျအိပ်ချ်ဒဗလျူဘုရှ် | Quality အယ်ဒီတာအဖွဲ့ | Quality | ၄၅၀၀ |
| ၅၉ | ရှီကျင့်ဖျင် | Quality အယ်ဒီတာအဖွဲ့ | Quality | ၂၅၀၀ |
| ၆၀ | ကင်ဂျုံအွန် | Quality အယ်ဒီတာအဖွဲ့ | Quality | ၄၀၀၀ |

# ရမည်းသင်းမြို့ မိုးထိ မိုးမိဒေသ ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၁၀ ရက် မွန်းတည့် ၁၂ နာရီက ရမည်းသင်းမြို့ မိုးထိ မိုးမိဒေသ ရွှေသတ္တုတူးဖော်မှုလုပ်ငန်းမှ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေသတ္တုတူးဖော်မှုအုပ်စု ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များကို အမျိုးသားကြီးပွားတိုးတက်ရေးရွှေသတ္တုတူးဖော်မှုအုပ်စုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းအောင်စိုးက ရွှေသတ္တုတူးဖော်နေမှု လည်ပတ်ပုံအဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထုတ်လုပ်မှုကို မြင့်တင်ကာ နိုင်ငံတော်အခွန်ဘဏ္ဍာငွေများ မှန်ကန်စွာ ထမ်းဆောင်စေရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားများအခွင့်အရေးအပြည့်အဝ ရရှိရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးထိ မိုးမိဒေသ ရွှေသတ္တုတူးဖော်လျက်ရှိသည့် ရွှေစင် Adit (၈)လုပ်ကွက်၊ ထုံးကြီးလုပ်ကွက်၊ ရွှေစက်ရုံ တန် (၅၀၀ + ၅၀၀) နှင့် Tailing Dum၊ ရွှေစက်ရုံတန် (၂၀) တို့နှင့် ရွှေသန့်စင်အလုပ်ရုံတို့ကို ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၇ နာရီက မိုးထိ၊ မိုးမိဒေသ မိုင်းမြို့ အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူ ၁၆၀ တို့အား ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများပေးအပ်လှူဒါန်းပြီး မိုင်းမြို့ ဆေးရုံဆေးပေးခန်းနှင့် ရွှေပဒေသာ စျေးတို့အား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

❑





# တောင်သူပညာပေး စပါးစိုက်ပျိုးနည်းစနစ်ကွင်းသရုပ်ပြ

**သီပေါ ဇွန် ၁၂**

၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးရာသီ၌ SRI စိုက်စနစ်၊ BMP စိုက်စနစ်ကြပက်၍ တိုက်ရိုက်အစေ့ချစိုက်စနစ်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဆွန်အို့ကျက်(ကြံခင်း) ကျေးရွာ တောင်သူလယ်သမားကြီး လုံးရွက်ခမ်းမောင်စိုက်ပျိုးထားသော လယ်မြေ၌ ဇွန် ၁၁ ရက် နံနက် ၉ နာရီက တောင်သူများ သွားရောက်လေ့လာကြသည်။

အဆိုပါတောင်သူပညာပေးကွင်းလက်တွေ့သရုပ်ပြပွဲတွင် ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းက စိုက်ပျိုးနည်းစနစ်အကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားမှုများနှင့် ခေါင်နှံဖြင့် စိုက်ပျိုးထားသော မျိုးသန့်မျိုးပွားစိုက်ခင်းများသို့ တောင်သူများ စိတ်ပါဝင်စားစွာ လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြသည်။

တောင်သူလယ်သမားများ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ဒေသနှင့်ကိုက်ညီမှုရှိပြီး စီးပွားရေးတွက်ခြေကိုက်မည့် စိုက်ပျိုးစနစ်များ ရရှိစေရန် ရည်ရွယ်၍ ယခုကဲ့သို့ တောင်သူပညာပေးကွင်းဆင်းလက်တွေ့သရုပ်ပြပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းက ပြောသည်။

တောင်သူပညာပေးကွင်းဆင်းလက်တွေ့သရုပ်ပြပွဲသို့ ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သီပေါမြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်မြေစာရင်းဦးစီးမှူး ဦးသိန်းဇော်နှင့် ကွင်းတာဝန်ခံဝန်ထမ်းများ၊ ဆွန်အို့ကျက်ကျေးရွာအုပ်စုအတွင်းမှ တောင်သူလယ်သမား ၆၀ ကျော်ခန့် တက်ရောက်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ကရင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ငွေလုံးငွေရင်းစိုက်ထုတ်ဆောင်ရွက်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အား ဟသ်ာဇကရီကုမ္ပဏီမှ လာရောက်တွေ့ဆုံ

**ဘားအံ ဇွန် ၁၂**

ကရင်ပြည်နယ်အတွင်း ဟသ်ာဇကရီကုမ္ပဏီလီမိတက်မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ငွေလုံးငွေရင်းစိုက်ထုတ်၍ ဆောင်ရွက်နိုင်ရန် ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံရာတွင် ဟသ်ာဇကရီကုမ္ပဏီလီမိတက်အနေဖြင့် ထိုင်းနိုင်ငံ အခြေစိုက် ဂျပန်၊ ကိုရီးယား၊ ထိုင်းကုမ္ပဏီများနှင့်ပူးတွဲ၍ ပြည်တွင်း၊ ပြည်ပအတတ်ပညာရှင်များဖြင့် လျှပ်စစ်ဓာတ်အားပေးရေးစနစ်များ၊ (ရေအားလျှပ်စစ်၊ ဆိုလာ၊ လေကြောင်းလျှပ်စစ်)စသည့် လေဆိပ်တည်ဆောက်ရေးစီမံကိန်းများ၊ တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးမျှအိမ်ရာများ တည်ဆောက်ရေးလုပ်ငန်းများ၊ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများ၊ ထိုင်းနှင့် မလေးရှားနိုင်ငံများမှ မြန်မာနိုင်ငံသားများကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် စက်မှုဇုန်တည်ဆောက်ခြင်းလုပ်ငန်းများတွင် ငွေလုံးငွေရင်းစိုက်ထုတ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားလိုကြောင်း တင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အမြဲတံခါးဖွင့်လှစ်ထားပါကြောင်း ပြောကြားပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့်လုပ်ငန်းများအား မြေပြင်တွင် ကွင်းဆင်းလေ့လာပြီး လုပ်ငန်းစီမံချက်များကို အသေးစိတ်ရေးဆွဲ၍ ပြန်လည်တင်ပြရန် လမ်းညွှန်မှာကြားသည်။

ထိုသို့လာရောက်တွေ့ဆုံရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီး အကဲများ၊ ဟသ်ာဇကရီကုမ္ပဏီလီမိတက်မှ အတိုင်ပင်ခံ ဦးသိန်းထွန်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်နွယ်နွယ်အေး၊ အတွင်းရေးမှူး ဒေါ်ခင်သူဇာနှင့် ဒါရိုက်တာ ဦးညီညီတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မုံရွာမြို့ ကန်သာယာစိမ်းလန်းစိုပြည်သာယာရေးနှင့်အတူ မသမာသူတို့၏ဖျက်ဆီးမှုကိုပါ မျက်ခြည်မပြတ်စောင့်ကြည့်အရေးယူရန်လိုအပ်

**မုံရွာ ဇွန် ၁၂**

မုံရွာမြို့ သာယာလှပရေးအတွက် ကန်သာယာစိမ်းလန်းစိုပြည်သာယာရေးကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်အတူ မသမာသူတို့၏ဖျက်ဆီးမှုကိုပါ မျက်ခြည်မပြတ်စောင့်ကြည့်အရေးယူရန်လည်း အထူးလိုအပ်နေကြောင်း မုံရွာဒေသခံတို့က အကြံပြုထားသည်။

"မုံရွာကိုလာတဲ့သူအားလုံး စိတ်ချမ်းသာစေဖို့ ကန်သာယာစိမ်းလန်းစိုပြည်သာယာရေးလုပ်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် လက်ရှိမှာ ရှေ့က သာသာယာယာဖြစ်အောင် လုပ်ပြီး နောက်က ဖျက်လိုဖျက်ဆီးလုပ်တဲ့အတွက် ပြန်ပြင်နေရတာတွေက မပြီးနိုင်မစီးနိုင်ဖြစ်နေတာတွေ တွေ့နေရပါတယ်။ ဘယ်သူလုပ်တယ်ဆိုတာကိုလည်း သက်ဆိုင်ရာအနေနဲ့ ဖော်ထုတ် အရေးယူနိုင်တယ်လို့ မကြားမိသေးပါဘူး"ဟု မုံရွာမြို့ခံတစ်ဦးက ပြောသည်။

မုံရွာမြို့ ကန်သာယာစိမ်းလန်းသာယာစိုပြည်ရေးအတွက် တိုင်းဒေသကြီးအစိုးရက မုံရွာမြို့လူထု၏အားဖြင့် ကန်သာယာပတ်လည် သန့်ရှင်းရေးများ ပြုလုပ်သွားမည်ဖြစ်သည်။ လက်ရှိ သစ်ပင်ကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရန် ဆောင်ရွက်သွားမည့်အပြင် ကန်အတွင်းမှ အမှိုက်နှင့် ဗေဒါများကို စက်ယန္တရားဖြင့်ရှင်းလင်းကာ ကန်သာယာ ဥယျာဉ်နှင့် ကျောက်တိုင်ကျွန်းတို့တွင် ပန်းအလှပင်များစိုက်၍ ပုံဖော်ခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီး ထောက်ပံ့ငွေကျပ် ၂၄၈၂ ဒသမ ၁၇ သန်း အကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကန်သာယာတွင် အားကစားပစ္စည်းများ၊ အိုးပွေ့အမျိုးသမီးရုပ်၊ ပန်းလှည်းသံစင်ရထားလုံး၊ ပန်းလှေများ၊ မြားနတ်မောင်ရုပ်တု၊ ထန်းလုံးနံရံပန်းကလပ်၊ သစ်သားလေညင်းခံဆောင်၊ ရေတံခွန်ငယ်များဖြင့် အလှဆင်ထားသည်ကိုတွေ့ရသည်။ ပြီးခဲ့သည့် ဇွန် ၄ ရက်က ကန်သာယာရှေ့ ဗိုလ်ချုပ်လမ်းဘေးတွင် အလှဆင်ထားသော အိုးပွေ့အမျိုးသမီးရုပ်တုနှင့် ဘဲငန်းရုပ်များအား မီးရှို့ဖျက်ဆီးထားသည်ကိုတွေ့ရသဖြင့် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ဇွန် ၁၀ ရက်တွင် တရားလိုပြုတိုင်တန်းရာ မုံရွာမြို့ မြို့မရဲစခန်းက (ပ)၆၄၆/၂၀၁၇ ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ-၆(၁)အရ အမှုဖွင့်ကာ ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့ ဗိုလ်ချုပ်လမ်းအရှေ့ဘက်ကန်သာယာသည် ၁၉၁ ဒသမ ၆၁ ဧကကျယ်ပြီး အနောက်ဘက်ကန်သာယာသည် ၄၇ ဒသမ ၂၂၆ ဧက ကျယ်ဝန်းရာ နှစ်ကန်ပေါင်း ၂၃၈ ဒသမ ၈၃၆ ဧက ကျယ်ဝန်းသည်။ အရှေ့ဘက်ကန်သာယာအတွင်း ၂ ဒသမ ၅၅ ဧကရှိ ကျောက်တိုင်ကျွန်း၊ သုည ဒသမ ၇၅ ဧကရှိ ကုက္ကိုကျွန်း၊ ၁ ဒသမ ၅၅ ဧကရှိ ရွှေလိမ္မော်ကျွန်းနှင့် ၁ ဒသမ ၆၅ ဧကရှိ ရွှေတိဂုံပုံတူစေတီဘုရားကျွန်းတို့တည်ရှိပြီး ကန်သာယာအတွင်းသို့ ချင်းတွင်းမြစ်ရေတံခါးမှ မြစ်ရေတက်ချိန်သွင်းယူသည့်စနစ်နှင့် ကုန်းတွင်းပိုင်းရေများ စီးဝင်သည့်စနစ်တို့ဖြင့် ရေဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆွေးနွေးသုံးသပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်တိုင်းဦးစီးမှူး ဦးဌေးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် စီမံကိန်းတာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးကြရာ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။ **ကိုကိုရှုပ(နေပြည်တော်)**

## အထောက်အထားမဲ့ သစ်များသယ်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိ

**ရန်ကုန် ဇွန် ၁၂**
တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးလျက်ရှိရာ ဇွန် ၉ ရက်နှင့် ၁၀ ရက်တို့တွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များပေါ်တွင် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် သစ်များ သယ်ဆောင်လာမှုကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



ဇွန် ၉ ရက်က မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် (၆) ဘီးယာဉ်နှင့် ဇွန် ၁၀ ရက်တွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် Hilux၊ AD Van၊ Mark II Blit ယာဉ်တို့အား ရေပူအမြဲတမ်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော တမလန်းခားရွေသစ် ၅၇ တုံး(၄ ဒသမ ၆၇၉၂ တန်)၊ ပိတောက်ခားရွေ၊ ပိတောက်သစ်လုံး၊ ပိတောက်သစ်တိုင် စုစုပေါင်း ၁၄ တုံး (သုည ဒသမ ၆၅၅၈ တန်)နှင့် သယ်ဆောင်လာသည့် ယာဉ်များအပါအဝင် စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၅၂ ဒသမ ၇၀၉၂ သန်းအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးလျက်ရှိရာ ဇွန် ၁၁ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁ ဒသမ ၄၃၅၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှုရှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၂၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၉ ဒသမ ၉၃၅၈ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်နှင့် စာသင်ကျောင်းများ ရေနစ်မြုပ်

**နတ်တလင်း ဇွန် ၁၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ဇွန် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲထိ အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် မြို့၏ အရှေ့ဘက်တောင်ညိုဆည် ရေဝပ်ဧရိယာ၏အထက်နတ်တလင်းမြို့မှ ၂၅ မိုင်ခန့်အကွာရှိ ပျဉ်းမခေါင်ကျေးရွာ၊ ကြက်မနက်ကျေးရွာနှင့် ကရင်ဆင်ဆွဲကျေးရွာတို့တွင် တောင်ကျရေနှင့် တောင်ညိုချောင်းရေကြီးရေလျှံမှုတို့ကြောင့် ကျေးရွာများအတွင်း ရေများဝင်ရောက်သဖြင့် ပျဉ်းမခေါင်ရွာတွင် နေအိမ်အလုံး ၂၀ ခန့် ကြက်မနက်ရွာတွင် နေအိမ်နှစ်လုံးခန့်နှင့်စာသင်ကျောင်းတို့ ရေဝင်နစ်မြုပ်လျက်ရှိပြီး ကရင်ဆင်ဆွဲရွာထိပ်ရှိ တောင်ညို ချောင်းကူးတံတားမှာရေစီးနှင့်မျောပါသွားကြောင်း ကျန်လူနေအိမ်အချို့အတွင်းသို့လည်း ရေများဝင်ရောက်လျက်ရှိနေသဖြင့် ၎င်းအိမ်များမှ အိမ်ထောင်စုဝင်များသည် နီးစပ်ရာ တောင်ကုန်းပေါ်များ၌ ယာယီတဲထိုး၍ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများ၏လုံခြုံရေး၊ နေထိုင်စားသောက်ရေးကိစ္စများ ကူညီဆောင်ရွက်ပေးရန်အတွက် တောင်ညိုစခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ တောင်ညိုမြို့သစ်ရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မြို့နယ်ရေဘေးကယ်ဆယ်ရေးအဖွဲ့တို့က ကူညီဆောင်ရွက်ပေးရန် သွားရောက်ပြီး ရေကြီးနစ်မြုပ်ဖြစ်ပေါ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုစာရင်းအား မသိရသေးကြောင်း သိရသည်။ **(၀၇၁)**



## ယာယီဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဇွန် ၁၂**
ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ ၂၃၀/၃၃ ကေဗွီ ၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီဓာတ်အားလိုင်းများတည်ဆောက်ပြီးဖြစ်ပြီး ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်နိုင်ရေး ၂၃၀ ကေဗွီ လှိုင်သာယာ-ဘုရင့်နောင်လိုင်းနှင့် ၂၃၀ ကေဗွီ လှိုင်သာယာ(ကနောင်)ဓာတ်အားခွဲရုံအဝင်/အထွက်လိုင်းများ ဆက်သွယ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

ယင်းလုပ်ငန်းဆောင်ရွက်ရာတွင် ၂၃၀ ကေဗွီလှိုင်သာယာ-ဘုရင့်နောင်ဓာတ်အားလိုင်းအပါအဝင် ရပ်ကွက်များသို့ ဖြန့်ဝေသော ဓာတ်အားလိုင်းများကို ဇွန် ၁၇ ရက် မွန်းလွဲ၁၂ နာရီမှ ဇွန် ၁၈ ရက် ညနေ ၆ နာရီအထိ နာရီ ၃၀ ကြာ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်သည်။

ဓာတ်အားလိုင်းများ ဓာတ်အားပိတ်မှုကြောင့် လှိုင်သာယာမြို့နယ်ရှိ အမှတ် (၅၃၆)ခြေမြန်တပ်ရင်း၊ စက်မှုဇုန်(၁၊ ၆)၊ စက်မှုဇုန်(၂)၏ အချို့နေရာများ၊ (၂၊ ၃၊ ၅၊ ၉၊ ၈၊ ၁၂၊ ၁၃၊ ၁၄) ရပ်ကွက်များ၊ ကျန်စစ်သားအိမ်ရာ၊ အောင်ဇေယျအိမ်ရာ၊ ရွှေဘုံသာအိမ်ရာ၊ ရှမ်းချောင်း၊ဒိုင်စု၊ ညောင်ရွာ၊ အတွင်းပဒံ၊ အပြင်ပဒံကျေးရွာများ၊ ကမာရွတ်မြို့နယ်ရှိ (၁၇၊ ၁၈၊ ၁၉၊ ၂၀) ရပ်ကွက်များ၊ လှိုင်မြို့နယ်ရှိ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊)ရပ်ကွက်များ၊ စမ်းချောင်းမြို့နယ်ရှိ မြေနီကုန်း(တောင်၊ မြောက်)၊ မုန့်လက်ဆောင်းကုန်း(တောင်၊ မြောက်)ရပ်ကွက်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ကျွန်းတော (တောင်၊ လယ်၊ မြောက်)ရပ်ကွက်နှင့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရပ်ကွက်များ၊ တွံတေးမြို့နယ်၊ ဒလမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တို့တွင် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မည်ဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူထံသို့ အသိပေးပန်ကြားထားသည်။ **(ကြေးမုံ)**

## မံစီမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၂**
ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မံစီမြို့နယ် ဟန်ထက်ကျေးရွာနေ ဝင်းနိုင်၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၇ ဂရမ်တို့ သိမ်းဆည်းရမိခဲ့သဖြင့် ဝင်းနိုင်(ခ)ဖိုးသားကြီးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဝင်းနိုင်(ခ) ဖိုးသားကြီးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## မောင်တောမြို့နယ်၌ လူသတ်မှုဖြစ်

**နေပြည်တော် ဇွန် ၁၂**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရှိတာရွာ၌ ယမန်နေ့ နံနက်ပိုင်းက ညီအစ်ကို နှစ်ဦး စကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ရှိတာရွာနေ အီမန်ဟူဆိန်းနှင့် ညီဖြစ်သူ ဆွေယော့တူဆောင်းတို့သည် ယမန်နေ့ နံနက် ၁၀နာရီခွဲခန့်က လယ်ထွန်ခြင်းကိစ္စနှင့်ပတ်သက်၍ စကားများရာမှ ဆွေယော့တူဆောင်းက အသင့်ပါလာသော ဓားဖြင့်ခုတ်သဖြင့် အီမန်ဟူဆိန်းတွင် ယာပါး၊ ကုတ်၊ ကျောပြင်ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စစ်တွေမြို့နယ်၌ WY စိတ်ကြွရူးသွပ်ဆေးပြား ၃၄သိန်း ကာလတန်ဖိုးငွေကျပ် သိန်း ၆၀၀၀၀ ကျော် သိမ်းဆည်းရမိ


**နေပြည်တော် ဇွန် ၁၂**
ရခိုင်ပြည်နယ် စစ်တွေမြို့ ရေချမ်းပြင်ဆိပ်ကမ်း၌ ယမန်နေ့ နံနက်ပိုင်းက WY စိတ်ကြွရူးသွပ်ဆေးပြား ၃၄ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ နံနက် ၁၁ နာရီခွဲခန့်က ရေချမ်းပြင်ဆိပ်ကမ်း၌ ရှာဖွေစစ်ဆေးစဉ် စစ်တွေမြို့ ပါဒလိပ်ကျေးရွာနေ ဦးအောင်စောသန်း မောင်းနှင်လာသော မော်တော်ယာဉ်၏ယာဉ်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ တင်ဆောင်လာသော WY စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀၀ ပါ အထုပ် ၃၄၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၄ သိန်း ခန့်မှန်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၆၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူအား စစ်ဆေးချက်အရ ပုဏ္ဏားကျွန်းမြို့နေ ဦးစံအောင်ကျော်က ယာဉ်မောင်းနှင်ခ ငွေကျပ်နှစ်သိန်းနှင့် ခရီးစရိတ်ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် လေးသိန်းပေး၍ ယာဉ်အား စစ်တွေမြို့မဈေးအနီး ပို့ဆောင်ပေးရန် မှာကြားသဖြင့် ထွက်ခွာလာရာမှ ဇက်ကူးရန် ရေချမ်းပြင်ဆိပ်ကမ်းသို့ရောက်ရှိစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မောင်တောမြို့နယ်တွင် တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်သူ တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် မောင်တော-အငူမော် ကားလမ်း၌ နယ်မြေ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ ညနေ ၅ နာရီခန့်က ပိုက်ဆိပ်ကျေးရွာနေ မာမွတ်အီဆလာမ်အား တွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းသည်တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့သူဖြစ်၍ အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ထားပြီး ၂၀၀၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် BD ပြေးအဖြစ် ကြေညာထားကြောင်း သိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပင်လယ်လှိုင်းပုတ်ခတ်မှုကြောင့် ငါးလှန်းစင်များ မျောပါ

**ရေး ဇွန် ၁၂**
မွန်ပြည်နယ် ရေးမြို့နယ် ကုလားကုတ်ကျေးရွာအုပ်စု အပေါ်ဆိပ်ကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ ပရျူးချောင်းအပိုင်း၌ ဇွန် ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပင်လယ်လှိုင်းပုတ်ခြင်းကြောင့် ငါးလှန်းစင်များ ပင်လယ်ထဲ မျောပါသွားခဲ့ကြောင်း သိရသည်။

ပင်လယ်ကမ်းစပ်တွင်ဆောက်လုပ်ထားသောငါးလှန်းစင် ၁၄စင်ရှိသည့်အနက် ကိုးစင်မှာ လှိုင်းပုတ်ခတ်ခြင်းကြောင့် ပင်လယ်ထဲမျောပါသွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါပင်လယ်ရေလှိုင်းပုတ်ခတ်မှုကြောင့်ပင်လယ်ရေထဲမျောပါသွားသော ငါးလှန်းစင် ကိုးစင်မှာ သစ်ဝါးနှင့်ပြုလုပ်ထားပြီး အလျား ၄၅ ပေ၊ အနံ ပေ ၃၀ အရွယ်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**





# ထိုကြောင့် နာဒယ်လ်တု ခေါ်သည်

နာဒယ်လ်၏ ပြင်သစ်အိုးပင်းဗိုလ်လုပွဲများတွင် အနိုင်ရရှိခဲ့မှု မှတ်တမ်း

| | | |
|---|---|---|
| ၂၀၀၅ ခုနှစ် | မာရီယာနိုပွဲတာ(အာဂျင်တီးနား)ကို | ၆-၇၊( ၆-၈)၊ ၆-၃၊ ၆-၁၊ ၇-၅ဖြင့် နိုင်။ |
| ၂၀၀၆ ခုနှစ် | ရိုဂျာ ဖက်ဒဲရာ(ဆွစ်ဇာလန်)ကို | ၁-၆၊ ၆-၁၊ ၆-၄၊ ၇-၆၊ (၇-၄)ဖြင့်နိုင်။ |
| ၂၀၀၇ ခုနှစ် | ရိုဂျာဖက်ဒဲရာ(ဆွစ်ဇာလန်)ကို | ၆-၃၊ ၄-၆၊ ၆-၃၊ ၆-၄ဖြင့် နိုင်။ |
| ၂၀၀၈ ခုနှစ် | ရိုဂျာဖက်ဒဲရာ(ဆွစ်ဇာလန်)ကို | ၆-၁၊ ၆-၃၊ ၆-၀ဖြင့် နိုင်။ |
| ၂၀၁၀ ခုနှစ် | ရော်ဘင်ဆိုဒါလင်း(ဆွီဒင်)ကို | ၆-၄၊ ၆-၂၊ ၆-၄ဖြင့်နိုင်။ |
| ၂၀၁၁ ခုနှစ် | ရိုဂျာဖက်ဒဲရာ(ဆွစ်ဇာလန်)ကို | ၇-၅၊ ၇-၆၊ (၇-၃)၊ ၅-၇၊ ၆-၁ဖြင့် နိုင်။ |
| ၂၀၁၂ ခုနှစ် | နိုဗက်ဂျိုကိုဗစ်ချ်(ဆားဘီးယား)ကို | ၆-၄၊ ၆-၃၊ ၂-၆၊၇-၅ဖြင့်နိုင်။ |
| ၂၀၁၃ ခုနှစ် | ဒေးဗစ်ဖာရာ(စပိန်)ကို | ၆-၃၊ ၆-၂၊ ၆-၃ဖြင့် အနိုင်ရ။ |
| ၂၀၁၄ ခုနှစ် | နိုဗက်ဂျိုကိုဗစ်ချ်(ဆားဘီးယား)ကို | ၃-၆၊ ၇-၀၅၊ ၆-၂၊ ၆-၄ဖြင့် အနိုင်ယူ။ |
| ၂၀၁၇ ခုနှစ် | စတန်းဝေါ်ရင်ကာ(ဆွစ်ဇာလန်)ကို | ၆-၂၊ ၆-၃၊ ၆-၁ဖြင့် အနိုင်ယူ။ |

***မြေစေးကွင်းနီနီပေါ် ချွေးစက်တွေဟာ နှစ်နာရီကျော်ကြာ ရေပေါက်တွေကျသလို ကျဆင်းခဲ့ပြီးနောက် သူဟာ ရက်ကတ်(တင်းနစ်ရိုက်တံ)ကို လွှင့်ပစ်ပြီး အနီရင့်ရောင်သန်းနေတဲ့ မြေစေးကွင်းထဲကို ပက်လက်လှန်ပြီး ခဏတာ မိန်းမောလိုက်တယ်။ ပင်ပန်းခြင်းကြီးစွာ ယှဉ်ပြိုင်ခဲ့ရပေမယ့် အားလုံးသိချင်နေကြတဲ့ မေးခွန်းတစ်ခုရဲ့ အဖြေကို သေသေသပ်သပ်ချပြနိုင်ခဲ့လို့ တကယ့်ကို ကျေနပ်စရာလို့လည်း သူတွေးနေတယ်။ မျက်လုံးကိုမှေးစင်း အသက်ကိုဝအောင်ရှူပြီးနောက် ပြန်ထလာပြီး လွန်ခဲ့တဲ့နှစ်နှစ်တာကာလက အဆိုးတွေကို အပြီးတိုင်လွှင့်ပစ်လိုက်နိုင်ပြီဆိုတဲ့စိတ်နဲ့ ပီတိတွေ ဖြာဝေနေခဲ့တယ်။ "ကျွန်တော် တစ်နေ့ ရိုလန်ဂဲရော့စ်ကွင်းကြီးထဲ အောင်ပွဲတွေနဲ့ ပြန်လာခဲ့မယ်" လို့ ၂၀၁၅ ခုနှစ် ရှုံးပွဲကြုံခဲ့ရစဉ်က သူပြောခဲ့တာပါ။ နှစ်နှစ်တာစောင့်ဆိုင်းခဲ့ရပေမယ့် ဒီနေ့တော့ သူဟာ လိုတာထက်ပိုတဲ့ စွမ်းဆောင်ချက်တွေနဲ့ ပြိုင်ဘက်ကို အလဲထိုးပြီ သူ့ရဲ့အကောင်းဆုံးအချိန်တွေ မကုန်ဆုံးသေးဘူးဆိုတာကို သက်သေထူနိုင်ခဲ့တယ်။ သူဆိုတာကတော့ အခြားသူမဟုတ်ပါဘူး၊ အားလုံးသိထားပြီးဖြစ်တဲ့ မြေစေးကွင်းဘုရင် "ရာဖေးလ်နာဒယ်လ်" ပါ။***

မေလွဲသင်း
ရေးသားသည်

ဇွန် ၁၁ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ခဲ့တဲ့ ပြင်သစ်အိုးပင်းဗိုလ်လုပွဲမှာ ရာဖေးလ်နာဒယ်လ်က စတန်းဝေါ်ရင်ကာကို ၆-၂၊ ၆-၃၊ ၆-၁ နဲ့ နှစ်နာရီ ငါးမိနစ်ကြာ ယှဉ်ပြိုင်ပြီး သူ့အတွက် (၁၀)ကြိမ်မြောက် ပြင်သစ်အိုးပင်းအဖြစ်သာမက ၁၅ ခုမြောက် ဂရင်းစလင်းဖလားဆုဖလားအဖြစ် ရယူသွားနိုင်ခဲ့ပါပြီ။ နာဒယ်လ်ကို အရေးနိမ့်ခဲ့တဲ့ ဝေါ်ရင်ကာကတော့ သူနဲ့ရင်ဆိုင်ဖူးသမျှထဲ ဒီနေ့ နာဒယ်လ်ကစားတာ အကောင်းဆုံးပဲလို့ ချီးကျူးစကားဆိုခဲ့ပါတယ်။ ဝေါ်ရင်ကာက ဗိုလ်လုပွဲမှာ ရင်ဆိုင်ရမယ့် နာဒယ်လ်ဟာ မြေစေးကွင်းအတွင်း အခက်ခဲဆုံးပြိုင်ဘက်ဆိုတာကို သဘောပေါက်တာကြောင့် ပထမအဆင့်ကနေ ယခု ဗိုလ်လုပွဲမတိုင်မီအထိ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲတွေနဲ့မတူတဲ့ ဗျူဟာနဲ့ ရင်ဆိုင်ခဲ့ပေမယ့် နာဒယ်လ်ရဲ့ အနီးအဝေး ရိုက်ချက်တွေ၊ ပြိုင်ဘက်ကို အလစ်အငိုက်ဖမ်းပြီး အားပါပါတုံ့ပြန်တဲ့ တန်ပြန်ရိုက်ချက်တွေအကြား ကမ္ဘာ့အဆင့်(၃)ကစားသမား ဝေါ်ရင်ကာတစ်ယောက် ကျေကျေနပ်နပ်ကြီး အရှုံးပေးခဲ့ရတာဖြစ်ပါတယ်။

ပွဲအပြီးမှာ ပျော်ရွှင်နေတဲ့ နာဒယ်လ်က "ကျွန်တော် မကြုံစဖူး ပျော်ရွှင်နေတယ်ဆိုတာ ယုံကြည်ပေးပါ။ ကျွန်တော်စွမ်းနိုင်ရင် ကျန်တဲ့သူတွေလည်းပဲ စွမ်းနိုင်ကြမှာပါပဲ။ပြင်သစ်အိုးပင်းမှာ (၁၀)ကြိမ်တိုင် အောင်ပွဲဆင်နိုင်ဖို့ဆိုရင် မှန်ကန်တဲ့အခြေအနေ၊ အချိန်ကိုက်ဖြစ်လာတဲ့ အခြားအရာတွေလည်း ပါဝင်ဖို့တော့ လိုအပ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ထက်ပိုကောင်းတဲ့ ကစားသမားတွေနဲ့ ရင်ဆိုင်ရရင် ဘယ်လိုဖြစ်လာနိုင်မလဲ ဆိုတာတော့ ကျွန်တော်မသိပါဘူး" လို့ ဆိုခဲ့ပါတယ်။

နာဒယ်လ်ဟာ ၂၀၀၅ ခုနှစ်ကတည်းက ယနေ့အထိ ပြင်သစ်အိုးပင်းမှာ ၇၉ ပွဲ အနိုင်ရရှိပြီး နှစ်ပွဲသာ ရှုံးပွဲကြုံခဲ့ရကာ တစ်ကြိမ်က ၂၀၀၉ ခုနှစ်မှာ ရော်ဘင်ဆိုဒါလင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပြီး တစ်ကြိမ်က ၂၀၁၄ ခုနှစ်မှာ ဂျိုကိုဗစ်ချ်ကို အရေးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ ခေတ်သစ်ပြင်သစ်အိုးပင်း အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွေမှာ နာဒယ်လ်လို တစ်ဦးတည်း ပြင်သစ်အိုးပင်းကို (၁၀)ကြိမ်မြောက် ဆွတ်ခူးနိုင်တဲ့သူဆိုတာ မရှိပါဘူး။ ဒါ့အပြင် ဂရင်းစလင်းပြိုင်ပွဲတစ်ခုထဲမှာ အကြိမ်အများဆုံး ချန်ပီယံဖြစ်ထားတဲ့ မာဂရက်ကော့ထ်ပြီးနောက် ဂရင်းစလင်းပြိုင်ပွဲတစ်ခုမှာပဲ အကြိမ်ရေအများဆုံး ချန်ပီယံအဖြစ်လည်း မှတ်တမ်းဝင်သွားပါတယ်။ ဒါကြောင့် နာဒယ်လ်အတွက်တော့ မြေစေးကွင်းဘုရင်ဆိုတဲ့ ဝိသေသဟာ အလိုက်ဖက်ဆုံးဂုဏ်ပုဒ်ပါ။ ဒီလို ဂရင်းစလင်းဆုကို ရယူနိုင်ခဲ့တာကြောင့် နာဒယ်လ်ဟာ ပီထ်ဆန်း ပရက်စ် (ဂရင်းစလင်း ၁၄ ကြိမ်)ရဲ့ အထက် ဖက်ဒဲရာ(ဂရင်းစလင်း ၁၈ ကြိမ်) ရဲ့နောက် ဂရင်းစလင်းအကြိမ်ရေ ဒုတိယအများဆုံး ကိုင်မြောက်နိုင်တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

နာဒယ်လ်က ၂၀၀၅ ခုနှစ် အသက် (၁၉) အရွယ်နဲ့ ပြင်သစ်အိုးပင်းမှာ ဗိုလ်စွဲခဲ့ပြီးနောက် အားလုံးက စောင့်ကြည့်ခံကစားသမားဘဝကို နေ့ချင်းညချင်း ရောက်ရှိခဲ့သူဖြစ်လာတာပါ။ ပြင်သစ်အိုးပင်းဟာ ၂၀၁၄ ခုနှစ်အထိ နာဒယ်လ်အပိုင်သိမ်းထားတဲ့ ဖလားလိုဖြစ်နေပြီး သူအတော်လေး လက်ရည်ကျနေတဲ့အချိန်မှာတောင် ပြင်သစ်အိုးပင်းကို ဖက်ဒဲရာသာ ကြားဖြတ်အနေနဲ့ ၂၀၀၉ ခုနှစ်တစ်နှစ် ရယူနိုင်ခဲ့ပြီး ကျန်တဲ့နှစ်တွေမှာ နာဒယ်လ်သာ နှစ်တိုင်းအောင်ပွဲခံနေတာဖြစ်ပါတယ်။ သူ ရရှိတဲ့ ဂရင်းစလင်း ချန်ပီယံဆု (၁၅)ကြိမ်မှာလည်း (၁၀)ကြိမ်က ပြင်သစ်အိုးပင်းမှာ ဖြစ်နေတာက ထူးခြားချက်တစ်ရပ်လို့ဆိုနိုင်ပေမယ့် ဩစတြေးလျအိုးပင်း တစ်ကြိမ်၊ ဝင်ဘယ်လ်ဒန်အိုးပင်း နှစ်ကြိမ်နဲ့ ယူအက်စ်အိုးပင်း နှစ်ကြိမ်ရယူထားပြီးဖြစ်တာကြောင့် သူမရဖူးတဲ့ ဂရင်းစလင်းဖလားဆိုတာ မရှိခဲ့ပါဘူး။

နာဒယ်လ်ဟာ ပထမအဆင့် ပတ်လည်ပွဲစဉ်ကနေစပြီး ခုဗိုလ်လုပွဲတက်ရောက်လာတဲ့အထိ တည်ငြိမ်တဲ့လက်စွမ်းကို ပြသနိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမကစားမီအထိ မီဒီယာတွေရဲ့မေးခွန်းတွေကို တိမ်းရှောင်ခဲ့ပြီး ယခုနှစ်ပြင်သစ်အိုးပင်းဖလားနဲ့ပတ်သက်တဲ့ မှတ်ချက်တစ်စုံတစ်ရာပေးခဲ့ခြင်းမရှိပါဘူး။ နာဒယ်လ်ရဲ့ နည်းပြအဖွဲ့ဝင်ထဲမှာ ပါဝင်လာတဲ့ မိုရာကတော့ နာဒယ်လ်အနေနဲ့ ပြင်သစ်အိုးပင်းဖလားအတွက် ဖိအားများနေတယ်လို့ ဝန်ခံခဲ့ပေမယ့် အရင်ကလို လက်စွမ်းမျိုးနီးနီး ပြန်ရနေပြီ ဆိုတာကိုတော့ အကြိုဗိုလ်လုပွဲ မတိုင်မီကတည်းက ဖွင့်ဟပြီးသားပါ။ မိုရာဟာ နာဒယ်လ်ရဲ့ နည်းပြအဖွဲ့ထဲကို ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကတည်းက ပါဝင်လာခဲ့ပြီးနောက် နာဒယ်လ်ရဲ့ဦးလေး တိုနီဆီက လာမယ့်နှစ် အပြီးတိုင် လက်လွှဲယူမှာဖြစ်ပါတယ်။ နာဒယ်လ်ရဲ့ နည်းပြအဖွဲ့ဝင်တွေထဲမှာ မိုရာပါဝင်လာတာဟာ ကြီးမားတဲ့ အကျိုးသက်ရောက်မှုဖြစ်စေခဲ့ပြီး နာဒယ်လ်ဟာ ဇန်နဝါရီလအတွင်း ယှဉ်ပြိုင်ခဲ့တဲ့ ဩစတြေးလျအိုးပင်းမှာကတည်းက ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ပါသေးတယ်။

ဩစတြေးလျအိုးပင်းမှာ အစဉ်အလာပြိုင်ဘက် ဖက်ဒဲရာကို အရေးနိမ့်ခဲ့ပေမယ့် ဒီတစ်ကြိမ်တော့ ဝေါ်ရင်ကာကို သက်သောင့်သက်သာ အနိုင်ယူပြီး ပြင်သစ်အိုးပင်းကို ပြန်လည်ရယူသွားခဲ့တာဖြစ်ပါတယ်။ နာဒယ်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း ဒဏ်ရာပြဿနာတွေ ဆက်တိုက်ကြုံခဲ့ရတာကြောင့် အသက်(၂၉)နှစ်လောက်ကတည်းက လက်စွမ်းအတော်လေး ကျဆင်းသွားခဲ့ချိန် ဖက်ဒဲရာကလည်း အသက်အရွယ်အရ အကျပိုင်းရောက်လာလို့ ၂၀၁၄ ခုနှစ်နောက်ပိုင်းဟာ ဂျိုကိုဗစ်ချ်လုံးလုံးလျားလျား လွှမ်းမိုးတဲ့ ခေတ်ဖြစ်လာပါတော့တယ်။

ဒါပေမယ့် ၂၀၁၆ ခုနှစ်အတွင်းမှာလည်း ဂျိုကိုဗစ်ချ် ဒဏ်ရာ ပြဿနာ ကြုံခဲ့ရတဲ့အတွက် မာရေး တစ်ခေတ်ဆန်းခဲ့ပြန်ပါတယ်။ ဒါပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ ဂျိုကိုဗစ်ချ်နဲ့ မာရေးတို့လည်း လက်ရည်ပြန်ကျပြီး ဂရင်းစလင်းလို ပြိုင်ပွဲကြီးတွေမှာ ဖက်ဒဲရာနဲ့ နာဒယ်လ်တို့ လွှမ်းမိုးလာပြန်ပါတယ်။ ဖက်ဒဲရာကတော့ အသက်အရွယ်အရ ပွဲတိုင်းကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ အစီအစဉ်မရှိတာကြောင့် မြေစေးကွင်းပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်မှာ မဟုတ်ဘူးလို့ အစောပိုင်းကတည်းက ကြေညာထားပြီးသားပါ။

နာဒယ်လ်ကတော့ နေ့ရက်တိုင်းမှာ သံသယမျက်လုံးတွေနဲ့ စောင့်ကြည့်မှုကို ခံခဲ့ရပေမယ့် ဒီသံသယတွေကို အကောင်းဆုံးအဖြေပေးနိုင်ဖို့ ကြိုးစားရင်းကနေ အောင်မြင်မှုအတွက် ပြန်လည်သန္ဓေတည်လာခဲ့တာလို့ မှတ်ချက်ပြုပါတယ်။ မှန်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလဟာ ဒဏ်ရာပြဿနာတွေ လုံးလည် ချာလည်ဖြစ်နေပြီး နာဒယ်လ်အတွက် ဆိုးရွားတဲ့အချိန်တွေဖြစ်ခဲ့ကာ ပြင်သစ်အိုးပင်းလို လွှမ်းမိုးနိုင်တဲ့ဖလားကို လက်လွှတ်၊ ဂရင်းစလင်းပြိုင်ပွဲတွေတိုင်းမှာလည်း စောစောစီးစီး အောင်ဖျာလိပ်၊ နောက်ဆုံးအခြား မြေစေးကွင်းပြိုင်ပွဲတွေမှာတောင် မအောင်မမြင် အခြေအနေဆိုက်ခဲ့တယ်အထိ ဆိုးခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့အဆင့်တွေလည်း ဆက်တိုက်ကျဆင်းသွားခဲ့တာဖြစ်ပြီး ရေဆန် လေထန်ကာလကို ဖြတ်သန်းခဲ့ရပါတယ်။ ဒါပေမယ့် ၂၀၁၇ ခုနှစ် မှာတော့ မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေ ပြန်လည်တောက်ပလာခဲ့ပြီး ဩစတြေးလျ အိုးပင်းမှာ ဗိုလ်လုပွဲအထိ တက်ရောက်လာ နိုင်ခဲ့သလို နှစ်နှစ်တာ လက်လွှတ်ခဲ့ရတဲ့ ပြင်သစ်အိုးပင်းကိုလည်း ပြန်လည်ရယူနိုင် ခဲ့ပါပြီ။

နာဒယ်လ်က လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်ကနေစပြီး တည်ငြိမ်တဲ့ လက်စွမ်းတစ်ရပ်ကို ထိန်းပြီး အောင်ပွဲဆင်နိုင်ခဲ့တဲ့အတွက် ကျေနပ်ကြောင်းဆိုခဲ့သလို အကောင်းဆုံး ပြန်လည်ကစားနိုင်ပြီဖြစ်လို့ အင်မတန်ပျော်ရွှင်မိကြောင်း ဆိုပါတယ်။ တကယ်တော့ နာဒယ်လ်ဟာ ဖက်ဒဲရာပြောသလိုပဲ အမြဲတမ်းအတွက် အခက်ခဲဆုံးပြိုင်ဘက်ဖြစ်သလို ဆယ်စုနှစ်ရဲ့ အကြီးမြတ်ဆုံး တင်းနစ်ကစားသမားထဲက တစ်ယောက်ပါ။

နောက်ရာစုနှစ်ပေါင်းများစွာအကြာမှာ လူတွေက စစ်ပွဲတွေရဲ့အနိုင်အရှုံး၊ ဝမ်းနည်းမှု ဝမ်းသာမှု၊ အောင်မြင်မှုကျရှုံးမှုတွေကို သမိုင်းကြောင်းအဖြစ် ပြန်ပြောနေကြဦးမှာပါ။ အားကစားဆိုတာ သမိုင်းထဲက ဖြစ်စဉ်တစ်ခုဆိုရင် ရိုလန်ဂဲရော့စ်ကွင်းရဲ့ ဘုရင် နာဒယ်လ်ဟာလည်း သမိုင်းရဲ့ ဇာတ်ကောင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့မှာပါ။ အားလုံးက သူ့ကို "ရာဖာ" လို့ အမြတ်တနိုးအော်ဟစ်သံတွေအကြား နာဒယ်လ်တစ်ယောက် တင်းနစ်ခရီးကြမ်းကြီးကြား နောက်ထပ်အစဉ်အလာတွေကိုရေးထိုးဖို့ ခုတော့ ဆက်လက်ချီတက်ပါဦးမယ်။ ။

# နဂါးမောက်စိုက်ပျိုးသူများအဆင်ပြေလျက်ရှိ

**ပြင်ဦးလွင် ဇွန် ၁၂**

ပြင်ဦးလွင်တွင် နဂါးမောက်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။ အများစု မှာခြံများဖြင့်စိုက်ပျိုးခြင်း၊ အိမ်ဝိုင်းအတွင်းစိုက်ပျိုးခြင်းများကို ပြုလုပ်ကြသည်။ ပြင်ဦးလွင်ဒေသရာသီဥတုမှာ နဂါးမောက်စိုက်ပျိုးဖြစ်ထွန်းသည့်ရာသီဖြစ်သည်။ တစ်နှစ်စိုက်ပျိုးထားရုံဖြင့် ၁၀ နှစ်အထိ အကျိုးအမြတ် ခံစားရသောနှစ်ရှည်သီးနှံပင်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရပ်ကွက်ကြီး (၁၅) ဖောင်းတောကျေးရွာရှိ နဂါးမောက်စိုက်ပျိုးသူတစ်ဦးကို နဂါးမောက်စိုက်ပျိုးမှုနှင့်ပတ်သက်၍ မေးမြန်းကြည့်ခဲ့သည်။

"နဂါးမောက်ကတော့ ကုန်ကျစရိတ်များသလို အကျိုးအမြတ်လည်းရှိပါတယ်။ ကွန်ကရစ်တိုင်စိုက်ရတယ်။ သံတန်းတင်ပေးပြီး မူလီစုပ်ပေးထားရတယ်။ ကွန်ကရစ်တိုင်တစ်တိုင်နှင့်တစ်တိုင်ငါးပေခြားပြီး စိုက်ပျိုးရပါတယ်။ စိုက်ပျိုးရာမှာ ကွန်ကရစ်တိုင်ပတ်လည်ကို အနည်းဆုံး နဂါးမောက်ပင် ငါးပင်လောက် စိုက်ပျိုးပါတယ်။ အိမ်ဝိုင်းအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးတာတွေ အများဆုံးပြုလုပ်ပါတယ်။

စတင်စိုက်ပျိုးပြီး လေးလလောက်ကြာရင် စတင်ပွင့်ပါတယ်။ အပင်ကုပ်အားကောင်းစေဖို့ ဝါးလုံးကိုလည်း တင်ပေးထားရတယ်။ နဂါးမောက်ပင်အမြစ်တွေက ဝါးလုံးကိုကုပ်တွယ်ထားပါတယ်။ ရေပေးကာကိုတော့ ပိုက်လိုင်းနဲ့ ဆက်သွယ်ပေးထားပြီး မိုးရာသီမှာရေမပေးရပါဘူး။ နွေရာသီမှသာ ရေပေးပါတယ်။ မှိုဆေးလေးတွေကိုတော့ ပုံမှန်ဖျန်းပေးရတယ်။ အပင်အောက်ခြေကိုတော့ နွားချေးထည့်ပေးရပါတယ်။ အိမ်ဝိုင်းအတွင်း အပင်တစ်ထောင့်သုံးရာစိုက်ပျိုးတာ ကုန်ကျစရိတ်ငွေကျပ်သိန်းငါးဆယ်ကျော်ကုန်ကျပါတယ်။ နဂါးမောက်သီးတစ်လုံးကို ဖောက်သည်သွင်းဈေးတစ်လုံးလျှင်ငွေကျပ် ခုနစ်ရာနဲ့ ရောင်းချပြီး ဆိုင်ရောင်းဈေးက တစ်လုံးငွေကျပ်တစ်ထောင်ကျော် ရောင်းချပါတယ်။

တစ်နှစ်စိုက်ပျိုးပြီးတာနဲ့ဆယ်နှစ်အထိ ထားနိုင်ပါတယ်။ နှစ်စဉ်ကို အကိုင်းခုတ်ပေးရပါတယ်။ ကိုင်းတွေကို မြေပြင်မှာ ချပြီးပြန်ပျိုးပြီး ပျိုးပင်ရောင်းချရပါတယ်။ နဂါးမောက်ပျိုးပင်တစ်ပင်ကို ငွေကျပ် ၇၀၀ နှုန်းနဲ့ ဖောက်သည်ပေးပါတယ်။ ပျိုးပင်ပြန်ရောင်းသူတွေက ပျိုးပင်တစ်ပင်ကို ငွေကျပ် ၁၂၀၀ အထိ ရောင်းချပါတယ်။ တစ်ခါစိုက်ပျိုးပြီး တစ်ရာသီခူးဆွတ်လိုက်တာနဲ့ စိုက်ပျိုးစရိတ်ကျေပြီး ကျန်ကိုးနှစ်မှာ အမြတ်ချည်းဖြစ်ပါတယ်"ဟု နဂါးမောက်စိုက်ပျိုးသူ ဦးစံဝင်းက ရှင်းပြသည်။

**တိမ်တမန်**





# မြန်မာ့ဆိုင်းပညာရပ်ထိန်းသိမ်းရေးစည်းကမ်းချက်များသတ်မှတ် မန္တလေးဆိုင်းပညာရှင်အများစုကြိုဆိုထောက်ခံ

**မန္တလေး ဇွန် ၁၂**

မန္တလေးသဘင်လောကမှဆိုင်းဆရာများဖွဲ့စည်းထားသော ပရဟိတရွှေလက်များအဖွဲ့နှင့် ဆိုင်းဆရာများက မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး (ဗဟို)မှသတ်မှတ်ထားသော မြန်မာ့ဆိုင်းအနုပညာမပျောက်ပျက်စေရန် ထိန်းသိမ်းဖျော်ဖြေရေးစည်းကမ်းချက်(၁၀)ချက်အား ထောက်ခံကြောင်းနှင့် စည်းကမ်းများရှင်းလင်းပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်(၄၂) လမ်း၊ (၈၃) လမ်းနှင့် (၈၄) လမ်းကြား မန္တလေးတိုင်းဒေသကြီးသဘင်အစည်းအရုံး လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ဆိုင်းပညာရှင် ဦးပစ်တိုင်းထောင်က အဖွင့်အမှာစကားပြောကြားပြီး ဆိုင်းပညာရှင်စိန်ခူဝံက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသောဆိုင်းပညာရှင်များက ထောက်ခံဆွေးနွေးကြသည်။

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)မှ မြန်မာ့ဆိုင်းဖျော်ဖြေရေးနှင့်ပတ်သက်၍ ၁၃၇၉ - ၁၃၈၀ သဘင်ရာသီမှစတင်ကာ မြန်မာ့ဆိုင်းဝိုင်းနှင့်အပ်စပ်မှုမရှိသော ဒရမ်စက်၊ လီဒ်ဂီတာ၊ ဘေ့စ်ဂစ်တာများအား ထည့်သွင်းတီးခတ်ခြင်းမပြုရန်၊ မြန်မာ့ဆိုင်းပညာရပ်များ ထိန်းသိမ်းရန်အတွက် မြန်မာ့တူရိယာပစ္စည်းများဖြင့်သာ ဖျော်ဖြေရန်၊ မြန်မာ့ဆိုင်းဖျော်ဖြေမှုတွင် ရိုးရာဖျော်ဖြေမှုနှင့်အပ်စပ်မှုမရှိသော သရုပ်ပျက်အဝတ်အစားများဝတ်ဆင်ဖျော်ဖြေခြင်း မပြုရန်၊ ခေတ်ပေါ်အနောက်တိုင်းအကများလုံးဝကပြဖျော်ဖြေခြင်း မပြုရန်၊ မြန်မာ့ဆိုင်းဝိုင်းဖျော်ဖြေတင်ဆက်မှုတွင် ပါဝင်သီဆိုသောတေးသံရှင်အားလုံးသည် မြန်မာ့ဆိုင်းဝိုင်းကြီး၏အနောက်ဘက်မှသာသီဆိုဖျော်ဖြေရန်၊ မြန်မာ့ဆိုင်းဝိုင်းဖျော်ဖြေတီးခတ်သူများ မြန်မာ့ရိုးရာဝတ်စုံမောင့်ကျက်သရေခေါင်းပေါင်း၊ တိုက်ပုံ၊ အမျိုးသမီးများရင်ဖုံး၊ ရင်စေ့၊ ထမီဝတ်ဆင်၍ ဂုဏ်ပြုတီးခတ်ဖျော်ဖြေရန်၊ (၃၇)မင်းနတ်ချော့တေးများမှအပ ခေတ်ပေါ်တေးသီချင်းများသီဆိုတီးမှုတ်ခြင်း လုံးဝမပြုလုပ်ရန်၊ နတ်ကနားပွဲများအနေဖြင့် မည်သည့်အရပ်ဒေသတွင်မဆို ည ၉ နာရီထက်ကျော်လွန်၍ သီဆိုတီးမှုတ်ကပြခြင်း မပြုရန်၊ ဗျော၊ ရေခင်း၊ ပတ်မချီ၊ ယိုးဒယား၊ ကရောင်းချီ၊ ခုနစ်သံချီများကို ကီးဘုတ်တီးခတ်ခြင်းမပြုရန်တို့ပါရှိသည်။

အချို့ဆိုင်းပညာရှင်များမှလည်းခေတ်ရေစီးကြောင်းလိုက်၍ဖျော်ဖြေကြရကြောင်း၊ ပွဲငှားရမ်းသူများနှစ်သက်စေရန် အနောက်တိုင်းတူရိယာများတွဲဖက်၍ ဖျော်ဖြေရကြောင်း၊ မြန်မာ့ဆိုင်းဝိုင်းသက်သက် ဖျော်ဖြေပါက နယ်ပရိသတ်များ လက်ခံမှုလျော့နည်းနိုင်ကြောင်း၊ ဆိုင်းလောကသားများ၏ စားဝတ်နေရေးအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင့် လူငယ်ဆိုင်းပညာရှင်များပြောကြားကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# မြန်မာ့လက်ရွေးစင်ကရာတေးဒိုအားကစားသမားများ မန္တလာသီရိအားကစားခန်းမတွင်လက်ရည်စစ်ယှဉ်ပြိုင်



**မန္တလေး ဇွန် ၁၂**

မလေးရှားနိုင်ငံ၌ ယခုနှစ် ဩဂုတ်လတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရန် ကရာတေးဒိုလက်ရည်စစ်ပြိုင်ပွဲများကို မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှကျင်းပလျက်ရှိရာ ဇွန် ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းအတွင်းရှိ အားကစားခန်းမသစ်၌ ကျင်းပသည်။

ကရာတေးဒိုလက်ရည်စစ်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝေဇင်၊ မန္တလေးအားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီးဦးမျိုးမြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး ကရာတေးဒိုဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်နှင့် ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များတက်ရောက်ကြသည်။ အစီအစဉ်အရ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးပြိုင်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကရာတေးဒိုအားကစားသမား ၂၄ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ထူးချွန်စွာယှဉ်ပြိုင်ကြသူများအား တာဝန်ရှိသူများကဆုများချီးမြှင့်သည်။ ဇွန် ၁၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံတွင် နောက်ဆုံးအဆင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် ကရာတေးဒိုလက်ရွေးစင်များ ဆန်ခါတင်ရွေးချယ်သွားမည်ဖြစ်ကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# သာစည်မြို့တွင် ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**သာစည် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ အမှတ်(၁)ရပ်ကွက် ဂါတ်တန်းကျောင်းတိုက်ကြီး၏ (၃၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ရပ်ကွက်သံဃာ့နာယက အကျိုးတော်ဆောင်၊ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းမှူး ဘဒ္ဒန္တသုနန္ဒဆရာတော်က ဩဝါဒကထာမိန့်ကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက အမှာစကားပြောကြားသည်။

ထိုနောက် အငယ်တန်း နှုတ်ဖြေနှင့် အကြီးတန်းရေးဖြေ စာမေးပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်ငြိမ်းအေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသို့ အစမှ အဆုံးတိုင် တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူ ကလေးငယ် ၂၇၀ တို့ကိုလည်း တစ်ဦးလျှင် ဗလာစာအုပ် ငါးအုပ်၊ ကွန်ပါဘူး တစ်ဘူးစီကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ဖွင့်လှစ်ပေးရခြင်းမှာ မြန်မာဗုဒ္ဓဘာသာ သားငယ်၊ သမီးငယ်များ ဗုဒ္ဓဘာသာ သာသနာကို လေးစားသက်ဝင် လိုက်နာနိုင်ရေး၊ လူမျိုးဂုဏ်၊ အမျိုးဂုဏ်ကို ထိန်းသိမ်းကာကွယ်တတ်နိုင်စေရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နိုင်စေရေးတို့အတွက် ရည်ရွယ်ပြီးဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**



# မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၁၂**

မိတ္ထီလာတွင် မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက Grand Cosmos ဟိုတယ်ခန်းမ၌ ကျင်းပကြောင်းသိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးမည့် ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာခရိုင်ဦးစီးမှူး ဦးဇော်ဝင်းမြင့်က သန်းခေါင်စာရင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ ဆွေးနွေးပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ညောင်ဦးမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် သွားရောက်လှူဒါန်း

**ညောင်ဦး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ မြင်းကပါကျေးရွာ ရတနာဘုံစံတောရကျောင်းတိုက်နာယက ဆရာတော်အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာရေလှူတော်အသင်းနှင့် သုမင်္ဂလာရေလှူတော်အသင်းတို့ ပူးပေါင်း၍ ဇွန် ၁၀ ရက်က ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာ၊ ပျဉ်တိုင်းကျေးရွာနှင့် လက်ပံပင်တဲတိုက်သို့ သွားရောက်ပြီး ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် ရေသယ်ယာဉ်များဖြင့် ရေဂါလန် ၇၅၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရန် သွားရောက်လှူဒါန်းပေးရာတွင် ဖြူစင်မေတ္တာ ရေလှူတော်အသင်းအဖွဲ့သားများက သုမင်္ဂလာရေလှူတော်အသင်းမှ တာဝန်ရှိသူများနှင့်အတူ ညောင်ဦးမြို့နယ် ရွာသစ်တောင် ကျေးရွာမှ ကျေးလက်နေပြည်သူများအတွက် ရေဂါလန် ၂၅၀၀၊ ပျဉ်တိုင်းကျေးရွာမှ ကျေးလက်နေပြည်သူများအတွက် ရေဂါလန် ၂၅၀၀ နှင့် လက်ပံပင်တဲတိုက်မှ ကျေးလက်နေပြည်သူများအတွက် ရေဂါလန် ၂၅၀၀ စုစုပေါင်း ရေဂါလန် ၇၅၀၀ ခန့်အား ခွဲဝေလှူဒါန်းပေးခဲ့ကြောင်းသိရသည်။



ဖြူစင် မေတ္တာ ရေလှူတော်အသင်းအနေဖြင့် မိုးရာသီ ကာလဖြစ်သော်လည်း ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့်ကျေးရွာများအား ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဆက်လက်ဖြန့်ဝေလှူဒါန်း ပေးသွားမည်ဖြစ်ကြောင်း ဖြူစင်မေတ္တာရေ လှူတော်အသင်းမှ တာဝန်ရှိသူ ဦးဝင်းမင်းထွန်းက ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်အတွင်း နယ်လှည့်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲက ပြည်ကြီးရန်လုံ ရပ်ကွက်ရုံးသို့ သွားရောက်၍ Mobile Library ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီး ပြည်ကြီးရန်လုံကလေးစာဖတ်ခန်းရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာပေဝါသနာရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးကြခဲ့သည်။

ထို့နောက် တက်ရောက်လာသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာပေရေချမ်းစင် ဇာတ်လမ်းခွေအား ပြသပေးခဲ့ပြီး ကလေးစာဖတ်ခန်းအတွက် စာအုပ် စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

သင့်သွေးဖြင့်အသက်ကယ်ပါ



## မြို့နယ်အတွင်း ခွင့်ပြုချက်မဲ့ အခကြေးငွေယူကာ အမှိုက်သိမ်းသည့်သူများအား တွေ့ဆုံဆွေးနွေး

**တာမွေ ဇွန် ၁၂**

တာမွေမြို့နယ်အတွင်းချောင်းနှင့်မြောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များဖြင့် ပြည့်နေပြီး ရေစီးဆင်းမှုအဟန့်အတားဖြစ်လျက်ရှိသဖြင့် ကွင်းဆင်းစစ်ဆေးရာ ခွင့်ပြုချက်မရှိဘဲ အမှိုက်သိမ်းဆည်းမှုကို အခကြေးငွေယူသိမ်းဆည်း၍ လှည်းများဖြင့်သယ်ယူပြီးနီးစပ်ရာ ချောင်းနှင့်မြောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်လျက်ရှိကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် တောင်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးအောင်သန်းထွဋ်၏စီမံမှုဖြင့် ဇွန် ၁၀ ရက်က အဆိုပါ ခွင့်ပြုချက်မဲ့အမှိုက်သိမ်းဆည်းသူများအား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

"ချောင်းနဲ့မြောင်းတွေကို မိုးမကျခင်ထဲက စက်အင်အား၊ လူအင်အားတွေနဲ့ ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ အမှိုက်တွေ ပြန်ရောက်လာတာကိုစစ်ဆေးတဲ့အခါ ခွင့်ပြုချက်မရှိဘဲ အမှိုက်သိမ်းသူတွေကနီးစပ်ရာမှာ စည်းကမ်းမဲ့စွန့်ပစ်တာတွေ့ရှိနေတဲ့အတွက် ယခုလိုတွေ့ဆုံပြီးစည်းကမ်းကြပ်မတ်ရတာပါ။ သူတို့ရဲ့စီးပွားရေးလည်း မထိခိုက်အောင် အမှိုက်တွေကို စနစ်တကျသိမ်းဆည်းပြီးအမှိုက်သိမ်းကားရှိတဲ့နေရာတွေမှာ သွားရောက်စွန့်ပစ်ပေးဖို့စည်းရုံးဆွေးနွေးရခြင်းဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးသန်းဦးက ပြောသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးလှသိန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးသန်းဦးနှင့်တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခရိုင်အရာရှိနှင့် သန့်ရှင်းရေးတာဝန်ခံ၊ ဒဂုံညွန့်ဈေးတာဝန်ခံ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ခွင့်ပြုချက်မဲ့အမှိုက်သိမ်းလှည်းဆောင်ရွက်သူ ၄၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်**

## အရိုးရောဂါများနှင့် နှလုံးရောဂါများအကြောင်း ကျန်းမာရေးပညာပေးဟောပြော

**မန္တလေး ဇွန် ၁၂**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ စူကွန်ဗစ်နိုင်ငံတကာဆေးရုံကြီးမှ အရိုးနှင့်နှလုံးအထူးကုဆရာဝန်ကြီးများက အဖြစ်များသော အရိုးရောဂါများအကြောင်းနှင့် နှလုံးရောဂါများအကြောင်း ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort Hotel ခန်းမ၌ ကျင်းပရာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့်အရိုးအထူးကုဆေးရုံကြီးမှ ဆရာဝန်များ၊ ပုဂ္ဂလိက ဆေးရုံများမှဆရာဝန်များ၊ ဆေးတက္ကသိုလ်(မန္တလေး)မှကျောင်းသားကျောင်းသူများ၊ စိတ်ဝင်စားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ စူကွန်ဗစ်နိုင်ငံတကာ ဆေးရုံအရိုးအထူးကုဆရာဝန်ကြီး Dr.Poonsak နှင့် နှလုံးအထူးကုဆရာဝန်ကြီး Dr.Nivitတို့က အဖြစ်များသော အရိုးရောဂါများအကြောင်းနှင့် နှလုံးရောဂါများအကြောင်း ဟောပြောပြီး အရိုးအထူးကုစင်တာနှင့် နှလုံးအထူးကုစင်တာတို့မှ ရောဂါရှာဖွေကုသမှုများအား ရှင်းလင်းပြသကာ သိလိုသည်များ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## နမ့်စန်တွင် အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် မျိုးစေ့နှင့် ပျိုးပင်များ တောင်သူများထံပေးအပ်

**နမ့်စန်(တ) ဇွန် ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် တောင်သူများ အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် အစားထိုးသီးနှံ မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ပွဲကို ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီက နမ့်စန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးမင်းကြည်၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းစောမြတို့က အစားထိုးသီးနှံ နယူးဧရာ(၁)မျိုးစေ့ ၊ အစေ့ထုတ်ပြောင်းမျိုးစေ့၊ မက္ကာဒေးမီးယားပျိုးပင်နှင့် ကော်ဖီပျိုးပင်များကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများက နမ့်စန်မြို့နယ် အစားထိုးသီးနှံ နှစ်ရှည်ပျိုးဥယျာဉ်၊ နှစ်ရှည်စံပြကွက်နှင့် မက္ကာဒေးမီးယား စိုက်ခင်းကိုလည်းကောင်း၊ အစေ့ထုတ်ပြောင်းနှင့် ပဲစဉ်းငုံ စံပြကွက်ကိုလည်းကောင်း၊ နမ့်စန်စိုက်ကွင်းရှိအစေ့ထုတ်ပြောင်း စမ်းသပ်ကွက်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**






## မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပွင့်ဖြူ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အဖွင့်အမှာစကား ပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆွေမြင့်က သင်တန်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်း၍ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက်မှ ၁၃ ရက်ထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ကိုယ်ပိုင်သစ်ပင်များစိုက်ပျိုးလိုသည့်ပြည်သူများသို့ ပျိုးပင်များအခမဲ့ဖြန့်ဝေ

**မုံရွာ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှကြီးမှူးပြီး သစ်ပင်စိုက်ပျိုးလိုသည့် ပြည်သူများသို့ ပျိုးပင်များကို ဇွန် ၁၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခတ္တက္ကန်တောင်ကျေးရွာရှိ ဗောဓိတစ်ထောင်သာသနာ့နယ်မြေတွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တော၊ သစ်ပင်များပြန်လည်ထူထောင်ရေးတွင် ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းပါဝင်သည့် အသိပညာရရှိစေရန်၊ ကိုယ်တိုင်သစ်ပင်စိုက်ပျိုးလိုသည့် ပြည်သူများ အလွယ်တကူ စိုက်ပျိုးနိုင်စေရန်၊ သစ်ပင်များကို ပြုစုပျိုးထောင်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် တိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လိုက်လံဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

"သစ်တော၊သစ်ပင်တွေ ပြုန်းတီးမှုကြောင့် အခုအချိန်မှာ ရာသီဥတုတွေဖောက်ပြန်နေတာကို ကာကွယ်နိုင်ဖို့၊ သစ်တောသစ်ပင်ကို ချစ်ခင်မြတ်နိုးတတ်တဲ့ အလေ့အကျင့်ကောင်းတွေရရှိစေဖို့အတွက် ဝန်ထမ်းတွေက သစ်ပင်စိုက်ပျိုးလိုတဲ့ ပြည်သူတွေကို ပျိုးပင်တွေကိုအခမဲ့ လိုက်လံဖြန့်ဝေပေးတာပါ။ သစ်ပင်တွေ စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုမယ်။ထွက်ရှိလာတဲ့ သစ်တွေကိုလည်း စည်းကမ်းတကျ အသုံးပြုတဲ့ အသိပညာတွေရရှိစေဖို့အတွက် ရည်ရွယ်ဖြန့်ဝေပေးတာပါ၊ ထပ်ပြီးစိုက်ပျိုးလိုတဲ့ ပြည်သူတွေအနေနဲ့လည်း သက်ဆိုင်ရာ မြို့နယ်တွေက သစ်တောဦးစီးဌာနမှာ ထုတ်ယူနိုင်ပါတယ်"ဟု တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပျိုးပင်များအခမဲ့ဖြန့်ဝေပေးရာတွင် သစ်ပင်စိုက်ပျိုးလိုသည့်ပြည်သူများသို့ တမာ ၃၀၀၊ မန်ကျည်း ၃၀၀၊ ကုက္ကို ၃၀၀၊ စိန်ပန်း ၃၀၀၊ လျှော်ဖြူ ၃၀၀ စုစုပေါင်း အပင် ၁၅၀၀ ကို ဖြန့်ဝေခဲ့ကြောင်းနှင့် တစ်အုပ်တစ်မစိုက်ပျိုးလိုသည့်ပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနရှိ ပျိုးခြံများတွင် စိုက်ပျိုးမည့်ပျိုးပင်များကို သွားရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**





# ငါန်းဇွန်မြို့နယ် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု ကွင်းဆင်းလေ့လာ

**ငါန်းဇွန် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ကျောက်တလုံး လျှပ်စစ်မြစ်ရေတင်ဒေသ ဘုရားထူးကျေးရွာအနီးရှိ ကွင်းအမှတ်(၉၁၈)အတွင်း၌ ၂၀၁၆-၂၀၁၇ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဆင်းရတနာ(၄) နှမ်းမျိုး ၂၉၇ ဧက စိုက်ပျိုးထားရှိရာ စိုက်ခင်းများသို့ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်းနှင့် (မြေ၊ မျိုး၊ ပိုး)တာဝန်ခံများ ဦးဆောင်သည့် ခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူ ၆၈ ဦးပါသော အဖွဲ့သည် ဇွန် ၁၁ရက် မွန်းလွဲပိုင်းက ငါန်းဇွန်မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများအပါအဝင် ကွင်းဆင်းကြည့်ရှုလေ့လာပြီး ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါ နွေနှမ်းစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို လေ့လာကြည့်ရှုကြပြီး စိုက်ခင်းများအတွင်းတွင် တောင်သူများ၏ ပြန်လည်ဆွေးနွေးမှုများအပေါ် ခရိုင်ဦးစီးမှူး ဦးမြင့်လင်းက စိုက်စနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ သွင်းအားစုများ အချိန်ကိုက် အချိုးကျအသုံးပြုဆောင်ရွက်ရေးနှင့် ပိုးမွှားရောဂါကျရောက်မှု ကြိုတင်ကာကွယ်ရေးတို့ကိုလည်းကောင်း၊ ငါန်းဇွန်မြို့နယ် ဦးစီးမှူး ဦးအောင်မိုးမြင့်က အောင်မြင်ဖြစ်ထွန်းနေသော နွေနှမ်းစိုက်ခင်းများ၏ ဆောင်ရွက်ထားရှိမှု အဆင့်ဆင့်အားလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တောင်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(နည်းပြ) (၁/၂၀၁၇) သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၂**

နေပြည်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာများအတွင်း ပြည်သူများ သဘာဝဘေးအသိပညာ တိုးပွားစေရေးအတွက် ဆင့်ပွားသင်တန်းများ ထပ်မံပို့ချနိုင်ရန် အတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကိုယ်တိုင်ထိထိရောက်ရောက် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(နည်းပြ)သင်တန်း (၁/၂၀၁၇) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီရုံးမှ ညွှန်ကြားရေးမှူး ဦးဘုန်းမြတ်သူက သဘာဝဘေးအန္တရာယ်များ အကြောင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများနှင့် သန်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ စိတ်ပါဝင်စားသူ စေတနာ့ဝန်ထမ်း ၆၃ ဦးတို့အား သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရပ်ရွာအခြေပြု သဘာဝဘေးစီမံခန့်ခွဲမှု၊ ပြန်လည်ထူထောင်ခြင်းနှင့်ပြန်လည် တည်ဆောက်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာမူဝါဒများနှင့်ဖွဲ့စည်း ဆောင်ရွက်မှု၊ ကြိုတင်သတိပေးစနစ်အပေါ် ခြုံငုံလေ့လာခြင်း၊ DAN၊KOBO Mobile Application အသုံးပြုပုံများ၊ ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများ စသည့် ဘာသာရပ်များကို ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ထွန်းထွန်းဝင်း**

# မလှိုင်မြို့နယ်အတွက် သိန်း ၅၂၀၀၀ အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ပေး

**မလှိုင် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇ မိုးရာသီ စိုက်ပျိုးစရိတ်အဖြစ် ကျပ်သိန်းပေါင်း ၅၂၀၀၀ အားလျာထားထုတ်ချေးပေးလျက်ရှိသည်။ အစိုးရမှ လျာထားချပေးသော ကျပ်ငွေသိန်းပေါင်း ၅၂၀၀၀ အား မလှိုင်မြို့နယ်တွင်းရှိ အုပ်စု (၅၃) အုပ်စုအား မိုးရာသီစိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးပေးလျက်ရှိသည်။ချေးငွေအား မေ ၂၃ ရက်မှ စတင်ထုတ်ပေးခဲ့ပြီး ဇွန် ၁၂ ရက်အထိ စုစုပေါင်း ငွေကျပ် ၂၀၄၂၅၅၀၀၀ တိတိ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြေစာရင်းမှ ထုတ်ပေးသော လုပ်ပိုင်ခွင့်ရလယ်ယာမြေ ပုံစံ(၇)ရှိသူများအား စနစ်တကျ စိစစ်ခါ ပြည့်စုံသူများအား လယ်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ ယာတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း သတ်မှတ်ပြီး ဇွန် ၁၂ ရက်အထိ တောင်သူဦးရေ ၅၃၀၈ ဦးအား စပါးစိုက်ပျိုးလယ်ဧကပေါင်း ၃၆၈၆ ဧက၊ ယာမြေ ၂၉၇၉၃ ဧကအတွက် စုစုပေါင်းထုတ်ငွေကျပ် ၂၀၄၂၅၅၀၀၀၀ ကို ထုတ်ပေးနိုင်ခဲ့ကြောင်းသိရသည်။ **ဘိုဘို(မလှိုင်)**

# မေတ္တာမြို့၌ နံရံကပ်စာပေရေချမ်းစင်များတွင် စာစဉ်အသစ်များဖြည့်ဆည်းဆောင်ရွက်ပေး

**မေတ္တာ ဇွန် ၁၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းရှိပြည်သူများ စာပေကို လွယ်လင့်တကူဖတ်ရှုလေ့လာနိုင်ရန်နှင့် စာဖတ်ရှိန်မြင့်တက်လာစေရန်၊ စာဖတ်ခြင်းအလေ့အထရှင်သန်လာစေရန်နှင့် အသိပညာဗဟုသုတကြွယ်ဝလာစေရန်၊ လုပ်ငန်းခွင်မပျက်စာပေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ နံရံကပ်စာပေရေချမ်းစင်များကိုထားရှိပေးလျက်ရှိသည်။ မေတ္တာမြို့ရှိ နံရံကပ်ရေချမ်းစင်များအတွက် အသစ်ရောက်ရှိလာသော စာစဉ်အတွဲ(၅)အမှတ်(၄)ကို ယနေ့ မွန်းလွဲ ၁နာရီက မေတ္တာမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နံရံကပ်စာပေရေချမ်းတစ်ခုတွင် သုတစာစဉ် ၁၃ မျိုးပါရှိပြီး မေတ္တာမြို့ရှိ ပြည်သူလူထုအတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် စုစုပေါင်း နံရံကပ်စာပေရေချမ်းစင် ၁၂ ခုထားရှိပေးပြီး တစ်လလျှင်တစ်ကြိမ် စာစဉ်အသစ်များ လဲလှယ်ဖြည်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မေတ္တာ(ပြန်/ဆက်**

# ၁၄၆ နှစ်ပြည့် ပိဋကတ် စာအုပ်ကြီး




ကောင်းစည်သူ

ကမ္ဘာပေါ်တွင် အကြီးဆုံး စာအုပ်ဟု တင်စားကြသည့် ကျောက်စာ ၇၂၉ ချပ်ကို မန္တလေးတောင်ခြေရှိ မဟာလောက မာရဇိန်ဟု ဘွဲ့မည်တွင်သည့် ကုသိုလ်တော်စေတီဝင်းအတွင်း၌ မြင်တွေ့ကြရသည်။ ကျောက်စာချပ်များပေါ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်သုံးပုံနှင့် နေတ္တိ၊ မိလိန္ဒပဥှာနှင့် ပေဋကောပဒေသ သုတ်သုံးကျမ်းတို့ကို ရေးထွင်းထားသဖြင့် ယင်းတို့သည် ပိဋကတ်သုံးပုံ ကျောက်သားစာအုပ်ကြီးဖြစ်လာခဲ့ပေသည်။

ပိဋကတ်သုံးပုံ စာအုပ်ကြီးကို ကုန်းဘောင်မင်းဆက် နဝမမြောက်ဘုရင် မင်းတုန်းမင်း (ခရစ်နှစ် ၁၈၅၃-၁၈၇၈) က ခရစ်နှစ် ၁၈၇၁ ခုနှစ် တွင် စိုက်ထူခဲ့သဖြင့် သက်တမ်း နှစ်ပေါင်း ၁၄၆ နှစ် ကျော်လွန်ခဲ့ပြီဖြစ်သည်။

ယခုအခါတွင် ပိဋကတ် စာအုပ်ကြီးသည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ဖြစ်လာခဲ့သဖြင့် စာအုပ်ကြီးရှိရာ မဟာလောကမာရဇိန်စေတီသည် ပြည်တွင်းပြည်ပမှ လာရောက်ကြည်ညို လေ့လာသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိနေပေသည်။

**ကမ္ဘာ့မှတ်တမ်း အမွေအနှစ် စာအုပ်ကြီး**

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)သည် ၁၉၉၂ ခုနှစ်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဒြပ်ရှိနှင့် ဒြပ်မဲ့ယဉ်ကျေးမှုများကို စံနှုန်းများနှင့် ကိုက်ညီပါက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of the world) အဖြစ် သတ်မှတ်ပေးလျက်ရှိရာ ကမ္ဘာ့အကြီးဆုံး ပိဋကတ်သုံးပုံ စာအုပ်ကြီးသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

ပိဋကတ်သုံးပုံ ကျောက်စာများသည် ကမ္ဘာပေါ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် သမိုင်းကြောင်း ယဉ်ကျေးမှုတန်ဖိုးရှိသည့် မှတ်တမ်းအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြထားနိုင်သည့်အတွက်ယူနက်စကို အဖွဲ့က ၂၀၁၃ ခုနှစ် ဇွန်လတွင် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲတွင် မိမိနိုင်ငံအတွင်းရှိ မှတ်တမ်းအမွေအနှစ် ခြောက်ခုကို ကနဦး အဆိုပြုစာရင်းတင်သွင်းခဲ့သည်။ ယင်းတို့အနက် မဟာလောကမာရဇိန် စေတီဝင်းအတွင်းရှိ ပိဋကတ်သုံးပုံ ကျောက်စာများအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ယူနက်စကိုသို့ ၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် တရားဝင် တင်သွင်းခဲ့သည်။

၂၀၁၃ ခုနှစ် ဇွန်လတွင် တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့၌ ကျင်းပသော ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ် အပြည်ပြည်ဆိုင်ရာ အကြံပေးကော်မတီ၏ (၁၁) ကြိမ်မြောက် အစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် လျှောက်ထားမှု ၈၄ ခု အနက် မြန်မာနိုင်ငံမှ ပိဋကတ်သုံးပုံကျောက်စာများ အပါအဝင် ၅၆ ခု ကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းတွင် ထည့်သွင်းအတည်ပြုခဲ့သည်။

ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အထိမ်းအမှတ်ကျောက်စာ ( MoW Logo) ကို မန္တလေးမြို့၊ မဟာလောကမာရဇိန် စေတီတော် မုခ်ဦးရှေ့ ဝဲဘက်ခြမ်းတွင် ၂၀၁၄ ခုနှစ် မေ ၈ ရက်က စိုက်ထူခဲ့သည်။ အထိမ်းအမှတ်ကျောက်တုံးပေါ်တွင် ၂၀၁၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့စွဲဖြင့် ယူနက်စကိုအဖွဲ့ အတွင်းရေးမှူးချုပ် လက်မှတ်ရေးထိုးထားသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အသိအမှတ်ပြုလွှာကို ဖော်ပြထားသည်။

အထိမ်းအမှတ် စကျင်ကျောက်ဖြူတုံးနှင့်အတူ ကုသိုလ်ရှင် မင်းတုန်းမင်းကြီး၏ ရုပ်တုနှင့် ရတနာပုံ မန္တလေးမြို့တည်နန်းတည်နှစ် ၁၅၀ ပြည့် မော်ကွန်းကျောက်စာတိုင်ကိုလည်း မြင်တွေ့ကြရသည်။ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်းရှိ ပိဋကတ်ကျောက်စာများ မှတ်တမ်းအကျဉ်းကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ခေါင်းစဉ်ထိုးထားသော ကျောက်စာချပ်ကြီးကိုလည်း စေတီတော်အဝင်မုခ်ဦး၏ ယာဘက်ခြမ်းတွင် စိုက်ထူထားသည်။

**ရတနာပုံနှင့် မင်းတုန်းမင်း**

ခရစ်နှစ် ၁၇၅၂ ခုနှစ် မှ ၁၈၈၅ ခုနှစ်အထိ ၁၃၃ နှစ် သက်တမ်းရှည်ကြာခဲ့သည့် ကုန်းဘောင်ခေတ်၏ နောက်ဆုံးဘုရင် နှစ်ပါးဖြစ်သည့် မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈၇၈) နှင့် သီပေါမင်း(ခရစ်နှစ် ၁၈၇၈-၁၈၈၅) တို့သည် ရတနာပုံ မန္တလေးမြို့တွင် နန်းစိုက်ခဲ့ကြရာ ထိုမင်းနှစ်ပါးစိုးစံခဲ့သည့် ကာလကို ရတနာပုံခေတ်ဟု ခေါ်ဆိုခဲ့ကြသည်။

ခရစ်နှစ် ၁၈၅၃ ခုနှစ်တွင် ကုန်းဘောင်ဘုရင်ဖြစ်လာခဲ့သည့် မင်းတုန်းမင်းသည် (ဦးတိက္ခဓမ္မာလင်္ကာရနှင့် ဒေါက်တာသန်းထွန်းတို့ ပြုစုသည့်ကုန်းဘောင်ဆက် မြန်မာ့ရာဇဝင်ချုပ်သမိုင်း စာအုပ်တွင် ဖော်ပြထားချက်များအရ) ၁၈၅၉ ခုနှစ် မေလ ၁၅ ရက်၊ တနင်္ဂနွေနေ့တွင် ရတနာပုံရွှေမြို့တော်ကို ပန္နက်တင်ခဲ့သည်။ ထိုနေ့သည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် ဖြစ်သဖြင့် မြို့တည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်ကို အောင်ကျော်ချမ်းအေး မန္တလေးဟုလည်းကောင်း၊ အုတ်ကျစ်ကျော်အေး မန္တလေးဟုလည်းကောင်း အမှတ်အသားပြုခဲ့ကြသည်။

မင်းတုန်းမင်းသည် "မြို့ကျုံးစေတီ ၊ သိင်္ဂလှုံမောင်း၊ သိမ် ကျောင်း သုဓမ္မာ၊ ရွှေစာအမြုတ်၊ ပိဋကတ်တိုက်၊ သမိုက် မြဲမြံ၊ ခုနစ်တန်ကို၊ ဆော်ဖန်အောင်စည်၊ တစ်ပြိုင်တည်"ဟူသည့် မြို့တည်အင်္ဂါရပ် ခုနစ်ချက်အတိုင်း နန်းမြို့၊ ကျုံး၊ မဟာလောကမာရဇိန်စေတီ၊ ပဋ္ဌာန်း မဟာရွှေသိမ်၊ အတုမရှိ ကျောင်း၊ သုဓမ္မာဇရပ်နှင့် ပိဋကတ်တိုက် တို့ကို တစ်ပြိုင်တည်း ပန္နက်တင်ခဲ့သည်။

မင်းတုန်းမင်းသည် ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့သော ပါဠိတော်များကို ကမ္ဘာတည်သရွေ့ တည်တံ့နေစေလိုသည့်ဆန္ဒ၊ ဗုဒ္ဓ၏ ပိဋကတ်တော်များကို သာသနာ၀ ကာလတိုင်တည်ရှိနေစေလိုသည့်စေတနာတို့ဖြင့် အမှားအယွင်းကင်းစင်သော ပိဋကတ်တော် စာသားများကို ကျောက်ထက်အက္ခရာတင်ရန် ရည်ရွယ်ခဲ့သည်။ ပေစာများဖြင့်ရှိထားနှင့်ပြီးသော ပိဋကတ်တော်များသည် အရှည် မတည်တံ့နိုင်ဘဲ တစ်ချိန်ချိန်တွင်ပျက်စီးသွားမည်ကို မြော်မြင်၍ ဘုရားရှင်၏ နှုတ်ထွက် ပါဠိစကားတော်များကို ကျောက်သားပေါ်တွင် ရေးထွင်းမှတ်တမ်းတင်ထားရန် ဆန္ဒရှိခဲ့သည်။ ထို့အတူ ပေစာများကို အဆင့်ဆင့်ကူးယူကြရာမှ ပိဋကတ်တော်စာသားများ မှားယွင်းလာမှုကို သုတ်သင် တည်းဖြတ်လိုခဲ့ပေသည်။

ထို့ကြောင့် မင်းတုန်းမင်းသည် မန္တလေးမြို့ကိုမတည်မီ မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်နိုင်ရန် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး သုံးမျိုးဖြင့် ပေရွက်များပေါ်သို့ ဦးစွာရေးကူးစေခဲ့သည်။ ပိဋကတ်တော်များ မရေးကူးမီ သာသနာပိုင် ဆရာတော် ဦးစီးသည့် ပိဋကတ် ဆရာတော်လေးပါး၊ စာကြည့်ဆရာတော် အပါး ၃၀ ၊ စာတည်း ဆရာတော် အပါး ၅၀ နှင့်ပိဋကတ် အကျော် ဆရာတော်အပါး ၅၀ တို့က ရေးကူးမည့် စာများ မှန်၊ မမှန် စစ်ဆေးပြီးမှ ပိဋကတ် တိုက်စိုး၊ သွေးသောက်ကြီး၊ တိုက်စောင့်၊ အကြပ်၊ အစုရေး၊ ပိဋကတ်ရေး စသော အမှုထမ်း ၁၀၀ ကျော်က ကညစ်ဖြင့် ရေးကူးခဲ့ကြသည်။ ပိဋကတ်စာများ ရေးကူးစဉ် ဒက္ခိဏ ရာမ ဆရာတော်၊ မြင်းဝန်တိုက် ဆရာတော်နှင့် ဆီးဘန်နီ ဆရာတော်တို့က ကြပ်မတ်ပေးခဲ့ကြသည်။ ပေစာများအားလုံး ရေးကူးပြီးချိန်တွင် လွှတ်စာရေးများကို စစ်ဆေးစေပြီး တံဆိပ်တော်ရ စာတည်း၊ စာချဆရာတော်များက ထပ်မံတည်းဖြတ်ကြသဖြင့် အမှားအယွင်း လုံးဝကင်းစင်သော ပိဋကတ်ပေမူကိုရရှိခဲ့သည်။

မင်းတုန်းမင်းသည် ရွှေရေး၊ မင်ရေး၊ ကညစ်ရေးပေစာ အင်္ဂါ ၂၀၀၀၀ ကျော်ပါရှိသည့် ပိဋကတ် ပေစာထုတ်ပေါင်း ၂၀၀ ကျော်ကို အမရပူရ ပိဋကတ်တိုက်မှ မန္တလေးတောင်ခြေရှိ ပိဋကတ်တိုက်တော်သို့ ပြောင်းရွှေ့ သိမ်းဆည်းခဲ့သည်။ (မြန်မာ့ ပေစာရေးထုံးအရ တစ်မျက်နှာလျှင် ပျမ်းမျှစာကြောင်း ရှစ်ကြောင်းရေးသားထားသည့် ပေရွက် ၂၄ ရွက်ကို တစ်အင်္ဂါဟု ခေါ်ဆိုသည်။) မင်းတုန်းမင်းတည်ခဲ့သော ပိဋကတ်တိုက်တော်သည် မန္တလေးမြို့ကျောက်တော်ကြီး ဘုရားမြောက်ဘက်၊ မန္တလေးတောင်ခြေတွင် ရှိခဲ့သော်လည်း ယခုအခါတွင်မူ မတွေ့ရှိရတော့ပါချေ။

**ပဉ္စမသင်္ဂါယနာ**

မင်းတုန်းမင်းသည် ၁၂၃၃ ခုနှစ်တွင် ကျင်းပမည့် ပဉ္စမသင်္ဂါယနာတင်ပွဲ မတိုင်မီ မန္တလေးနန်းတွင်း၌ ခမ်းနားသော တန်ဆောင်းကြီးတစ်ခုဆောက်လုပ်ခဲ့ပြီး တန်ဆောင်းအတွင်း၌ သန့်စင်သော ပိဋကတ်ပေမူများကို စကျင်ကျောက်ပြားများပေါ်တွင် ထွင်းထုစေခဲ့သည်။ ပိဋကတ်သုံးပုံ ကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်၊တန်ဆောင်မုန်းလဆန်း ၁ ရက် (၁၈၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၄ ရက်) တွင် စတင်ထုလုပ်ခဲ့ရာ ခုနစ် နှစ်၊ ခြောက်လ၊ ၁၄ ရက်မျှကြာမြင့်ခဲ့ပြီး ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက် (၁၈၆၈ ခုနှစ် မေလ ၄ ရက်) တွင် ပြီးစီးခဲ့သည်။

ပိဋကတ်တော်များအား ကျောက်ထက်အက္ခရာတင်ခြင်းကို မဟာဓမ္မရာဇာဓိ ရာဇဂုရု ဆရာတော်များဖြစ်ကြသည့် တိပိဋကဓရ ဇာဂရာဘိဝံသ၊ နရိန္ဒာဘိ သီရိသဒ္ဓမ္မ ဇောတိပါလဇနှင့် သုမင်္ဂလသာမိ သီရိပဝရမဏိဇတို့က အမှားအယွင်းမရှိစေရန် သန့်စင်ပြင်ဆင်ပေးတော်မူခဲ့ကြသည်။ ခန်းပတ်မြို့စား မဟာဥဇနာ၊ ယောမြို့စား မဟာစည်သူ၊ မိုင်းခိုင်းမြို့စား ဇေယျသူ၊ သံတော်ဆင့် နေမျိုးရာဇစည်သူ၊အမိန့်တော်ရေး မင်းထင်ဇေယျသူနှင့် အသုံးစာရေး နေမျိုးသီရိကျော်သူတို့က ကျောက်စာရေးထိုးခြင်းကို ကြပ်မတ်ခဲ့ကြသည်။

ပိဋကတ်သုံးပုံကျောက်စာများသည် ဝိနည်း ငါးကျမ်း ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ် ကျမ်း ၂၀၈ ချပ်၊ နိကာယ်ငါးရပ်နှင့် သုတ် သုံး ကျမ်း ၄၁၀ ချပ်၊ စုစုပေါင်း ၇၂၉ ချပ်ရှိကာ ကျောက်စာချပ် တစ်ချပ်သည် အလျား ငါးပေ၊ အမြင့် ငါးပေ ခြောက်လက်မနှင့်အထူ ခြောက်လက်မရှိသည်။ကျောက်စာချပ်များကို စိုက်ထူရာတွင် မြေကြီးထဲသို့ တစ်ပေထည့်သွင်းစိုက်ထူထားသဖြင့် အမြင့် လေးပေ ခြောက်လက်မ ဖြစ်နေသည်။

မင်းတုန်းမင်းသည် ပိဋကတ်ပေမူများ ကူးယူပြီး သုံးနှစ်အကြာ ၁၂၃၃ ခုနှစ် တန်ခူး လဆုတ် ၁၁ရက်၊ မြန်မာနှစ်ဆန်းတစ်ရက် (၁၈၇၁ ခုနှစ် ဧပြီလ ၁၅ ရက်) တွင် ပဉ္စမအကြိမ် သင်္ဂါယနာတင်ပွဲကို မန္တလေးမြို့၌ ကျင်းပခဲ့သည်။ ပဉ္စမသင်္ဂါယနာတင်ပွဲတွင် သံဃာတော်အပါး ၂၄၀၀ က ကျောက်ချပ်ပါ ပိဋကတ် ပါဠိတော်များကို ရွှေနန်းပြာသာဒ်တော်၌ နေ့စဉ်ရက်ဆက် နေ့ညရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပြီး သင်္ဂါယနာတင်ပွဲသည် ၁၈၇၁ ခုနှစ် စက်တင်ဘာလ ၁၂ ရက်တွင် ပြီးဆုံးခဲ့သည်။

မင်းတုန်းမင်းသည် ခရစ်နှစ် ၁၈၇၁ ခုနှစ်တွင် ယင်းကျောက်စာများကို မန္တလေးတောင်ခြေရှိ ၁၃ ဧကကျယ်ဝန်းသည့် မဟာလောကမာရဇိန် စေတီဝင်းအတွင်း၌ စိုက်ထူခဲ့သည်။ စိုက်ထူထားသည့်ကျောက်စာတစ်ချပ်စီကို အုတ်ပြာသာဒ်တစ်ခုစီတွင် ထည့်သွင်းပူဇော်ခဲ့ရာ ပထမ မဟာရံတံတိုင်း အတွင်း၌ ၄၂ တိုက်၊ ဒုတိယ မဟာရံတံတိုင်းအတွင်း၌ ၁၆၈ တိုက်၊ တတိယ မဟာရံတံတိုင်းအတွင်း၌ ၅၁၉ တိုက်ရှိပြီး စုစုပေါင်း ပြာသာဒ် ၇၂၉ တိုက် ဖြစ်သည်။ မင်းတုန်းမင်း၏ ကျောက်စာအလှူတော် ကုန်ကျစရိတ် စုစုပေါင်းသည် ငွေကျပ် ၂၂ ကုဋေ၊ ၆ သန်း ဖြစ်သည်။

**ပိဋကတ် စာအုပ်ကြီး**

သင်္ဂါယနာတင် ပါဠိတော်များအား ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်က ၁၉၀၀ ပြည့်နှစ်တွင် စာအုပ်များအဖြစ်ရိုက်နှိပ်ခဲ့ရာ ဂရိတ်ပရိုင်မာ စာလုံး၊ ရှိုင်ရယ် ရှစ်ချိုးဆိုက် စာမျက်နှာ ၄၀၀ ဝန်းကျင်ရှိ စာအုပ်ပေါင်း ၃၈ အုပ် ပုံနှိပ်ခဲ့ရသည်။ ထိုပိဋကတ်တော်များကို တစ်နေ့လျှင် ရှစ်နာရီ ပုံမှန်ဖတ်လျှင် အားလုံးပြီးဆုံးသည်အထိ တစ်နှစ်နှင့်သုံးလကြာမြင့်မည်ဖြစ်သည်။

ရတနာပုံ မန္တလေးမြို့နှင့်အတူ မင်းတုန်းမင်း တည်ခဲ့သည့် မဟာလောကမာရဇိန်ဘုရားသည် မင်းတုန်းမင်း၏ ကြီးမားသော သာသနာပြုလုပ်ငန်း တစ်ရပ်ဖြစ်သည့် ပိဋကတ်ကျောက်စာတော်များကို စေတီဝင်းအတွင်း စိုက်ထူခဲ့မှုကြောင့် (မင်းတုန်းမင်း၏) ကုသိုလ်တော်ဘုရားဟု ထင်ရှားခဲ့သည်။ကျောက်စာ ပြာသာဒ်တိုက်များအကြားတွင် ချရားပင်များ၊ ခရေပင်များကိုစိုက်ပျိုးထားခဲ့ရာ သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်ပြီး အချို့သော အပင်များတွင် စိုက်ပျိုးခဲ့သည့် ခုနှစ် သက္ကရာဇ်ကို ဖော်ပြထားသည့် ဆိုင်းဘုတ်ငယ်များ ချိတ်ဆွဲထားသည်ကို မြင်နိုင်ကြရပေသည်။

စေတီဝင်းအတွင်းတွင် ပိဋကတ်ကျောက်စာ ၇၂၉ ချပ်အပြင် ပထမ မဟာရံတံတိုင်းအတွင်း အင်္ဂါထောင့်၌ ပိဋကတ်သုံးပုံ ကျောက်ထက်အက္ခရာတင်ခဲ့သည့် သမိုင်းမော်ကွန်းကျောက်စာတစ်ချပ်ကို စိုက်ထူထားသည်။ မင်းတုန်းမင်း၏ ကျောက်စာအလှူတော်အတွက် ကုန်ကျသည့် ငွေစာရင်းကို တင်ပြထားသည့် အလှူတော် စာရင်းကျောက်စာချပ် သုံးချပ်ကိုလည်း ပထမ မဟာရံ တံတိုင်းတနင်္ဂနွေထောင့်ရှိ ဂူနှစ်လုံးထဲတွင် စိုက်ထူထားသည်။ ယင်းကျောက်စာ သုံးချပ်ကို ကြေးမြင် မိဘုရား၏ တိုက်တွန်းမှုဖြင့် ဝက်မစွပ်မြို့စားက ရေးသား၍ မြန်မာသက္ကရာဇ် ၁၂၈၃ ခုနှစ်တွင် စိုက်ထူခဲ့သည်။

ကျောက်စာချပ်များတွင်ရေးထွင်းထားသည့် စာလုံးများကို ရွှေမင်သွင်းခဲ့ပြီး သီပေါမင်းလက်ထက်တွင် ရွှေမင်ပြန်ထပ်ခဲ့သည်။ နောက်ပိုင်းတွင်လည်း အလှူရှင်များက မင်ထပ်ခဲ့သော်လည်း ယခုအခါတွင် စာလုံးအများစုမှာ ရွှေရောင်များမရှိတော့ဘဲ အနက်ရောင်များသာကျန်ရှိနေကာ အချို့ကျောက်စာများတွင် မည်သည့်အရောင်မှမရှိတော့ဘဲ ကျောက်ထွင်းရာ စာလုံးများကိုသာ တွေ့ရပေသည်။

ကျောက်စာများတွင်ရေးထွင်းခဲ့သည့် ပိဋကတ်တော်များကို ပဉ္စမသင်္ဂါယနာတင်မူအဖြစ် အတည်ပြုခဲ့သည်။ ထို့ကြောင့် ၁၉၅၆ ခုနှစ်တွင် ဆဋ္ဌမသင်္ဂါယနာတင်ပွဲ မကျင်းပမီ ပိဋကတ်စာမူများကို မူရင်းကျောက်စာများနှင့် တစ်လကျော်ကြာ တိုက်ဆိုင် စစ်ဆေးခဲ့သည်။ထို့ကြောင့် မဟာလောက မာရဇိန် ကုသိုလ်တော်ဘုရား ကျောက်စာချပ် ၇၂၉ ချပ်သည် ဗုဒ္ဓပိဋကတ်တော်များကို အပြည့်စုံဆုံး မှတ်တမ်းတင်ထားသော တစ်ခုတည်းသော မှတ်တမ်းအမွေအနှစ်ဖြစ်လာခဲ့ပေသည်။

မင်းတုန်းမင်း၏ ကုသိုလ်တော်အပြီးတွင် မဟာလောကမာရဇိန် စေတီအနီးရှိ စန္ဒာမုနိဘုရားဝင်းအတွင်း မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီ စိုက်ထူခဲ့သည့် ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာ၊ ဋီကာ ကျောက်စာ ၁၇၇၄ ချပ်အပါအဝင် ပိဋကတ်တော် ကျောက်စာများသည် မုံရွာ၊ မိတ္ထီလာ၊ သထုံ၊ဟင်္သာတ အစရှိသည့် မြို့များတွင် ပေါ်ထွက်လာခဲ့သည်။

ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသည့် ဗုဒ္ဓသာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတော်ဖြစ်သည့် ပိဋကတ်ကျမ်းစာများသည် သာသနာတော် တည်တံ့ရေး၏ အဓိကမဏ္ဍိုင်ဖြစ်ကာ ပရိယတ္တိသာသနာတော် ကွယ်ပျောက်ပါက ကျန်သာသနာတော်များလည်း ကွယ်ပျောက်မည်ဖြစ်ကြောင်း ဆရာတော် အစဉ်အဆက်က ဆိုဆုံးမခဲ့ကြသည်။

ဗုဒ္ဓသာသနာ၏ အသက်ဖြစ်သည့် ပိဋကတ်တော်များကို ရုပ်ဝတ္ထုပစ္စည်းအသွင်ဖြင့် အရှည်တည်တံ့စေရန် ရည်မျှော်အားထုတ်ခဲ့သည့် မင်းတုန်းမင်း၏ အမြော်အမြင်ကြီးမားခဲ့မှုနှင့် လုံ့လဥဿဟသည် မြန်မာပြည်သူ ဗုဒ္ဓဘာသာဝင်များအတွက် တန်ဖိုးမဖြတ်နိုင်သော ဂုဏ်ယူဖွယ် စွမ်းဆောင်မှုတစ်ရပ်အဖြစ် သမိုင်းတွင်ခဲ့ပေသည်။

**ကျမ်းကိုး**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၃)**

**ကမ္ဘာ့အကြီးဆုံးစာအုပ်(လူထုဒေါ်အမာ)**

# စစ်တွေမြို့နယ်၌ လေဘေးသင့်အိမ်ထောင်စုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**စစ်တွေ ဇွန် ၁၂**
စစ်တွေမြို့နယ်တွင် မိုရာမုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံများ ပျက်စီးသွားကာ ဘုန်းတော်ကြီးကျောင်းများ၌ ယာယီခိုလှုံနေကြသည့် ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဇွန် ၁၁ ရက် မွန်းလွဲပိုင်းက ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

ထိုသို့ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် စက်ရုံစုရပ်ကွက် စိတ္တသုခဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၄၅ စု၊ စက်ရုံစုရပ်ကွက် အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၂၆ စု၊ ညေဝတီရပ်ကွက် ဓမ္မာရာမဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၃၅ စုနှင့် မင်းဂံရပ်ကွက် သာသနဂုဏ်ရည်ဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၆၉ စုတို့အား ဆေးစိမ်ခြင်ထောင်၊ ခြင်ဆေးခွေ၊ စောင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း လေးမျိုး ငွေကျပ် ၄၅၀၀ ကန်ဖိုးရှိ ပစ္စည်းများအား ပေးအပ်ထောက်ပံ့ခဲ့သည်။

ယင်းထောက်ပံ့ပစ္စည်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရခိုင်ပြည်နယ် အထူးစီမံချက်မန်နေဂျာ ဦးမောင်မြင့်၊ ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုလေး၊ စစ်တွေမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေ၊ ဒု-ဥက္ကဋ္ဌ ဦးအောင်သိန်းလှ၊ ကော်မီဝင် ဂေါ်ယာမြေ စောဝင်း၊ ရခိုင်ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးစိန်မြင့်နှင့် စစ်တွေမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်/မယ်တို့က ကျောင်းတိုက်အသီးသီးရှိ အိမ်ထောင်စုများအား သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**






# သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုနည်းစေရန် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်

**ညောင်တုန်း ဇွန် ၁၂**
နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက် မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အများပြည်သူထိခိုက်ဆုံးရှုံးမှု နည်းပါးစေရန်အတွက် အချိန်နှင့်တစ်ပြေးညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ပန်းလှိုင်မြစ်အတွင်း ရေပြင်မြေပြင်အသက်ကယ်ဆယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို ဇွန် ၉ ရက်က ပြုလုပ်ရာ ရှေးဦးသူနာပြုစုခြင်းနှင့် ရေပြင်မြေပြင် အသက်ကယ်ရှာဖွေရေးလုပ်ငန်းများကို ပန်းလှိုင်မြစ်အတွင်း သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးဟောပြော

**မော်လိုက် ဇွန် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်အဖြစ် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို ဇွန် ၉ ရက် မွန်းလွဲပိုင်းက မော်လိုက်မြို့ မြို့မ-၂ အုပ်စု အောင်မင်္ဂလာရပ်ကွက်ရှိ စိတ္တသုခဓမ္မာရုံ၌ ကျင်းပရာ မော်လိုက်ခရိုင် လက်ထောက်ငှက်ဖျားရောဂါမှူး ဦးခင်မောင်မြင့်က ခြင်ကိုက်ခံရခြင်းမှ ကူးစက်ခံရတတ်သည့် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများနှင့် မိမိနေအိမ်ခြံဝင်း ပတ်ဝန်းကျင်များတွင် ခြင်များခိုအောင်း ပေါက်ပွားနိုင်မှု မရှိစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ကျန်းမာရေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများ သိရှိစေရန်နှင့် ကြိုတင်ကာကွယ်နိုင်စေရန် အသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် မော်လိုက်ခရိုင် လက်ထောက်ငှက်ဖျားရောဂါမှူး ဦးခင်မောင်မြင့် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကေသီရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ ရပ်ဖတို့က အောင်မင်္ဂလာရပ်ကွက်အတွင်းရှိ နေအိမ်များသို့ လှည့်လည်၍ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ အဘိတ်ဆေး ခတ်ပေးခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး နံရံကပ်စာစောင်များပြသ

**အင်းတော် ဇွန် ၁၂**
ကျေးရွာပြည်သူများ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေနိုင်ရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် တိုက်ဖျက်ရေး နံရံကပ် စာစောင်ပြသခြင်းကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပိန်းအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ရာ ဒေသခံကျေးရွာပြည်သူများက စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြကြောင်းသိရသည်။

**ကျော်မြိုင် (အင်းတော်)**



# တွံ့တေးမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးဆောင်ရွက်

**တွံ့တေး ဇွန် ၁၂**
ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်အတွင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ ပြည်သူများ ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်များလျော့နည်းကျဆင်းစေရေးအတွက် တွံ့တေးမြို့နယ်အမှတ်(၁)၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ကြီးကြပ်မှုဖြင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့မရဲစခန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့က ဇွန် ၃ ရက်မှ ဇွန် ၉ ရက်အထိ အသိပညာပေးစည်းရုံးခြင်းများဆောင်ရွက်ခဲ့ပြီး ယာဉ်များစည်းကမ်းရှိစွာ စနစ်တကျမောင်းနှင်ရေး၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့်လည်း အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ဆိုင်ကယ်ဦးထုပ်မပါဘဲမောင်းနှင်ခြင်း၊ ဆိုင်ကယ်ဦးထုပ်ပါသော်လည်း မေးသိုင်းကြိုးမတပ်ဘဲ မောင်းနှင်ခြင်း၊ နှစ်ယောက်ထက်ပို၍ စီးနင်းခြင်းများကို ဇွန် ၁၂ ရက် နံနက်မှစတင်၍ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ၊ မြို့နယ်စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ရပ်ကွက်စာရေးများ ပူးပေါင်းအဖွဲ့နှစ်ဖွဲ့ခွဲကာ တစ်ဖွဲ့လျှင် ၁၅ ဦးဖြင့် စတင်အရေးယူဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မလိုက်နာသောမော်တော်ဆိုင်ကယ်များအားစစ်ဆေးရေးအဖွဲ့မှစစ်ဆေးပြီး ဆိုင်ကယ်ထိန်းသိမ်းထားပြီးမြို့မရဲစခန်းတွင်အမှုစစ်ဆေးခံကာ မြို့နယ်တရားရုံးတွင် ဒဏ်ငွေ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဒဏ်ငွေဆောင်စလစ်ပြားပါရှိမှသာဆိုင်ကယ်ကို ပြန်လည်ထုတ်ယူရမည်ဖြစ်ပြီး အသက်မပြည့်သေးသည့်(၁၆)နှစ်အောက်ကလေးငယ်များအား သက်ဆိုင်ရာ မိဘအုပ်ထိန်းသူမှမိမိအမည်ဖြင့်ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီမှ သိရသည်။

"ဒီလိုစည်းကမ်းတစ်ခုသတ်မှတ်တာကောင်းပါတယ်။ ယာဉ်မတော်တဆဖြစ်ရင် ဦးထုပ်မဆောင်းလို့၊ မေးသိုင်းကြိုးမတပ်လို့ထိခိုက်ဒဏ်ရာရ၊ အသက်ဆုံးရှုံးမှုတွေများပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းပါ၊ မေးသိုင်းကြိုးတပ်ပါလို့ပြောချင်ပါတယ်"ဟု ဆိုင်ကယ်စီးနင်းသူ ဦးမြလှိုင်ကပြောသည်။

**မျိုးလှိုင်(တွံ့တေး)**



# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး သံတွဲ၌ဆောင်ရွက်

**သံတွဲ ဇွန် ၁၂**
ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းခိုင် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်သာယာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇွန် ၁၁ ရက် နံနက်ပိုင်းမှစတင်ကာ သံတွဲမြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများအားလုံးသို့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**သန့်ဇင် (ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လမ်းမီးတိုင်များ အသစ်လဲလှယ်တပ်ဆင်

**မိုးနဲ ဇွန် ၁၂**
မိုးနဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာရေးကော်မတီတို့ ပူးပေါင်းမှုဖြင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ကိုင်း သစ်ခက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ လမ်းမီးများ အသစ်ပြန်လည်တပ်ဆင်ခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုအား မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်အေးနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသက်နိုင်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# အတိတ်ဆိုးတွေကိုအဆုံးသတ်ပစ်ဖို့ တေလာဆွစ် ကို ကတ်တီပါရီ တောင်းဆို တေလာဆွစ်ရဲ့ တုံ့ပြန်မှုတစ်စုံတစ်ရာမရရှိခဲ့


ပေါ့ပ်ကြယ်ပွင့်တွေအကြားက မပြေလည်ကြတဲ့ ဆက်ဆံရေးတွေအထဲမှာ မီဒီယာတွေရဲ့ စိတ်ဝင်စားမှုအများဆုံးဖြစ်ခဲ့ပြီး လူသိများတဲ့ ဇာတ်လမ်းတစ်ပုဒ်ကတော့ ကတ်တီပါရီနဲ့ တေလာဆွစ်တို့ရဲ့ဇာတ်လမ်းပဲ ဖြစ်ပါတယ်။ ဒီလို အတိတ်ဆိုးတွေရှိနေခဲ့တာကြောင့် နှစ်ဦးအကြားမှာ တိုက်ခိုက်မှုတွေလည်း မကြာမကြာရှိနေခဲ့တာဖြစ်ပါတယ်။ ဒီလိုနှစ်ဦးအကြားက ဆက်ဆံရေးမပြေလည်မှုတွေကို ရပ်တန့်သင့်ပြီဖြစ်ကြောင်း ကတ်တီပါရီဘက်က လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့ပေမယ့် တေလာဆွစ်ကတော့ ကတ်တီပါရီရဲ့ တောင်းဆိုမှုနဲ့ ပတ်သက်ပြီး လတ်တလောအချိန်အထိ တစ်စုံတစ်ရာတုံ့ပြန်ပြောကြားခြင်းမရှိသေးကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့ကတော့ ကတ်တီပါရီက သူ့အနေနဲ့ တေလာဆွစ်နဲ့ သူ့ရဲ့အကြားမှာ နှစ်ရှည်လများ တည်ရှိလာတဲ့ ဆိုးရွားတဲ့ဆက်ဆံရေးတွေကို အပြီးသတ်မြုပ်နှံလိုက်ဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ကတ်တီပါရီရဲ့ ဆန္ဒနဲ့ ပတ်သက်ပြီး တေလာဆွစ်ဘက်ကတော့ လတ်တလောအချိန်အထိ လူမှုကွန်ရက်မီဒီယာပေါ်မှာတောင် တစ်စုံတစ်ရာတုံ့ပြန်ထားတာမျိုးမရှိသေးတာလည်း ဖြစ်ပါတယ်။

"Roar"တေးသီချင်းရဲ့ တေးသံရှင် ကတ်တီပါရီက တေလာဆွစ်ကို အလွန်တော်တဲ့ အံ့ဖွယ်တေးရေးဆရာတစ်ဦးဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့ပြီး သူတို့နှစ်ဦးစလုံးဟာ တေးဂီတလောကရဲ့ အောင်မြင်ကြွခိုင်တဲ့ အမျိုးသမီးတေးသံရှင်တွေအဖြစ် စံပြဖြစ်နိုင်တယ်လို့ သူ့အနေနဲ့ ယူဆကြောင်းလည်း ဆိုခဲ့ပါတယ်။

ဆက်လက်ပြီး လတ်တလောမှာ အသက်(၃၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကတ်တီပါရီက သူဟာ တေလာဆွစ်အပေါ်မှာ ပြုလုပ်ခဲ့တဲ့အရာအားလုံးအတွက် တောင်းပန်ပါကြောင်းနဲ့ ဖြစ်ပြီးသမျှအရာအားလုံးကို သင်ပုန်းချေလိုက်ဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းကိုလည်း သူ့ရဲ့ တေးအယ်လ်ဘမ်သစ် "Witness"အတွက် အရောင်းမြှင့်တင်ရေးအစီအစဉ်ပြုလုပ်စဉ်မှာ ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် ကတ်တီပါရီက "ကျွန်မအနေနဲ့ တေလာကိုလည်း ခွင့်လွှတ်ပါတယ်။ သူ့အပေါ်မှာ ကျွန်မပြုခဲ့မိတဲ့အရာတွေအတွက်လည်း တောင်းပန်ပါတယ်။ ပြီးတော့ ကျွန်မရဲ့လက်ရှိသဘောထားလိုပဲ သူ့ကိုလည်း ဖြစ်စေချင်ပါတယ်။ သူဆီကတူညီတဲ့အရာတွေ တုံ့ပြန်လာဖို့မျှော်လင့်ပါတယ်။ ကျွန်မ တေလာကို ချစ်ပါတယ်။ သူ့အတွက်အကောင်းဆုံးအရာတွေကိုပဲ ဖြစ်စေချင်ပါတယ်။ ပြီးတော့ သူဟာတကယ်ကိုတော်တဲ့ တေးရေးဆရာတစ်ဦးလည်းဖြစ်တယ်လို့ ကျွန်မထင်ပါတယ်"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

တေလာဆွစ်နဲ့ ကတ်တီပါရီတို့ဟာ တစ်ချိန်က အလွန်ခင်မင်ခဲ့ကြတဲ့ မိတ်ဆွေတွေဖြစ်ခဲ့ကြကာ တေးဂီတလောကမှာ အတူရှင်သန်ခဲ့ကြတဲ့ ကြယ်ပွင့်နှစ်ပွင့်လည်း ဖြစ်ပါတယ်။ ဒီလိုသူငယ်ချင်းနှစ်ဦးအကြားက ဆိုးရွားတဲ့ ဆက်ဆံရေးတွေကို စတင်ဖြစ်ပေါ်လာစေခဲ့တဲ့အကြောင်းအရင်းကတော့ နောက်ခံကပြပေးတဲ့ အကအဖွဲ့တွေနဲ့ ပတ်သက်ပြီး စတင်ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ဒီလို အတိတ်ဆိုးတွေကြောင့် ဂီတနဲ့ပတ်သက်တဲ့အရာတွေနဲ့ ပုဂ္ဂိုလ်ရေးရာအကြောင်းအရာတွေအပေါ် တိုက်ခိုက်နေတဲ့ ကြယ်ပွင့်နှစ်ဦးရဲ့ ဆက်ဆံရေးပုံစံဟာ နှစ်ဦးအကြားမှာ ရှင်သန်နေခဲ့ကာ အချိန်ကာလအားဖြင့် သုံးနှစ်ကျော်လေးနှစ်နီးပါးရှိခဲ့ပြီ ဖြစ်ပါတယ်။


၂၀၁၁ ခုနှစ် အမေရိကန်တေးဂီတဆုပေးပွဲတွင် တေလာဆွစ်နှင့် ကတ်တီပါရီတို့ကို အတူတွေ့ရစဉ်။



ကတ်တီပါရီနဲ့ လတ်တလောမှာ အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်တို့ရဲ့ဇာတ်လမ်းအစဟာ တေလာဆွစ်ရဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်မှာ ပါဝင်ဖျော်ဖြေပေးမယ့် အကအဖွဲ့ဝင်အချို့ဟာ တေလာနဲ့ လိုက်ပါခဲ့ခြင်းမရှိဘဲ ကတ်တီပါရီရဲ့ "Prism"တေးအယ်လ်ဘမ်အတွက် ရည်ရွယ်ပြုလုပ်တဲ့ဖျော်ဖြေပွဲကို လိုက်ပါခဲ့ကြတာကြောင့် တေလာဆွစ်က ကတ်တီပါရီအပေါ် ဒေါသဖြစ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး ကတ်တီပါရီက တေလာရဲ့အကအဖွဲ့က လူအနည်းငယ်ကို ခေါ်ယူခဲ့ကြောင်း ဝန်ခံခဲ့ပြီး အဆိုပါဖြစ်ရပ်အပြီးမှာတော့ တေလာက ကတ်တီပါရီကို လုံးဝအခေါ်အပြော မလုပ်တော့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒ့ါအပြင် ကတ်တီပါရီရဲ့ ပြောကြားချက်အရ တေလာဆွစ်ဟာလည်း သူနဲ့အချိန်တော်ကြာလက်တွဲလာခဲ့တဲ့ မက်ဇ်မာတင်ကိုခေါ်ယူကာ သူ့အတွက်တေးသီချင်းတွေကို ရေးသားပေးစေခဲ့ကြောင်း၊ သို့သော် သူဟာ မျှတသူတစ်ဦးဖြစ်တဲ့အတွက် တေလာဆွစ်ရဲ့အပြုအမူတွေကို လက်တုံ့မပြန်ခဲ့ကြောင်းနဲ့ တေလာက သူ့အတွက်ရည်ရွယ်ရေးသားထားတာဖြစ်ကြောင်း သတင်းတွေထွက်နေတဲ့ "Bad Blood" တေးသီချင်းဟာ ဘယ်သူနဲ့သာကိုက်ညီလည်း ဆိုတာကို ပြန်လည်စဉ်းစားစေလိုကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ကတ်တီပါရီနဲ့ တေလာဆွစ်တို့ရဲ့ဇာတ်လမ်းမှာ ကတ်တီပါရီဘက်က တေလာရဲ့အကြောင်းကို ထုတ်ဖော်ပြောကြားခဲ့တာတွေရှိခဲ့ပေမယ့် တေလာဆွစ်ဘက်ကတော့ တိုက်ရိုက်အမည်တပ်ကာ ပြောကြားတာမျိုးတွေပြုလုပ်ခဲ့ခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။ အင်တာဗျူး တစ်ခုမှာတေလာက သူ့ရဲ့မိတ်ဆွေတစ်ဦးက အကအဖွဲ့ဝင်တချို့ကို ခိုးယူသွားကြောင်းပြောကြားခဲ့ဖူးပေမယ့် ဘယ်သူရယ်လို့တော့ တိုက်ရိုက်ပြောခဲ့တာမရှိပါဘူး။ တေလာဆွစ်ရဲ့ နာမည်ကျော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Bad Blood" ဟာလည်း ကတ်တီပါရီအကြောင်း ရေးသားထားတာဖြစ်တယ်လို့ အများက ဝေဖန်ခဲ့ကြပေမယ့် တေလာကတော့ တစ်စုံတစ်ရာမှတ်ချက်ပြုပေးခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် ကတ်တီပါရီကတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ် "Witness" မှာ ပါဝင်တဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Swish Swish"ဟာ တေလာဆွစ်အကြောင်း ရည်ရွယ်ထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တယ်လို့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။ "Swish Swish"တေးသီချင်းဟာ တစ်စုံတစ်ယောက်က အနိုင်ကျင့်ကာ ပျက်စီးရာပျက်စီးကြောင်း လုပ်ကြံခံရပုံတွေကို ပုံဖော်ထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ လတ်တလောမှာလည်း ကတ်တီပါရီဘက်က ဆက်ဆံရေးပြန်လည်ကောင်းမွန်လိုကြောင်း ပြောကြားခဲ့ပေမယ့် တေလာဆွစ်ဘက်ကတော့ တစ်စုံတစ်ရာတုံ့ပြန်ခဲ့တာမရှိပါဘူး။

ဒါပေမယ့် ကတ်တီပါရီရဲ့ တေးအယ်လ်ဘမ်သစ် "Witness" ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ထုတ်လွှင့်ခဲ့ပြီး ကတ်တီပါရီရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်တဲ့နေ့မှာပဲ တေလာဆွစ်က သူ့ရဲ့တေးသီချင်းတွေကို ထုတ်လွှင့်ခဲ့ခြင်းမရှိတာ သုံးနှစ်ခန့်ကြာခဲ့ပြီဖြစ်တဲ့ မီဒီယာပလက်ဖောင်းအချို့အပေါ်မှာ ပြန်လည်ထုတ်လွှင့်ခဲ့တာကို တွေ့ရပါတယ်။ ဒီလို ပြုလုပ်ခဲ့တာဟာ တေလာဆွစ်အနေနဲ့ ကတ်တီပါရီကို ပညာရှိနည်းနဲ့ တိုက်ခိုက်တာလည်း ဖြစ်နိုင်ပါတယ်။

ဒ့ါအပြင် ကတ်တီပါရီက တေလာဟာ သူ့ရဲ့အမျိုးသမီးပရိသတ်တွေကို အသုံးချကာ သူ့ရဲ့အနုပညာရှင်ဘဝကို အပြီးသတ်အဆုံးသတ်ဖို့ ရည်ရွယ်ချက်ရှိရှိကြံစည်ခဲ့ကြောင်း စွပ်စွဲပြောကြားခဲ့ပါတယ်။ တေလာဆွစ်ဘက်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာမဟုတ်ပေမယ့် ရင်းနှီးတဲ့သူတွေရဲ့ပြောကြားချက်အရ ကတ်တီပါရီဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် နှစ်ဦးအကြားက ဆက်ဆံရေးကို ဇာတ်လမ်းဆင်ကာ အသုံးချနေတာဖြစ်ကြောင်း တေလာဆွစ်က ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့မှာတော့ "ကျွန်မအနေနဲ့ တကယ်ကို မေတ္တာတရားတွေ၊ ခွင့်လွှတ်မှုတွေနဲ့ ပြည့်နေတဲ့နေရာတစ်ခုမှာ ကျွန်မတို့နှစ်ဦး အတူရှိနေချင်တာပါ။ တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေ၊ ကျေနပ်မှုတွေနဲ့ပေါ့" လို့ ကတ်တီပါရီက ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် တေလာဆွစ်ကတော့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာ့ရောင်းအားအကောင်းဆုံး စံချိန်တင်နိုင်ခဲ့တဲ့ "1989" တေးအယ်လ်ဘမ်ထုတ်လွှင့်ပြီးနောက်ပိုင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ခဲ့ခြင်းမရှိဘဲ ပြီးခဲ့တဲ့နှစ်တွေအတွင်း ဂီတလှုပ်ရှားမှုတွေလည်းနည်းခဲ့ကာ လူမှုကွန်ရက်မီဒီယာပေါ်မှာလည်း ယခုနှစ်အတွင်း အလွန်အတွေ့ရနည်းခဲ့တာ ဖြစ်ပါတယ်။ ကတ်တီပါရီရဲ့ ထုတ်ဖော်ပြောကြားချက်တွေကိုလည်း လတ်တလောအချိန်အထိတော့ တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသေးတာကိုလည်း တွေ့ရပါတယ်။ ။

အေးပြည့် – စုစည်းသည်



## အိုင်ယူနဲ့အတူ ပထမဆုံးအကြိမ်တွဲဖက်ဖျော်ဖြေခဲ့တဲ့ G-Dragon

တောင်ကိုရီးယားရဲ့ အမျိုးသားတေးဂီတအဖွဲ့ "BIGBANG"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ G- Dragon ဟာ လတ်တလောမှာတော့ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ကျင်းပခဲ့ပါတယ်။ ယင်းဖျော်ဖြေပွဲမှာ G-Dragon က နာမည်ကျော်တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်တဲ့ အိုင်ယူနဲ့ တွဲဖက်ဖျော်ဖြေခဲ့ပြီး ဒီလိုအိုင်ယူနဲ့အတူ စင်မြင့်ပေါ်မှာ ဖျော်ဖြေခဲ့ခြင်းဟာ G-Dragon အတွက်တော့ ဂီတသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောဖျော်ဖြေခဲ့တဲ့ပွဲမှာ G-Dragon ဟာ အိုင်ယူနဲ့အတူ တွဲဖက်ကာ အိုင်ယူရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်မှာ ပါဝင်နေတဲ့ နာမည်ကျော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Palette" နဲ့ သီဆိုခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။ အိုင်ယူရဲ့တေးအယ်လ်ဘမ်မှာလည်း "Palette"တေးသီချင်းမှာ G-Dragon က ပါဝင်အားဖြည့်သီဆိုပေးထားတာ ဖြစ်ပါတယ်။

တေးအယ်လ်ဘမ်သစ်မှာ ပါဝင်အားဖြည့်သီဆိုပေးတဲ့အတွက် ကျေးဇူးတင်တဲ့အနေနဲ့ အိုင်ယူက လက်ဆောင်ပေးပို့ခဲ့ကြောင်းလည်း G-Dragon က ဖွင့်ဟခဲ့ပါတယ်။ အိုင်ယူပေးပို့ခဲ့တဲ့ လက်ဆောင်ကတော့ ဆိုဂျူ(တောင်ကိုရီးယားအရက်တစ်မျိုး)ပုလင်းတွေအပြည့်ပါဝင်နေတဲ့ ရေခဲသေတ္တာတစ်လုံးဖြစ်တယ်လို့လည်း ပေါ့ပ်ကြယ်ပွင့်က ဆိုပါတယ်။ သူပေးပို့ခဲ့တဲ့ လက်ဆောင်နဲ့ပတ်သက်ပြီး အိုင်ယူက စနောက်ခဲ့ပါသေးတယ်။ ဖျော်ဖြေပွဲပြီးနောက် အိုင်ယူက ဖျော်ဖြေပွဲအတွေ့အကြုံနဲ့ပတ်သက်ပြီး ရေးသားဖော်ပြခဲ့ရာမှာတော့ အရာရာအဆင်ပြေခဲ့ကြောင်း၊ ဒါပေမယ့် စိတ်ပျက်စရာအချို့တော့ရှိခဲ့ကြောင်း ပြီးခဲ့တဲ့ဇွန် ၁၁ ရက်မှာ သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲမှာလည်း အိုင်ယူက G-Dragon ကို သူပေးခဲ့တဲ့ လက်ဆောင်တွေ လတ်တလောအချိန်အထိ ရှိနေသေးပုံရကြောင်းနဲ့ G-Dragon ကို ကြည့်ရတာ အနည်းငယ်မူးဝေဝေဖြစ်နေပုံပေါ်နေကြောင်းလည်း စနောက်ခဲ့တာဖြစ်ပါတယ်။ G-Dragon ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲမှာ ပေါ့ပ်ကြယ်ပွင့်နှစ်ဦးဟာ G-Dragon ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Missing You" ကိုလည်း အတူတွဲဖက်သီဆိုခဲ့ကြကာ လိုက်ဖက်ညီတဲ့ သေးသံရှင်တွေဖြစ်ကြောင်း သက်သေပြခဲ့ကြတယ်လို့လည်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

Fortis

YGN 09 4539 555 01
MDY 09 973 841 217

အသည်း၊ ကျောက်ကပ်၊ သွေးရောဂါရှင်များအတွက် သတင်းကောင်း

အိန္ဒိယနိုင်ငံ Fortis ဆေးရုံကြီးမှ အသည်း (Dr. Vivek Vij)၊ ကျောက်ကပ် (Dr. Rajeev Sood)၊ သွေးရောဂါ (Dr. Rahul Bhargava) တို့၏

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ အခမဲ့အနား

17.6.17 ( Saturday), 2:00 Pm to 5:00 Pm, Taw Win Garden Hotel(တော်ဝင်စင်တာအပေါ်ထပ်၊ ရန်ကုန်မြို့)
18.6.17 ( Sunday), 2:00 Pm ~ 5:00 Pm, Wilson Hotel (အမှတ် ၃၁-E၊ ရန်ကုန် - မန္တလေးလမ်းမ)

အမှတ် (၈၁၀)၊ စိမ်းဂေဟာ (၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (မြဂတီဘဏ်ဘေး)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၄၅၃၉ ၅၅၅ ၀၁၊ ၀၉ ၄၅၃၉ ၅၅၅ ၀၂
အမှတ် (၁၈၇)၊ ၇၅ လမ်း၊ ၃၅ နှင့် ၃၆ လမ်းကြား၊ (ကရဝိက်ကဖေးအနီး)၊ မန္တလေးမြို့။ ဖုန်း ၀၉ ၂၁၇၃၈၆၇၊ ၀၉ ၉ ၇၃၈၄၁၂၁၇

Private International
PIELC Early Learning Centre
PIELC ကိုယ်ပိုင်မူလတန်းကျောင်း

WEEKEND CLASSES

- Cambridge Young Learners English Test
- Starters,Movers,Flyers,KET,PET
- Age 5 to 14 Years
- Saturday & Sunday
- 9:30 am to 12:00 noon

School Bus Available

လိပ်စာ-အမှတ်(၃၂)စီ/၂၊ရွေးဟောင်းသုတေသနလမ်း၊
ဖိုင်ခွဲ၊ပြည်လမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၃၅၃၂၆၊၀၉-၇၃၀၂၇၇၉၂



အာဆီယံသပြေခြံ အမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့ကျောင်းကျေးရွာ၊ ကတ္တရာလမ်းမကြီးဘေး၊ (၁. ၈၃)ဧက၊ သပြေခြံ အမြန်ရောင်းမည်။
ရောင်းဈေး သိန်း(၇၅၀)
ဖုန်း-၀၉-၉၆၇၃၈၅၅၀၈၊ ၀၉-၄၂၀၀၅၂၁၈

ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၆)လမ်းရှိမြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။
(B.C.C၊ မီတာရရှိပြီး)
ဖုန်း။ 09-5002931, 095401011

Eni မှ ကမ်းလွန်ရေနံ လုပ်ကွက်အမှတ် MD-2 နှင့် MD-4 တွင် ဆောင်ရွက်မည့်သုံးဘက်မြင် နယ်မြေအလိုက် ဆိုက်စမစ် တိုင်းတာခြင်းအတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း

Eni Myanmar B.V. (Eni) မှ မြန်မာပြည်၏ ရခိုင်ကမ်းလွန်မုတ္တမပင်လယ်ကွေ့တွင် တည်ရှိသော ကမ်းလွန်လုပ်ကွက်အမှတ် MD-4 တို့တွင် သုံးဘက်မြင်ကမ်းလွန်ရေနံ နယ်မြေအလိုက် ဆိုက်စမစ်တိုင်းတာခြင်းအား ဆောင်ရွက်ရန်စီမံထားရှိပါသည်။ ဆန်းစစ်လေ့လာခြင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ကို Eni Myanmar, Environmental Resources Management (ERM) နှင့် Resource & Environment Myanmar (REM) ကုမ္ပဏီတို့မှ ဆောင်ရွက်ပြီးစီးပြီးနောက် အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) သို့ ၂၀၁၇ခုနှစ်၊ မေလ(၁၆)ရက်နေ့တွင် ပေးပို့တင်ပြထားပါသည်။ ထိုအစီရင်ခံစာကို အများပြည်သူများမှ အောက်ဖော်ပြပါနေရာများတွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

- Eni Myanmar ၆ လွှာ၊ ဆာကူရာတာဝါ၊ (၃၃၉) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။
- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး၊
- တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး၊
- Eni ကုမ္ပဏီ ၏ ဝဘ်ဆိုဒ် ဖြစ်သော https://www.eni.com/en_IT/media/focus-on/eni-myanmar.page.

အကြံပြုချက်များနှင့်သုံးသပ်ချက်များကို info.enimyanmar@eni.com အီးမေးလိပ်စာမှတစ်ဆင့်ဆက်သွယ်ပေးပို့ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

uef&vdkufcef;&mif;rnf(prf;acmif;rdkU,f)

၁။ မင်္ဂလာလမ်း၊ ပေ(၂၅×၅၀)၊ 5-F(၆လွှာ)၊ ကျွန်းပါကေး၊ MBR(1), BR(1), A/C(3)၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းအသစ်၊ Funitureနှင့် ခေတ်လေ့ကားပါ။ **သိန်း(၁၄၅၀)**
၂။ မင်းလမ်း၊ ပေ(၁၅×၅၀)၊ 2-F (၃လွှာ)၊ ပါကေးပြည့်၊ အိပ်ခန်း(၁)၊ သံပန်းဆန်းရှိတ်၊ ဘိုထိုင်၊ ကြွေပြားပြည့်၊ ပြင်ဆင်ပြီးတိုက်ခန်း(သန့်)၊ ဗဟိုလမ်းမနီး။ **သိန်း(၅၄၀)**
**(လူနေရန်၊ ငှားစားရန်)ကောင်း၊ ပွဲစားမလို ဖုန်း-09-5661127, 09-5185350**

ဗုဒ္ဓ ဓမ္မ သံဃ
ရွှေနန်းခံ
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)
Ph: 09-425308777, 09-770639155, 09-261111549

STANDARD
your affordable quality
SG seong gong
Eco laminate floor
New Designs
ဝက်ရုံတိုက်ရိုက် အထူးဈေးနှုန်း



12 mm-၁ ကျင်း
123,000 Ks
(ပစ္စည်းသီးသန့်)
အရည်အသွေးနှင့် ဈေးနှုန်းမျိုးစုံစွာ ရှိပါသည်
➡ အမှတ် B1-012, ဗညားဒလ လမ်းမပေါ်၊ ယုဇန ပလာဇာ အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်
☎ 09 4555 444 30, 09 4555 444 03

ရှင်သန်နိုင်စွမ်းအားပြင်းတဲ့ သစ်ခွရဲ့ ထူးခြားမှုအာနိသင်က ဆံပင်ကို ဘယ်လိုကောင်းစေလဲ ....




?

Bio Gold Orchid
(Silky Hair Coat)
သစ်ခွရဲ့ ထူးခြားတဲ့ ဆဲလ်များကို ရှင်သန်လှုံ့ဆော်ပေးနိုင်စွမ်း အာနိသင်ကြောင့် ပျက်စီးသွားတဲ့ ဆံပင်များကို ပြန်လည်ကောင်းမွန်အောင်ပြုပြင်ပေးနိုင်ခြင်း၊ ဆံပင်ဖြူခြင်းကို ကာကွယ်ပေးနိုင်ခြင်း အစွမ်းထက်မှုလေးတွေပေါ့.....
လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန်
Apple Production Co., Ltd : 09 86 18081, 09 49 316408

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001
နေရာတိုင်းဆောင်ထား
☞ အရောက်ပို့
☞ တပ်ဆင်
☞ ရှင်းပြ
Rain Flower

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၀၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃



5 Year Warranty

မြန်မာ့ရှေ့ဆောင်ဘဏ် ®

ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်




**MAB Savings**
ငွေစုဘဏ်စာရင်း

INTEREST DAILY
နေ့စဉ်အတိုးတွက်

INTEREST %
အတိုးနှုန်း ၈.၅%

INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်

အတိုးတွက်နမူနာပုံစံ (Sample Interest Formula)

| Date | Code | Withdrawal | Deposit | Balance |
|---|---|---|---|---|
| 01.05.2017 | CHD | | 500,000.00 | 500,000.00 |
| 05.05.2017 | CHD | | 500,000.00 | 1,000,000.00 |
| 15.05.2017 | CHW | 700,000.00 | | 300,000.00 |
| 29.05.2017 | CHD | | 1,000,000.00 | 1,300,000.00 |

ယခင်အတိုးတွက်ပုံစံ

(အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး) / (၁၀၀ x ၁၂) = ရရှိမည့်အတိုး

May လအတွက် ခံစားရမည့် အတိုး = ၂,၁၂၅ကျပ်

ယခုအတိုးတွက်ပုံစံ

(နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး) / ၃၆၅ x စုစုပေါင်း ရက် = ရရှိမည့်အတိုး

May လအတွက် ခံစားရမည့် အတိုး = ၄,၆၈၀.၀၀ကျပ်

Hotline: (951) 8610612

Scan QR Code with your Smart Phone to Find MAB Branches

# ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် နုတ်ယူပေးသွင်းရေးနှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှနုတ်ယူ၍ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ အဆိုပါ ပင်ရင်းမှ နုတ်ယူပေးသွင်းငွေနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ်-၂/၂၀၁၇နှင့် အမိန့်ကြော်ငြာစာအမှတ်-၃၇/၂၀၁၇တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါ အမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ ပေါ်ပေါက်လျက်ရှိကြောင်း သိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်-၅၁/၂၀၁၇ကို ၂၂-၅-၂၀၁၇ရက်တွင် ထပ်မံထုတ်ပြန်ထားရှိခဲ့ပြီး ဖြစ်ပါသည်။

၄။ အဆိုပါ အမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုးပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့်အခြေအနေများ၊ အကျိုးသက်ရောက်သည့် ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့ အမိန့်ကြော်ငြာစာအသစ် ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်နှစ်ထပ် မကျသင့်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်း မပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးတို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့ လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းမပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍နုတ်ယူရန် အကြောင်းကြားစာထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန် တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ်(၁၅)သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ် ၅သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း နုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း ထပ်မံအသိပေးအပ်ပါသည်။

၈။ ယင်းအပြင် လယ်ယာထွက်ကုန်သီးနှံများ အရောင်းအဝယ်ပြုလုပ်ရာ၌ တစ်ဦးချင်း ပုဂ္ဂိုလ်များသို့ ပေးချေငွေအပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ၂ရာခိုင်နှုန်းအား နုတ်ယူပေးသွင်းရန် မလိုအပ်ဘဲ အပြည့်အဝ ပေးချေရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကား မျိုးစုံ
Alphard,Hiace ၉/၁၃ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ၊ ကိုယ်တိုင်ရှိသောသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph:09795549249,095418126
09-795546884

ကိုကျော်နိုင်
CAR RENTAL
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အံစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510

Myanmar BREWERY Limited
မှ တည်ထောင်တဲ့ ကရုဏာရေးရှ မြန်မာမှုရဲ့
( ၂၀ ) ကြိမ်မြောက် နယ်လှည့်သွေးလှူပွဲများ စတင်တော့မှာဖြစ်ပါတယ်...



Donate Blood to Save Life

မိတ်ဆွေတို့ရဲ့ အဖိုးတန်သွေးနဲ့ လူ့အသက် ကယ်တင်နိုင်ဖို့အတွက်
ယနေ့ပဲ Myanmar BREWERY Limited နှင့်အတူ
သွေးလှူလိုက်ကြပါစို့
လှူဒါန်းနိုင်မည့် နေ့ရက် ၊ နေရာများနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ

STRATEGY FIRST INSTITUTE



STAMFORD INTERNATIONAL UNIVERSITY
LAUREATE INTERNATIONAL UNIVERSITIES®

SIGNATURE M.B.A



သင်ကြားမည့်ဘာသာရပ်များ
1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship
* Independent Study

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.
No. 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
Starting Date - 16th June 2017
CALL NOW - (09) 450177770, (09) 250 717168
Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

# ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်စန်းစန်းယဉ်(ကျောက်ဆည်)**
**အသက်(၈၅)နှစ်**

ဦးကောင်းမြတ်သိန်း (ဒုညွှန်မှူး၊ တည်ဆောက်ရေး-၉၊ ဆည်/ရေ ဦးစီးဌာန)-ဒေါ်နီနီစိုးတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၁-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၀နာရီတွင် မှော်ဘီ၊ ကိုးလုံးကွင်း၊ ရန်ကုန်-ပြည်လမ်း၊ အမှတ်(၅၂၀/က) နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ဇော် ဒုဝန်ကြီး(ငြိမ်း)နှင့် ဇနီး ဒေါ်နွယ်နွယ်ယုမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီး အောင်ခင်သိန်း(စစ်ဥပဒေချုပ်ရုံး)-ဒေါ်သင်းကြူစိုး(တရားလွှတ်တော်ရှေ့နေ)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်စန်းစန်းယဉ် (ကျောက်ဆည်) (၈၅) နှစ်သည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဒုတိယဗိုလ်မှူးကြီးမြတ်အေး(ငြိမ်း) (၇၈)နှစ်**
**လက်ထောက်စစ်ဥပဒေချုပ်(ငြိမ်း)၊**
**၁၉၅၈ ခုနှစ်-ထီးတန်းကောလိပ်ငယ်သူငယ်ချင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၁၅)နေ ဒေါ်ခင်မိမိကြီး ၏ ခင်ပွန်း၊ ဦးမြတ်ကျော်စွာဦး၏ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး မြတ်အေး(ငြိမ်း)သည် ၈-၆-၂၀၁၇ရက်နေ့ နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြသိန်းနှင့် ဇနီး ဒေါ်ရီရီဝင်း မိသားစု**
**အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး(ငြိမ်း)**

## ဝမ်းနည်းကြေကွဲခြင်း
**ဒုတိယဗိုလ်မှူးကြီးမြတ်အေး(ငြိမ်း) (၇၈)နှစ်**
**လက်ထောက်စစ်ဥပဒေချုပ်(ငြိမ်း)၊**
**၁၉၅၈ ခုနှစ်-ထီးတန်းကောလိပ်ငယ်သူငယ်ချင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၁၅)နေ ဒေါ်ခင်မိမိကြီး ၏ ခင်ပွန်း၊ ဦးမြတ်ကျော်စွာဦး၏ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး မြတ်အေး(ငြိမ်း)သည် ၈-၆-၂၀၁၇ရက်နေ့ နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၅၈ ခုနှစ်၊ ထီးတန်းကောလိပ် ငယ်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ပထဝီဝင်အသင်း (GAM)၊ ရာသက်ပန်အသင်းဝင် (အသင်းဝင် အမှတ်-GAM-0527) ဒေါ်လဲ့လဲ့ဟန် (ကထိက၊ ပထဝီဝင်ဌာန၊ မိတ္ထီလာ တက္ကသိုလ်) အသက် (၅၁)နှစ်သည် ၆-၆-၂၀၁၇ (အင်္ဂါနေ့) ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**မြန်မာ့ပထဝီဝင်အသင်း(GAM)မန္တလေးရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီး ချမ်းမြေ့ကိုကို**
**ကြည်း ၄၇၂၂၇၊ DSA-(49)**
**အသက် (၃၁)နှစ်**

လာချိန်ရှိသလို ပြန်ချိန်ရှိတယ်ဆိုပေမယ့် ၉-၆-၂၀၁၇ ရက်နေ့မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း အစောကြီးထွက်ခွာသွားတဲ့ သူငယ်ချင်းကို နှမြောစွာနဲ့ ငါတို့ရင်ထဲက အမြဲတမ်းအမှတ်ရနေမှာပါ။ သူငယ်ချင်း ဗိုလ်ကြီးချမ်းမြေ့ကိုကို ကောင်းရာသုဂတိလားပါစေကွာ။

**စစ်တက္ကသိုလ် အမှတ်စဉ်(၄၉) ဗိုလ်လောင်းသင်တန်း**
**ကျောင်းဆင်းအရာရှိများနှင့်မိသားစုဝင်များ**

## ဦးကိုကိုလေး(A.G.T.I)(MP)
**မန္တလေး**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**မော်တော်ယာဉ်မှူး(ငြိမ်း)**
**အသက်(၅၁)နှစ်**

တံတားမြို့၊ ကျုံးကြီးရပ်ကွက်၊ (၄)လမ်းနေ၊ ဦးသိန်းမောင်-ဒေါ်ညွန့်စိန်တို့၏သား၊ တံတားမြို့၊ ဘီခိုကဘင်ကြီးကျေးရွာ၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဦးဥတ္တရ၏ညီ၊ ရန်ကုန်မြို့နေ ဦးတင်ထွေး-ဒေါ်သီသီသိန်း (ကျောင်းအုပ်၊ အမက-၁၂၊ တာမွေ)၊ ဦးစိုးငြိမ်း-ဒေါ်ချိုချိုလွင်၊ ရန်ကုန်မြို့နေ ဦးစိုးသန်း-ဒေါ်ထားထားလွင် (ကျောင်းအုပ်၊ အမက-၉၊ ရန်ကင်း)၊ တံတားမြို့နေ ဒေါ်ခင်သန်းဦးတို့၏မောင်၊ အင်းစိန်မြို့နယ်နေ ဦးမြင့်စိုး-ဒေါ်ခင်လေးလွင် (ထုတ်လုပ်ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၂)ရပ်ကွက်၊ စံပြ (၃)လမ်း၊ အမှတ် (၂၅၂)နေ ဒေါ်ခင်မာချို (မော်တော်ယာဉ်မှူး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဟိန်းဝေယံထက်၊ မဆုစန္ဒီထက်(အထက-၄၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောဖခင်သည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃- ၆-၂၀၁၇(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ကျောင်း၊တန်ဆောင်း၊ ဆွမ်းစားဆောင်၊လမ်း၊ရဟန်းအမကြီး
**ဒေါ်တင်ပု (၈၆)နှစ်**
**(ခတ္တိယ-ရှာမ)**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ခတ္တိယရွာမနေ ကျောင်းထိုင်ဆရာတော်ဦးစန္ဒိမာ၊ ဦးပညာသာမိ၊ ဦးဇောတိကတို့၏ ရဟန်းမယ်တော်ကြီး၊ ညောင်တုန်းမြို့နယ်၊ ခတ္တိယရွာမနေ ဦးမောင်ရှိန်-ဒေါ်နှင်းရင်တို့၏ သမီး၊ ဦးမြသောင်း-(ဒေါ်လှမှင်)တို့၏ ညီမ၊ ရန်ကုန်မြို့နေ (ဦးသန်းငွေ)-ဒေါ်တင်နု၊ ဦးကြည်အေး-ဒေါ်ညွန့်တို့၏ အစ်မ၊ တွံတေးမြို့နယ်၊ ကသပေါင်နေ ဦးထွန်းမြင့်-မထွေးရီ၊ ကိုစောနိုင်-မစိန်နွယ်၊ ရန်ကုန်မြို့၊ ကမာရွတ်၊ ဘူတာရုံလမ်းနေ ကိုအောင်မြင့်-မနီလာ(နီလာ ဆန်ရောင်းဝယ်ရေး)၊ မတင်ထွေးလှိုင်တို့၏ မွေးသမိခင်၊ ကိုမင်းသူရိန်ဝင်း-မချစ်စနိုး၊ မချစ်မြတ်နိုးတို့၏အဘွား၊ ခတ္တိယရွာနေ (ဦးဘသောင်)၏ဇနီးသည် ၁၂-၆-၂၀၁၇ (တနင်္လာနေ့)တွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ (ကမာရွတ်၊ ဘူတာရုံလမ်း၊ ဦးအောင်မြင့်-ဒေါ်နီလာတို့ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ခြံအမှတ် (၉၀)၊ ကမာရွတ်၊ ဘူတာရုံလမ်း၊ ဦးအောင်မြင့်-ဒေါ်နီလာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လှရီ (မုဒုံ)
**လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ(ငြိမ်း)**
**အသက် (၇၆)နှစ်**

ရန်ကုန်မြို့နေ [ဗိုလ်ထိန်လင်း (ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်၊ ငြိမ်း)]၏ဇနီး၊ ဦးဇာနည်လင်း-ဒေါ်နှင်းသိင်္ဂီကျော်၊ ဦးမင်းသိမ်းစံ-ဒေါ်ရတနာလင်းတို့၏မိခင်၊ Jerry(ခ)မောင်ဂုဏ်ရောင်လင်း၏အဘွား ဒေါ်လှရီသည် ၁၀-၆-၂၀၁၇ (စနေနေ့) ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)ရုံးဝင်း၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှအောင် (၇၃)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် (၃၁/၆၄)နေ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစည်သူအောင်-ဒေါ်ခိုင်ထွန်းအေး၊ ဗိုလ်မှူးမျိုးသူရ-ဒေါ်စုစုအေးတို့၏ချစ်လှစွာသောဖခင်၊ မောင်ဇင်ဘုန်းမြတ်၊ မောင်ပြည့်ဘုန်းခန့်၊ မောင်ခန့်ထက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅း၃၀နာရီတွင် ကျူချောင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၇(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဝင်းတင် (၇၁)နှစ်
**အထက(၁) အလုံ(ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (ကျွန်း/မြောက်ရပ်ကွက်)မကြီးကြီးလမ်း၊ အမှတ်(၃၉)၊ သုံးလွှာနေ (ဦးတူး-ဒေါ်ငြိမ်းမေ)တို့၏သား၊ ဦးလှတင်-ဒေါ်နုယဉ်၊ (ဒေါ်ရင်ရွှေ)၊(ဦးညွန့်မောင်)-ဒေါ်ရင်စန်းတို့၏မောင်၊ဦးနိုင်ဝင်းသန့်-ဒေါ်စပါယ်၊ ဦးဝင်းထွေး-ဒေါ်သင်းသင်းထိုက်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်ခင်ဆွေ၏ခင်ပွန်းသည် ၁၂-၆-၂၀၁၇(တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**အော်ရှောက်မီး(ခ)ဒေါ်လှလှဝင်း(ပုသိမ်) (၆၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီးပုသိမ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၉)နေ (ဦးအောင်ဝေ-ဒေါ်ရင်)တို့၏သမီး၊ ဦးဝင်းမောင်၏ ဇနီး၊ ကိုတင့်လွင်ဦး(ခ) အာကာဦး၊ Dr.ထက်ဖြိုးလွင်-Dr.နှင်းယုစန္ဒာတို့၏မိခင်၊ မမေမြတ်မော်၏အဘွား အော်ရှောက်မီး(ခ)ဒေါ်လှလှဝင်းသည် ၁၀-၆-၂၀၁၇ ရက် နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကြက်မောက်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မြင့်မြင့်ကြည် အသက်(၆၀)**
**အထက(၄)တောင်ကြီး(အလပြ-ငြိမ်း)**
**အလက(၂)ဗိုလ်တထောင် သံလျက်စွန်း၊ ရန်ကုန်**

မန္တလေးမြို့နေ (ဦးအုန်းမောင်-ဒေါ်စန်း)တို့၏သမီး၊ ဟဲဟိုးမြို့နေ ဦးသန်းမောင်-(ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မြေနီကုန်း၊ သုခလမ်း၊ အမှတ် (၂၄)၊ ပထမထပ်နေ ဦးတင်ထွန်း၏ဇနီး၊ မောင်မိုးမြင့်ထွန်း၊ မောင်ဟန်ထွန်းမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြင့်မြင့်ကြည်သည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဒုရဲမှူး ဝင်းမြင့်ထူး (ပေါင်းတည်) (၄၄)နှစ်**
**ရဲ-၅၃၉၂၊ အပတ်စဉ်(၃၆)**

ပေါင်းတည်မြို့၊ (၁၈)လမ်း၊ နွယ်ချို(၁)ရပ်ကွက်နေ (ဦးဝမ်းရွှေ-ဒေါ်အေးမြင့်)တို့၏သား၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၀)၊ မြေညီထပ်နေ ဒေါ်ဇင်မေစိုး၏ခင်ပွန်း၊ မသင်းရတနာအေး (ဆဋ္ဌမတန်း-က၊ အထက-၅၊ ဗိုလ်တထောင်)၏ ချစ်ဖေဖေ ဒုရဲမှူးဝင်းမြင့်ထူးသည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်မြင့် (၅၇)နှစ်
**စနေဥယျာဉ်စားသောက်ဆိုင်**
**ရွှေတိဂုံမြောက်ဘက်မုခ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၁၁၆)၊ ခြောက်လွှာနေ (ဦးဘခင်-ဒေါ်မြတင်)တို့၏သား၊ ဒေါ်တင်တင်မြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ရဲနောင်လတ်၊ မနှင်းပွင့်ဖြူတို့၏ကျေးဇူးရှင်ဖခင်၊ ဦးကြီးမြင့်-ဒေါ်သန်းအေး၊ ဒေါ်ထွေးကြည်၊ ဦးအောင်သိန်း-ဒေါ်ပြုံး၊ ဦးခင်သိန်း-ဒေါ်ထွေးရီ၊ ဒေါ်ထွေးစိန်တို့၏ မောင်၊ ဦးမြင့်သိန်း-ဒေါ်တင်တင်အုန်း၊ ဒေါ်ခင်မြမွန်တို့၏ချစ်လှစွာသောအစ်ကိုသည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈း၄၅ နာရီတွင် ဦးနှောက်နှင့်အာရုံကြော ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်ရှေ့မှ မွန်းလွဲ ၁ နာရီတွင် ထွက်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်(ခ)ဘူးသီး
**မြန်မာ့မီးရထား(လက်ထောက်တွဲအုပ်)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လိုင်း(၁၂)၊ အခန်း(E)၊ မင်္ဂလာတောင်ညွန့် မီးရထားဝင်းနေ (ဦးပု-ဒေါ်ငွေလှိုင်)တို့၏သား၊ (ဦးလှမောင်)-ဒေါ်စန်းခင်၊ (ဒေါ်တင်အေး)၊ (ဒေါ်ရန်)၊ ဦးလှသောင်း(ကပရ-ငြိမ်း)-ဒေါ်ခင်မာကြည် (လယ်စိုက်ရှင်း-ငြိမ်း)၊ ဦးလှထွန်း(မြန်မာ့မီးရထား)-ဒေါ်မြညွန့် (တိ-ဥယျာဉ်-ငြိမ်း)တို့၏ ညီ/မောင်၊ တူ/တူမ ၁၇ယောက်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အာနိစ္စ

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးပေါ်ထင် (Jimmy)
**အသက် (၉၅)နှစ်**

(ဦးဘထင်-ဒေါ်ဒေါ်ငြိမ်း)တို့၏သား၊ ဒေါက်တာမြင့်မြင့်ကြည် (MONA MYA)၏ ခင်ပွန်း၊ ဒေါ်တင်မြထင်-Jim Pelkey၊ ဒေါက်တာကျော်ထင်-Michelle Le၊ ဦးဝင်းထင်-NATSU UEDA၊ ဒေါက်တာလှကြည်ထင်-JOHN WILKINSONတို့၏ဖခင် ဦးပေါ်ထင်(JIMMY)သည် ၉-၆-၂၀၁၇ (သောကြာနေ့) နံနက် ၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၆-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးလှရွှေ (၈၄)နှစ်
**ကုန်းလမ်းပို့ဆောင်ရေး(အငြိမ်းစား)**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ကြခတ်ကုန်းကျေးရွာနေ (ဦးထွန်းမြို့-ဒေါ်ညွန့်မေ)တို့၏သား၊ (ဦးလူလေး-ဒေါ်ဖော့)တို့၏ သားသမက်၊ ဦးတင်ဝင်း၊ (ဦးအေးဝင်း)-ဒေါ်ထူး၊ ဦးနိုး-ဒေါ်သေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်းမ၊ အမှတ်(၆)နေ ဒေါ်သန်းတင်၏ခင်ပွန်း၊ (ကိုကျော်ဆန်း)-မကြည်ကြည်မြင့်၊ ကိုဝင်းတင်-မအေးအေးသန်း၊ ကိုညဏ်လွင်-မမိုးမိုး၊ ကိုဝင်းထွဋ်အေး-မလှလှသန်း၊ ကိုရန်နိုင်ထွန်း-မသင်းသင်းရီ၊ မမြင့်မြင့်ရီ (ထ-၄၊ သာကေတ)၊ မောင်လင်းထင်-မမေသန္တာစိုးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၇(အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အေးမြိုင် (၇၇)နှစ်
**ပန်းတနော်မြို့နယ်၊**
**ဇရပ်လှကြီးကျေးရွာ**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဇရပ်လှကြီးကျေးရွာနေ [ဦးမောင်စိန်(ခ)ဦးကတုံး-ဒေါ်အေးစိန်] တို့၏သမီး၊ ဒေးဒရဲမြို့နယ်၊ အဝပြန်ကျေးရွာနေ (ဦးမှိန်ကြီး-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ဒေါ်သန်းသန်းငွေ (မြို့ပြနှင့် အိမ်ရာ)၊ ဒေါ်ဥမ္မာခိုင် (YESC)တို့၏အစ်မ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၁၉/ ၁၁၄၇)နေ ဦးဝင်းမြင့်-ဒေါ်သန်းသန်းတင့်၊ ဦးအောင်နိုင်-ဒေါ်ခင်မျိုးအေး၊ ဒေါ်နိုင်နိုင်အေး(YESC)၊ ဦးခင်မောင်သန်း-ဒေါ်ရီရီမြင့်၊ ဦးညီညီထွန်း-ဒေါ်သီတာဝင်း (ရေအရင်းအမြစ်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွား၊ (ဦးအုန်းလှိုင်)၏ ချစ်လှစွာသောဇနီး ဒေါ်အေးမြိုင်သည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ရွှေ (၆၇)နှစ်
**(မန်နေဂျာ၊ စက်မှုစားကုန်-ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်ပျို(၁)လမ်း၊ အမှတ်(၁၁၇၇)နေ (ဦးကျော်မြင့်-ဒေါ်သန်းသန်း)တို့၏သား၊ (ဦးအုန်းခင်)-ဒေါ်ခင်ညွန့်တို့၏သားသမက်၊ ဒေါ်စန်းစန်းတင့်(ကမ္ဘောဇ Group)၏ခင်ပွန်း၊ မနီနီခင် (INTEGRATED SHIPPING Co., Ltd.)၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၂-၆-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**အသျှင်ဝါသဝ**
**သိက္ခာတော် (၅၉)ဝါ၊ သက်တော် (၈၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်တိုက်၊ ပညာလင်္ကာရကျောင်း၌ သီတင်းသုံးနေထိုင်တော်မူခဲ့သော ရခိုင်ဝေါဟာရ အဘိဓာန်ကျမ်းပြုသုတေသီ၊ နတ်မြစ်-အသျှင်ဝါသဝသည် (၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်) ၁၂-၆-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၄-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျူချောင်သုသာန်(ရွှေပြည်သာ)၌ အန္တိမအဂ္ဂိစျာပနပွဲသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ရွှေဘုန်းပွင့်တိုက် ပညာလင်္ကာရကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီနှင့် ရွှေပြည်သာမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၄၄၈/ခ)နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတပည့် ဒါယကာ၊ ဒါယိကာမများ

## ဦးမြင့်ဝေ(အင်ဂျင်နီယာ-ထားဝယ်) (၉၁)နှစ်
**မြန်မာ့လျှပ်စစ်ဓာတ်အား(ESP)**

ထားဝယ်မြို့နေ (ဦးကင်ကြူး-ဒေါ်ခင်ရွှေ)တို့၏သားငယ်၊ မော်လမြိုင်မြို့နေ (ဦးဘိုးတို-ဒေါ်ကြွေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ ခပေါင်းအိမ်ရာ၊ တိုက်(၅)၊ အခန်း(၁၀၁)နေ (ဒေါက်တာဒေါ်သန်းခင်)၏ ခင်ပွန်း၊ ဒေါ်စန်းစန်းမြင့်ဝေ (တရားလွှတ်တော်ရှေ့နေ၊ Yulchon Myanmar Ltd)တို့၏ဖခင်သည် ၁၂-၆-၂၀၁၇ ရက် နံနက် ၄း၅၀နာရီတွင် SSC အထူးကုဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ရီ
**အသက် (၉၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၀၀၆)နေ (ဦးညွန့်)၏ဇနီး၊ ဦးမြင့်ဦး (RTC)-ဒေါ်တင်တင်မော်၊ ဦးမြင့်ဌေး-ဒေါ်ရင်ရင်သန်း၊ ဦးခင်မောင်လေး-ဒေါ်စန်းစန်းမြင့်၊ ဦးမြင့်အေး (ဆသရ)၊ ဦးဝင်းထွဋ်-ဒေါ်နီနီမြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၆-၂၀၁၇ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်ထားရင်(ခ)ဒေါ်ထားယဉ် (၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၅/စီ)၊ ဦးဖိုးစိန်လမ်းနေ (ဦးစန်းမောင်-ဒေါ်အုန်းကြည်)တို့၏သမီးကြီး၊ (ဦးဘိုရင်-ဒေါ်စိန်ညွန့်)တို့၏ သမီးချွေးမ၊ (ဗိုလ်မှူးကြီးသိန်းငွေ-ငြိမ်း)၏ဇနီး၊ ဦးကျော်ဇေယျသိန်း-ဒေါ်သိန်းသိန်းဝင်း၊ ဦးရန်မျိုးအောင်သိန်း-ဒေါ်ခင်မြမြ၊ ဦးဟန်ထွန်းသိန်း-ဒေါ်ဖြူဖြူတင်စိန်၊ ဦးနေထွန်းသိန်း၊ (ဗိုလ်မှူးရန်နောင်သိန်း-ငြိမ်း)-ဒုဗိုလ်မှူးကြီးဝင်းလင်းချို၊ ဗိုလ်မှူးအောင်ဇေယျသိန်း-ဒေါက်တာသီတာမြင့်၊ ဦးတေဇာလင်းရွှေ-ဒေါ်သီတာသိန်း၊ ဗိုလ်ကြီးသိန်းသန်းတု(ငြိမ်း)-(ဒေါက်တာသန္တာသိန်း)၊ ဦးဝင့်နန္ဒပိုသိန်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး၊ ဒေါ်ထားရင်(ခ)ဒေါ်ထားယဉ်သည် ၁၁-၆-၂၀၁၇ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ကုဋိ ဒါယိကာမကြီး
**ဒေါ်လှလှသန်း (၈၅)နှစ်**

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ကွမ်သဲရွာနေ (ဦးငွေဒင်-ဒေါ်အမာ)တို့၏ သမီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့အနိုပ်တော်ရပ်ကွက်၊ မဟာမြိုင်သစ္စာခြံနေ ဦးနေဝင်း-ဒေါ်သက်သက်နွယ်၊ ဦးဝင်းမော်-ဒေါ်ချိုချိုစိန်၊ (ဒေါ်အေးမိငယ်)၊ ဦးမောင်မောင်-ဒေါ်စိုးစိုးဟိန်၊ ဒေါ်တိုးတိုးဟိန်၊ ဒေါ်နီနီလွင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မသီရိဝင်းမော်၊ ဒေါက်တာသက်ဆွေ၊ မောင်စည်သူဝင်းမော်တို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ (ဦးဆန်းဟိန်)၏ချစ်လှစွာသောဇနီးသည် ၁၂-၆-၂၀၁၇(တနင်္လာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကိုကိုကြီး (၈၂)နှစ်
**ဆင်မြီးဆွဲ-ပြည်**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**

ပြည်မြို့၊ အမှတ်(၁၇၄)၊ ဘုရားနီလမ်း၊ ဆင်စုရပ်နေ (ဒေါ်ခင်ခင်အေး)၏ ခင်ပွန်း၊ ဒေါ်ဝင်းဝင်းမြ၊ ဦးအောင်အောင်ကျော်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးသက်နိုင်ဇော်-ဒေါ်ဇင်လဲ့ဝင်းခိုင်၊ ဗိုလ်မှူးကြီးကျော်ကျော်မင်း-ဒေါ်ထွေးထွေးလှတို့၏ မွေးသဖခင်၊ မနဒီဝင့်အောင်၊ မမေမြတ်နိုး၊ မောင်အောင်ထက်ဦး၊ မောင်ဥက္ကာဗိုလ်တို့၏အဘိုးသည် ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၇ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးပါမည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်များနှင့်ဓမ္မရောင်ခြည်
**အဖွဲ့ခွဲပေါင်း(၁၉)ခု၏မတည်အလှူ့ဒါယိကာမကြီး**
**ဒေါ်ငွေငွေ(မြင်းခြံ) (၇၄)နှစ်**
**အလုပ်ရုံမှူး-ဘဏ္ဍာရေး(ငြိမ်း)၊ အထည်စက်ရုံ(၁၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ ခြံအမှတ်(၉၃/၉-A)နေ (ဦးချိန်စွမ်-ဒေါ်သန်း)တို့၏သမီး၊ (ဦးလော်စွမ်း-ဒေါ်မဟန်)တို့၏သမီးချွေးမ၊ ဦးဖေသက်၏ ချစ်လှစွာသောဇနီး၊ ဦးထင်ကျော် (C/E-MYANMAR AURORA CO.,LTD)-(ဒေါ်ခိုင်ဆွေဝင်း)၊ ဦးလှမြင့်-ဒေါ်ယုယုသွင်၊ Dr.ဒေါ်စုစုခင် (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ စစ်ကိုင်းတက္ကသိုလ်)၊ ဗိုလ်မှူးအောင်ကျော်စိုး(ငြိမ်း) (ဒု-ညွှန်မှူး၊ နယ်စပ်/စည်ပင်-ငြိမ်း)-ဒေါ်အိအိဇင် (M.D, ETERNAL GEMS CO., LTD)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကျော်ဇင်သန့်၊ မအေးချမ်းမြေ့ (FINAL PART II,UM 1)၊ မောင်သီဟကျော်-မဖူးသစ်ဝေ၊ မချမ်းမြေ့မြတ်နိုး(ILBC)တို့၏ချစ်လှစွာသောအဘွား ဒေါ်ငွေငွေသည် ၁၂-၆-၂၀၁၇ (တနင်္လာနေ့) နံနက် ၁း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# မောင်းမကန်-မရင်းကြီးကမ်းခြေတစ်လျှောက် ရှာဖွေကယ်ဆယ်ရေး ဆက်လက်လုပ်ဆောင်လျက်ရှိ

## ယနေ့အထိ ရုပ်အလောင်း ၈၃ လောင်း ရှာဖွေတွေ့ရှိ

**နေပြည်တော် ဇွန် ၁၂**

တပ်မတော် Y-8 လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ယနေ့နံနက်ပိုင်းတွင် ပင်လယ်ပြင်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ခဲ့ရာ နံနက်ပိုင်းတွင် ရုပ်အလောင်း ၁၇ လောင်းနှင့် ညနေပိုင်းတွင် ရုပ်အလောင်း ခုနစ်လောင်း စုစုပေါင်းရုပ်အလောင်း ၂၄ လောင်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ စုစုပေါင်း ရုပ်အလောင်း ၈၃ လောင်းအား ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပျက်ကျလေယာဉ်ကိုလည်း ဆိုနာစနစ်တပ်ဆင်ထားသည့် တပ်မတော် (ရေ)မှ စစ်ရေယာဉ်များဖြင့် နေရာဖြန့်ခွဲရှာဖွေခြင်းများနှင့် ကျွမ်းကျင်ရေငုပ် စစ်သည်များဖြင့် ရေငုပ်ရှာဖွေခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ယနေ့တွင် မောင်းမကန်-မရင်းကြီး ကမ်းခြေတစ်လျှောက် ဖြန့်ခွဲနေရာချထားပြီး ရှာဖွရေးလုပ်ဆောင်နေသည့် မြေပြင်တပ်များနှင့် ဒေသခံပြည်သူများက အမျိုးသားရုပ်အလောင်းကိုးလောင်း၊ အမျိုးသမီးရုပ်အလောင်း လေးလောင်း၊ ကလေးရုပ်အလောင်း နှစ်လောင်းနှင့် ကျား/မ မခွဲခြားနိုင်သည့် ရုပ်အလောင်း သုံးလောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်နေသည့် တပ်မတော်စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများက အမျိုးသားရုပ်အလောင်း သုံးလောင်း၊ အမျိုးသမီးရုပ်အလောင်း တစ်လောင်း၊ ကလေးရုပ်အလောင်းတစ်လောင်းနှင့် ကျား/မ မခွဲခြားနိုင်သည့် ရုပ်အလောင်းတစ်လောင်း ရှာဖွေတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ရုပ်အလောင်း ၂၄ လောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

စုစုပေါင်း ရှာဖွေတွေ့ရှိခဲ့သည့် ရုပ်အလောင်း ၈၃ လောင်းမှာ အမျိုးသား ရုပ်အလောင်း ၃၈ လောင်း၊ အမျိုးသမီးရုပ်အလောင်း ၂၈ လောင်း၊ ကလေးရုပ်အလောင်း ၁၅ လောင်းနှင့် ကျား/မ မခွဲခြားနိုင်သည့် ရုပ်အလောင်း နှစ်လောင်းတို့ဖြစ်ကြသည်။

ယနေ့အထိ ပင်လယ်ပြင်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့သည့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။




ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသည့် ရာဇာအောင်။

# ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများ World Amateur Golf Ranking တွင် ထည့်သွင်းပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၂**

R & A နှင့် USGA တို့မှ ဦးစီးသတ်မှတ်ပေးသည့် ဝါသနာရှင်အားကစားသမားများအတွက် World Amateur Golf Ranking သတ်မှတ်ပေးသည့်စာရင်းတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဦးစီးကျင်းပသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို ထည့်သွင်းတွက်ချက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် World Ranking Point ရှိသူများ တိုးပွားလာပြီး ၎င်းဦးရေများပြားလာသည့် အချိုးဖြင့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများအတွက် ဖိတ်ကြားခံရသည့် အားကစားသမားဦးရေထပ်တိုးရရှိနိုင်ခြင်း၊ အချို့သော ပြိုင်ပွဲကြီးများသည် အဆိုပါ Ranking Point ရှိသူများကိုသာ သီးခြားဖိတ်ကြားခြင်းဖြစ်၍ မြန်မာလူငယ်ကစားသမားများအတွက် အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို Mottama Holdings Co.,Ltd.၊ Myanmar Zwe Mann Co.,Ltd.၊ MWD Bank၊ Phyo Si Thu၊ Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar)၊ KBZ Bank နှင့် Innwa Bank တို့က အဓိကကူညီပံ့ပိုးပေးထားကြောင်း သတင်းရရှိသည်။ မြန်မပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများအဖြစ် ယခုနှစ်တွင် နှစ်ကြိမ်ကျင်းပပြီးစီးထားပြီး တတိယအကြိမ်ပြိုင်ပွဲကို ပဲခူးမြို့တွင် ဇွန် ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

# မကာအိုနှင့်မြန်မာ

## အာရှဖလားခြေစစ်ပွဲ ယနေ့ကျင်းပမည်

**နေပြည်တော် ဇွန် ၁၂** - ၂၀၁၉ အာရှဖလား ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယပွဲအဖြစ် ဇွန် ၁၃ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မကာအို၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာရှဖလားပြိုင်ပွဲတွင် ၁၉၆၈ ခုနှစ်၌ ဒုတိယရရှိဖူးသည့် မြန်မာအသင်းသည် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် လက်ကျန်ပွဲတိုင်းက အရေးပါလျက်ရှိသည်။

တတိယအဆင့် ခြေစစ်ပွဲကိုလေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအိုတို့နှင့် ကျရောက်နေသည်။ မြန်မာနှင့် မကာအိုအသင်းတို့သည် အဖွင့်ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့သည့် မြန်မာအသင်းအတွက် ပိုပြီးနစ်နာလှသည်။ ထို့ကြောင့် ယနေ့ယှဉ်ပြိုင်ရမည့်ပွဲမှာ

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် ရန်အောင်ကျော်။



